

# မိုးစက်ပိုင်

သံယောဇဉ်နေ့စဉ်

မိုးကြိုင်

# သံယောဇဉ်နေ့စဉ်

# မိုးစက်ဝိုင်

# သံယောဇဉ်နေ့စဉ်


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း။ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း။ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုပေါက်
မျက်နှာဖုံးဖလင်နှင့်
ကာလာခွဲ - စိန်နဂါး
စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၂၊ ဇွန်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
၁၈၂(B)၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃
မိုးစက်ဝိုင်
သံယောဇဉ်နေ့စဉ် / မိုးစက်ဝိုင် ။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၂ ။
၁၅၇ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) သံယောဇဉ်နေ့စဉ်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

တစ်နေ့ ...

ထို "သံယောဇဉ်နှောင်ကြိုး" စာစောင်၌

ထူးဆန်းသည့် ကြော်ငြာလေးတစ်ခု

ပါဝင်လာသောအခါ ...

ထိုသို့

သတင်းစာဆန်ဆန်စာစောင်ထဲတွင်

တစ်နေ့တာ ကျောင်းတွင်းအဖြစ်အပျက်များ၊

ပျော်စရာ ကြော်ငြာကဏ္ဍများ၊

ကျောင်းသားကျောင်းသူတို့၏

ချစ်မှုရေးရာ အဖြစ်အပျက်များ၊

ဟာသသရော်စာများ

စသဖြင့် စုံလင်စွာ ပါရှိပါသည်။

တစ်ခါက ...

တက္ကသိုလ်တစ်ခုတွင် ...

အမည်မသိ ကျောင်းသားတစ်စုမှ

စီစဉ်ထုတ်ဝေသော "သံယောဇဉ်နေ့စဉ်"

ဆိုသည့် ကျောင်းတွင်းနေ့စဉ်ထုတ်

စာစောင်တစ်ခု ပေါ်ပေါက်ခဲ့ဖူးပါသည်။

## အခန်း (၁)

မနက် မစောလွန်း၊ နေလည်း မမြင့်လွန်းသေးသော ကြားကာလ အချိန်တစ်ခုမှာဖြစ်သည်။ အနီးစပ်ဆုံးပြောရလျှင် ဒေသစံတော်ချိန် ကိုးနာရီဝန်းကျင်ခန့် ...။ ကျောင်းဝင်းအတွင်း၌လည်း ကျောင်းသူကျောင်းသားများ ကျဲပါးသေးသောအချိန်။

ထိုအချိန် ကျောင်းကင်တင်းတစ်ခုထဲမှာတော့ ကျောင်းသားတစ်စု ရှိနေကြသည်။ တိတိကျကျ ထပ်ပြောရလျှင် အဖိုသတ္တဝါတွေချည်း သုံးယောက်။

ထိုအထဲမှနှစ်ယောက်သည် မှာထားသောလက်ဖက်ရည်ကိုပင် မတို့မထိနိုင်ဘဲ ကင်တင်းအပြင်ဘက်သို့သာ လည်ပင်းတွေရှည်လျက် ကျီးကန်းတောင်းမျှော် ကြည့်နေကြသည်။

အနီးစပ်ဆုံး ထင်ကြေးပေးရလျှင် တစ်စုံတစ်ခုအား အာသာငမ်းငမ်း မျှော်လင့်နေကြသလိုမျိုး။

ကျန်တစ်ယောက်ကတော့ တည်ငြိမ်အေးဆေးသောအသွင်ဖြင့် ႏွား နို့တစ်ခွက်ကို အရသာခံ ဖိမ်ဆွဲသောက်သုံးရင်း အကြောင်းအရာတစ်ခုအား တွေးနေပုံရ၏။

ကျန်နှစ်ယောက်နှင့်တော့ ဆန့်ကျင်ဘက်ဟုပင် ဆိုနိုင်သည်။

သိပ်မကြာလိုက်။ ဆူဝေလှုပ်ခတ်နေသည့် တစ်ယောက်ထံမှ စကား သံ စထွက်လာသည်။ စိတ်မရှည်နိုင်တော့သည့်လေသံမျိုး ဖြစ်၏။

"တောက် ... ဒီကောင်ချက်ကြီးကွာ၊ ဘယ်ကိုများ သဝေထိုးနေလို့ ခုထိ ရောက်မလာသေးတာလဲ မသိဘူး"

ထိုသို့ ချက်ကြီး (ခေါ်) တင်အုံးအား နာမည်တပ်၍ 'တ' လိုက် သူက တခြားမဟုတ်။ နိုင်ကြီးဟု အမည်ပေါက်သူ ဖြစ်သည်။ သူ့လိုပင် စောင့်မျှော်နေသူ အောင်ဌေးကလည်း စိတ်မရှည်စွာ ...

"အေးကွာ ... ဒီကောင်ချက်ကြီး လမ်းမှာများ ချက်ထွီးဖြစ်နေ လား မသိဘူး"

"ဘာ ... ဘယ်လို ဘယ်လို"

နိုင်ကြီး၏ အူတူတူပြန်အမေးကို အောင်ဌေးက ဒါလေးတောင် မသိဘူးလားဆိုသည့်ပုံစံမျိုးနှင့် ...

"ဪ မင်းကလည်း ... ချက်ကြီး လမ်းမှာ ချိုးထွက် အဲ ... အိမ်သာများ ဝင်တက်နေလားမသိဘူးလို့ ပြောတာ"

"ဟ ... မင်းက ရှင်းရှင်းမှ မပြောတာကိုး"

"မင်းကိုယ်တိုင်က ဒုံးဝေးတာပါ နိုင်ကြီးရာ"

"ဘာတွ"

နှစ်ကောင်းသား ခွေးနှင့်ကြောင်လို ရန်စောင်သွားကြသည်။ မနေ

သာတော့သည်မို့ ငြိမ်နေသော မိုးခက်ကပဲ ကြားဝင်လိုက်ရ၏။

"ဟော့ကောင်တွေ ... နားပူတယ်ကွာ၊ မင်းတို့ယောက်ဖကို 'တ'

ပြီး ရန်ဖြစ်မနေကြနဲ့"

ထိုစကားကြောင့် နိုင်ကြီးရော်အောင်ဒွေးပါ မိုးခက်ဘက်သို့ ခေါင်း

တွေ ဝုန်းခနဲ လှည့်လာကြရင်း ...

"ဘယ်လို မိုးခက် ... ချက်ကြီးကို ယောက်ဖလို့ပြောရအောင်

ချက်ကြီးမှာ ညီမများ ရှိလို့လား"

နှာဘူးဆန်သော နိုင်ကြီး၏ဦးဆောင်အမေးကြောင့် မိုးခက်က မျက်

နှာကိုမဲ့လိုက်ရင်း ...

"ဘယ်သိမှာလဲကွ ... ရှိရင်လည်း ချက်ကြီးရဲ့ညီမက မင်းတို့

ပြောသလို ချက်ထွီးပဲ ဖြစ်မှာပေါ့"

"ဟာကွာ"

နှစ်ကောင်သား အတိုင်ဖောက်ညီညီ နင်သွားကြသည်။ မိုးခက်ကပဲ

"နေစမ်းပါဦးကွ ... မင်းတို့နှစ်ကောင် ဘာဖြစ်လို့များ ချက်ကြီးကို

ဒီလောက် တောင့်တနေရတာတုံး"

လက်ဖက်ရည်ဖိုးရှင်းစရာမရှိလို့ဟု နိုင်ကြီးက မဖြေပါ။

ဒင်းပြောလာသည်က ...

"ဘာဖြစ်ရမှာလဲ ... မင်းရောက်မလာခင်ကပဲ ချက်ကြီး သံယော

ဇဉ်နေ့စဉ်စာစောင် သွားဝယ်တာလေ၊ အဲဒါကိုဖတ်ချင်လို့ မျှော်နေတာပေါ့ကွ"

ထိုစကားကြောင့် မိုးခက်က ဩော် . . . ဟုရေရွတ်ရင်း နှုတ်ခမ်းမဲ့ကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ဒီလောက်ဆို သူလည်း သဘောပေါက်လိုက်လေပြီ။ ဒီကောင်တွေ ကျောင်းတွင်း၌ အမည်မသိ ကျောင်းသားတစ်စု နေ့စဉ် လက်သိပ်ထိုးကာထုတ်ဝေသော ကျောင်းတွင်း၌သာ ဖြန့်ဝေရောင်းချသည့် 'သံယောဇဉ်နေ့စဉ်' စာစောင်အား ဖတ်ရန် မျှော်နေကြခြင်းဖြစ်သည်။

စာစောင်ဟုဆိုရာတွင်လည်း တရားဝင် မှတ်ပုံတင်ထားသည့် စာစောင်မျိုး မဟုတ်ချေ။ လက်ကမ်းစာစောင်အဆင့်သာသာပဲ ရှိပြီး ကျောင်းတွင်းရှိ အပျော်သတင်းများအား စုစည်းထုတ်ဝေခြင်းသာ ဖြစ်သည်။ ကင်ဘင်းတစ်ခုတွင် ဝယ်ယူရရှိနိုင်ပြီး ကြော်ငြာထည့်သွင်းလိုပါကလည်း ထိုကင်တင်း၌ သွား၍ထည့်နိုင်သည်။ အပျော်သဘော ထုတ်ဝေသည့် စာစောင်ဖြစ်သဖြင့် ဆရာ ဆရာမများကလည်း နားလည်ခွင့်ပြုထားသည်။ တရားမဝင်သတင်းများ၊ ကျောင်း၏ဂုဏ်သိက္ခာကို ထိခိုက်စေသောအချက်အလက်များလည်း မပါ၍ ဖြစ်၏။ ဒီလောက်ဆိုလျှင် 'သံယောဇဉ်နေ့စဉ်' ဆိုသည့် စာစောင်အကြောင်းက ရှင်းလောက်ပြီ။

ခုလည်း မိုးခက်က နှစ်ကောင်စလုံးအား တစ်လှည့်စီကြည့်ကာ . .

"မင်းတို့ကလည်းကွာ . . . အဲဒီစာစောင်က ဘာများထူးခြားလို့လဲ၊ အတွဲတွေအကြောင်း၊ မိန်းမကလေးတွေအကြောင်းပဲ ပါတာပဲဟာကို"

"ဟုတ်ပါတယ် . . . ငါတို့ကလည်း အဲဒါကိုပဲ ဖတ်ချင်တာလေ"

ငါတို့သည် နှာဘူးတွေပဲဟု နှစ်ကောင်စလုံးက မရှက်မကြောက်

ဝန်ခံလိုက်ကြခြင်းဖြစ်၏။

မိုးခက်ထင်လျှင် ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားပြီးမှ အမြန်စဉ်းစားလိုက်ရင်း ...

"ကဲပါကွာ ... ဟိုကောင်ချက်ကြီးလာရင် ဖတ်ရမှာပေါ့၊ အဲဒီသောက် ဂနာမငြိမ် ဖြစ်မနေကြပါနဲ့"

"ဟ ... လောလောဆယ် အာရုံက ဒါပဲရှိတာကိုး မိုးခက်ရ"

အောင်ဌေးက စောဒကတက်လာသည်။ ထိုစကားကြောင့် မိုးခက်က မျက်မှောင်တွန့်ကာ ...

"အေးပါ ... အဲဒီလိုဆိုရင် မင်းတို့အာရုံပြောင်းအောင် ငါ နို့အကြောင်းပြောပြမယ်"

"ဟာ"

"ဟေ ... ဘယ်လို ဘယ်လို မိုးခက် .. နို့အကြောင်း ဟုတ်လား"

'နို့' ဆိုသည်နှင့် ဘာကိုတယ်လို ပုံဖော်လိုက်ကြသည်မသိ။ မျက်နှာတွေ ဝင်းတောက်ကာ သွားရည်ထွက်ကျမတတ် အလျင်အမြန် ပြန်မေးလာကြသည်။

မိုးခက်က ရှေ့မှာရှိနေသေးသော 'နို့' ခွက်ကို မေးငေါ့ပြလိုက်ပြီး ...

"ဟုတ်တယ်လေ ... နို့ဆိုတာက ငါ အခုသောက်နေတဲ့ နွားနို့ကို ပြောတာကွ"

စကားအဆုံးမှာ နှစ်ကောင်သား ရှုံ့ခနဲ နှာမှုတ်ရင်း ငြိမ်ကျသွားသည်။ ဒါတောင်နိုင်ကြီးက မှန်းချက်နှင့် နှမ်းထွက်မကိုက်သောလေသံမျိုးနှင့်

"မသိဘူးလေကွာ . . . ငါက မိခင်နို့အကြောင်းများ မင်း ပြောမလား လို့ပါ"

အတော်မိုက်ရိုင်း စုတ်ပြတ်၊ ညစ်ပတ်ပြီး လူမဆန်သောစကား ဖြစ်သည်။ ထိုစကားနှင့်တန်အောင် မိုးခက်ကလည်း ပြန်ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ နိုင်ကြီးရာ . . . မင်းအတွက်တော့ နွားနို့ဆိုတာ ဟာလည်း မိခင်နို့ပဲပေါ့ . . . မဟုတ်ဘူးလား"

ထိုစကားကြောင့် နိုင်ကြီး၏မျက်နှာက တစ်မုဟုတ်ချင်း မည်းပြာ ညိုညစ်သွားကာ ဆတ်ဆတ်ထိမခံလေသံဖြင့် . . .

"ဘာကွ မိုးခက် . . . မင်းက အဲဒီလိုပြောတော့ ငါက ဘာဖြစ် သွားရောလဲ"

"နွားကြီးဖြစ်သွားတာပေါ့ နိုင်ကြီးရာ . . . ဟား ဟား"

အောင်ဌေးက ခွက်ထိုးခွက်လန်ရယ်ကာ ဝင်တွယ်လိုက်ခြင်း ဖြစ် သည်။

ချက်ချင်းပင် နိုင်ကြီး၏ဒေါသအဟုန်က အောင်ဌေးပေါ်သို့ ကျ ရောက်သွားကာ . . .

"ဟေ့ကောင် အောင်ဌေး . . . မင်း ဝင်မပါနဲ့"

"ပါတော့ ဘာဖြစ်လဲကွာ . . . နိုင်ကြီးနဲ့နွားကြီးက စာလုံးပေါင်း သိပ်ကွာတာမှ မဟုတ်တာ . . . ဟီး ဟီး"

အောင်ဌေးကလည်း နိုင်ကြီးစိတ်တိုနေမှန်းသိ၍ ထပ်ကာ စနေ သည်။ နောက်ဆုံး နိုင်ကြီး ဘယ်လိုမှစိတ်မထိန်းနိုင်တော့ဘဲ အောင်ဌေး ၏မျက်နှာကို စေ့စေ့ကြည့်ကာ . . .

"အေး . . . ငါ့ကို နွားကြီးလို့ခေါ်ရင် မင်းကိုလည်း ခွေးကြီးလို့ခေါ်မယ်. . . ရတာယ်မဟုတ်လား ခွေးကြီး"

"ခေါ်ချင်ခေါ်ပေါ့ နွားကြီးရဲ့"

"ပြီးရောလေ ခွေးကြီး"

နှစ်ကောင်သား စကားစစ်ထိုးနေကြပြန်သည်။ ဒီတစ်ခါလည်း မိုးခက်ကပဲ မနေနိုင်စွာ (လူကြီးလူကောင်းဟန်ဖြင့်) . . .

"ကဲပါကွာ . . . နွားကြီးရော ခွေးကြီးရော အဲ . . . နိုင်ကြီးရော အောင်ဒွေးပါ တော်ကြတော့၊ ငါပြောမယ့်စကားတောင် ဘယ်ရောက်သွားလဲ မသိဘူး"

ထိုအခါမှ နှစ်ကောင်စလုံး ကိုယ်ရှိန်သတ်သွားကြရင်း အောင်ဒွေးက အရင် . . .

"နို့အကြောင်းလေကွာ . . . မင်းပဲ နွားနို့အကြောင်း ပြောပြမယ်ဆို"

"အေး ဟုတ်သားပဲ . . . ဒီလိုကွာ"

စကားကို ခဏဖြတ်ထားရင်း မိုးခက်က မဆီမဆိုင် ချောင်းတစ်ချက် ဟန့်လိုက်သေးသည်။ ပြီးမှ . . .

"နို့အကြောင်း မင်းတို့ကို ဗဟုသုတရစေချင်လို့ ငါဖတ်ဖူးတဲ့ စာအုပ်ထဲက အကြောင်းအရာတချို့ကို ရှင်းပြမယ် . . . သေသေချာချာ နားထောင်"

"အေးပါ"

မိုးခက်က မျက်နှာထားကို အစွမ်းကုန် တည်ခန့်ပစ်လိုက်ရင်း သံနေသံထားဖြင့် ပို့ချလေတော့၏။

"နွားနို့ဟာ လူသားတွေရဲ့ နို့ထိန်းသည် ဖြစ်တယ်၊ နွားနို့ဟာ လူသားများကျန်းမာရေးရဲ့ ကိုယ်ရံတော်တပ်မှူး ဖြစ်တယ်၊ နွားနို့ဟာ လူသားများရဲ့ ကောင်းကင်တမန်တော်လည်း ဖြစ်တယ်၊ အိန္ဒိယနိုင်ငံမှာဆိုရင် အဖြူရောင်တော်လှန်ရေးလို့ ကြွေးကြော်ပြီး ပြည်သူတွေကို နွားနို့သောက်သုံးဖို့ အားပေးလှုံ့ဆော်ကြတယ်၊ တကယ်တော့ နွားနို့သောက်သုံးမှုဟာ ကျန်းမာ ဉာဏ်ထက် အသက်ရှည်ရေးအတွက် အရေးအကြီးဆုံး စီမံကိန်းတစ်ရပ်လည်း ဖြစ်တယ်၊ ဒါကြောင့် နွားနို့သောက်သုံးဖို့ကို ဘယ်တော့မှ သတိမမေ့ဖို့ . . . ဖို့ . . ."

"မိုး မိုးခက် . . . ခဏကွာ၊ မင်း နွားနို့ မော်ဒန်ကဗျာရွတ်နေတာတော့ မဟုတ်ပါဘူးနော်"

ဖြတ်ပြောလိုက်သော နိုင်ကြီးစကားကြောင့် မိုးခက် တွန့်သွားရသည်။ အောင်ဌေးကလည်း . . .

"မင်းပြောချင်တဲ့ နွားနို့အကြောင်းဆိုတာ ဒါတွေပဲလား"

မိုးခက်က ရှုတင်းတင်းဖြင့် . . .

"ဘယ်ကလာ . . . ဒါဟာ အစပဲရှိသေးတယ်၊ တော်ပြီကွာ . . . နားမထောင်ချင်တဲ့၊ ဗဟုသုတမလိုချင်တဲ့ မင်းတို့ကို ပြောရတာမောတယ်"

"မောရအောင် . . . ရှင်က ဘာအကြောင်းများ တဖွဲ့တနွဲ့ ပြောနေလို့လဲ"

ရုတ်တရက် ထွက်ပေါ်လာသော မိန်းကလေးတစ်ယောက်၏ ဆူဆောင့်ဆောင့်အသံကြောင့် မိုးခက်တို့သုံးဦးစလုံး ခပ်တွန့်တွန့် မော်ကြည့်မိကြသည်။

ထိုမိန်းကလေး၏မျက်နှာကို သုံးယောက်စလုံး မျက်စိခြောက်လုံးဖြင့် မြင်လိုက်ရပြီး အောင်ဒွေးက အရင်အုံ့ညြသံဖြင့် ရေရွတ်လိုက်၏။

"ဟင် ... မာမာဝေ"

ဟုတ်ပါသည်။ လွန်ခဲ့သော တစ်လကျော်ကမှ ချက်ကြီးကို ပစ်စလက်ခတ် ဖြတ်သွားသည့် ချက်ကြီး၏ရည်းစားဟောင်း မာမာဝေပင်တည်း။

ခုတော့ ချက်ကြီးမှာ ရည်းစားအသစ်တစ်ယောက်ပင် ထပ်ရနေလေပြီ။ မာမာဝေက ခု ဘာလာလုပ်သနည်း။

ထိုသို့ တောင်တောင်အီအီစဉ်းစားမိရင်း အောင်ဒွေးက မာမာဝေကို ကြည့်ကာ ...

"ကျွန် ကျွန်တော်တို့က နို့အကြောင်းပြောနေကြတာပါ၊ မာမာဝေက စိတ်ဝင်စားလို့လား"

"ဘာ"

မာမာဝေမျက်နှာက ရဲတက်သွားသည်။ အနေအထားကို သဘောပေါက် ရိပ်မိလိုက်သော နိုင်ကြီးက ဝင်၍ ...

"ဟိုလေ ... နို့ဆိုတာက နွားနို့ကို ပြောတာပါ"

ထိုအခါမှ မာမာဝေ သက်ပြင်းကျသွားပုံရသည်။ တစ်ဆက်တည်း ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ကာ ...

"ဒီမှာ ... ရှင်တို့သူငယ်ချင်း တင်အုံး ဘယ်သွားလဲ"

မာမာဝေတစ်ယောက် မပြတ်နိုင်လို့များ ချက်ကြီးကို ပြန်လာဆက်တာလားဟု မိုးခက်က တွေးလိုက်မိသေးသည်။

သို့သော် မာမာဝေအသံက ထိုသို့မဟုတ်နိုင်ချေ။ ထပ်ကာပင်

ဒေါသအမျက်ခြောင်းခြောင်း ထွက်လာသောအသံနှင့် ...

"ဒီမှာ ... ရှင်တို့ မေးနေတာမကြားဘူးလားလို့"

ထိုအခါမှ အောင်ဌေးက အထစ် အထစ်အသံနှင့် ...

"ဟို ဟိုလေ ... ချက် ချက်ကြီးက"

စကားပင် မဆုံးလိုက်ချေ။ ထိုစဉ်မှာပဲ ကင်တင်းထဲသို့ တဖုတ်ဖုတ် ပြေးဝင်လာသော ခြေသံနှင့်အတူ ...

"ဟော့ကောင်တွေ ... ငါ ပြန်လာပြီကွ၊ ဒီမှာ စာ စာစောင်လည်း ပါ ပါ ..."

ချက်ကြီးစကားက လမ်းတစ်ဝက်မှာ ခလုတ်တိုက်သွားသည်။ သူ့မျက်စိရှေ့မှာ မမြဲသောခန္ဓာကိုယ်ကြီးနှင့် မာမာဝေကို မြင်လိုက်ရ၍လည်း ဖြစ်၏။ ချက်ချင်းပင် ချက်ကြီး၏မျက်နှာက ပမာမခန့်အသွင်သို့ ပြောင်းသွားကာ ...

"ဟင်း ဟင်း ... ဘာကိစ္စများရှိလို့လဲ ဒေါ်မာမာဝေ၊ ခင်ဗျားနဲ့ ကျုပ်ရဲ့ဇာတ်လမ်းက ကတ္တီပါလမ်းခွဲနဲ့ အဆုံးသတ်ပြီးပြီးနော် ... ဟင်း ဟင်း"

ပြောပြီး ဗိုလ်အောင်ဒင်လေသံမျိုးနှင့်ပင် ရယ်လိုက်သေးသည်။ သူ့ကိုယ်သူလည်း အားရသွားပုံရ၏။ မိုးခက်လည်း စိတ်ထဲက ထပ်ကြိတ် လိုက်ဦး ချက်ကြီးရ ... ဟု မြှောက်ပေးနေမိ၏။

သို့သော် ချက်ကြီး (ခေါ်) တင်အုံးတစ်ယောက် ထပ်ကြိတ်ရန် ပင်မဆိုပင် မဟာလိုက်ရချေ။ မာမာဝေ၏ အားကောင်းမောင်းသန်လက်ဝါးကြီး သည် ချက်ကြီး၏ပါးပေါ်သို့ တစ်နာရီ မိုင်ရှစ်ဆယ်နှုန်းနှင့် ကျရောက်သွားပြီး

'ဖြန်း' ဟူသောအသံနှင့်အတူ ...

"အဲဒါမှ ကတ္တီပါလမ်းခွဲရဲ့ တကယ့်အဆုံးသတ်ပဲ တင်အုံး၊ နောက် ဒီလို ထပ်အရှုက်ခွဲမယ်ဆိုရင် နံရိုးပါ ချိုးပစ်မယ်၊ ရော့ ... နင် တစ်ဖက်လှည့် နဲ့ လုပ်ထားတာကို နင့်ဟာနင်ဖတ်ကြည့်"

ပြောပြီး မာမာဝေ ချာခနဲလှည့်ထွက်သွားလေသည်။ စားပွဲပေါ် ခင်းပစ်ချခဲ့သည်က ချက်ကြီးလက်မှာကိုင်ထားသောအရာနှင့် အတူတူ ဖြစ်သည့် 'သံယောဇဉ်နေ့စဉ်' စာစောင်ပင် ဖြစ်ချေတော့သည်။

နိုင်ကြီးက စာစောင်ကို ဆတ်ခနဲကောက်ယူကာ လှန်လှောဖတ် ကြည့်လိုက်ရင်း တစ်နေရာအရောက်မှာ အာမေဍိတ်အသံဖြင့် ...

"ဟာ ... ဒီ ဒီမှာတွေ့ပြီကွ၊ ချက်ကြီး ... စာစောင်ထဲက ကြော်ငြာ ကဏ္ဍရဲ့ အောက်ဘက်ထောင့်ကို ကြည့်လိုက်စမ်းပါ"

ချက်ကြီးတင် မကဘဲ အားလုံး ဝိုင်းကြည့်လိုက်မိကြသည်၊ အားလုံး ၏ပါးစပ်တွေကလည်း ...

"ဟင်"

"ဟာ"

"အိုး ... ဒါကြောင့်ကိုး"

စသည်ဖြင့် ...။ ချက်ကြီး ပါးရိုက်ခံလိုက်ရသော ကြော်ငြာသည် စာစောင်ထဲတွင် ရှင်းလင်းပြတ်သွားစွာ ကခုန်နေလေသည်။

ထိုကြော်ငြာကတော့ ...

●

'ဖြန်း' ဟူသောအသံနှင့်အတူ . . .

"အဲဒါမှ ကတ္တီပါလမ်းခွဲရဲ့ တကယ့်အဆုံးသတ်ပဲ တင်အုံး။ နောက် ဒီလို ထပ်အရှက်ခွဲမယ်ဆိုရင် နံရိုးပါ ချိုးပစ်မယ်၊ ရော့ . . . နင် တစ်ဖက်လှည့် နဲ့ လုပ်ထားတာကို နင့်ဟာနင်ဖတ်ကြည့်"

ပြောပြီး မာမာဝေ ချာခနဲလှည့်ထွက်သွားလေသည်။ စားပွဲပေါ် ခင်းပစ်ချခဲ့သည်က ချက်ကြီးလက်မှာကိုင်ထားသောအရာနှင့် အတူတူ ဖြစ်သည့် 'သံယောဇဉ်နေ့စဉ်' စာစောင်ပင် ဖြစ်ချေတော့သည်။

နိုင်ကြီးက စာစောင်ကို ဆတ်ခနဲကောက်ယူကာ လှန်လှောဖတ် ကြည့်လိုက်ရင်း တစ်နေရာအရောက်မှာ အာမေဋိတ်အသံဖြင့် . . .

"ဟာ . . . ဒီ ဒီမှာတွေ့ပြီကွ၊ ချက်ကြီး . . . စာစောင်ထဲက ကြော်ငြာ ကဏ္ဍရဲ့ အောက်ဘက်ထောင့်ကို ကြည့်လိုက်စမ်းပါ"

ချက်ကြီးတင် မကဘဲ အားလုံး ဝိုင်းကြည့်လိုက်မိကြသည်၊ အားလုံး ၏ပါးစပ်တွေကလည်း . . .

"ဟင်"

"ဟာ"

"အိုး . . . ဒါကြောင့်ကိုး"

စသည်ဖြင့် . . .။ ချက်ကြီး ပါးရိုက်ခံလိုက်ရသော ကြော်ငြာသည် စာစောင်ထဲတွင် ရှင်းလင်းပြတ်သွားစွာ ကခုန်နေလေသည်။

ထိုကြော်ငြာကတော့ . . .

●

"ဟား ဟား ... ကောင်းလိုက်တဲ့ရိုက်ချက်ကွာ၊ ဘယ်ကောင် များ မင်းကို ဝင်မွေသွားလဲမသိဘူး"

"ဟုတ်ပဲ့ ချက်ကြီးရာ ... နောက်တစ်ခါဆိုရင်တော့ မင်း ချက်ကြီး ဘဝကနေ ချက်ထွီးဘဝကို ပြောင်းသွားမှာအမှန်ပဲ"

နိုင်ကြီးနှင့်အောင်ဒွေးတို့က ကိုယ့်သူငယ်ချင်း ပါးရိုက်ခံရသည်ကို ပင် မစာနာဘဲ ဝိုင်းဟားနေကြသည်။

ချက်ကြီးက တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ရင်း ...

"ရယ်မနေနဲ့ကွ ... ငါ့မှာက တကယ်ခံလိုက်ရတာ၊ ဟော့ကောင် တွေ ဒီကြော်ငြာက မင်းတို့သွားထည့်ထားတာလား"

"ဟော့အေး"

ထိုသို့ ...
ကျောင်းဝင်းအတွင်း ရေပန်းစားသော
'သံယောဇဉ်နှေ့စဉ်' စာစောင်အား
မြင်သာစေရန် အနည်းငယ်မျှ
ဖော်ပြရလျှင် ...

## မြန်မာစာမှ မာမာဝေနှင့် အပေါင်းပါများ သိသာစေရန်

ကျွန်ုပ်စောင့်ကြည့်နေခဲ့သော ချက်ကြီး (ခေါ်) တင်အုံးသည် မာမာဝေနှင့်ပြတ်စဲပြီး ဆယ့်ငါးရက်တိတိမြောက်သောနေ့တွင် နွယ်နွယ်ဦး အမည်ရှိ မိန်းကလေးနှင့် ထပ်မံချစ်ကြိုက်ခဲ့ပါသည်။ နွယ်နွယ်ဦးသည် ချက်ကြီး (ခေါ်) တင်အုံး အပေါ်တွင် မာမာဝေထက်သာလွန်သော ချစ်သူရေးရာကြင်နာမှုများ၊ ထောက်ပံ့ကူညီမှုများ ရှိခဲ့ပြီး နွယ်နွယ်ဦးသည် မာမာဝေထက် အစစအရာရာ သာလွန်သဖြင့် ချက်ကြီး (ခေါ်) တင်အုံးသည် အလွန်ကျေနပ်ပျော်ရွှင်နေကြောင်း မာမာဝေအား သိစေလိုပါသည်။ ထို့ကြောင့် နောက်နောင် မာမာဝေအနေဖြင့် ချက်ကြီး (ခေါ်) တင်အုံးအား ပြန်လည်မမြူဆွယ်ပါရန် ဤနေရာမှ အသိပေးလိုက်ရပါသည်။

ချက်ကြီး (ခေါ်) တင်အုံး၏
မညွှန်ကြားချက်ဖြင့်
အမည်မဖော်လိုသူ

**ပိုင်ရှင်ကိုယ်တိုင်ငှားမည်။**

ချစ်သူရည်းစားအတုအဖြစ် ငှားရမ်းလိုသူများအား ပိုင်ရှင်ကိုယ်တိုင် ဝန်ဆောင်မှုပေးမည်။

အမည် - ဝင်းလွင်ဦး
အသက် - ၂၃ နှစ်
မေဂျာ - တတိယနှစ် (ဘူမိ)
ရုပ်ရည် - Aအဆင့် ချောမော
စကားပြော - ညက်
အရပ် - ၅ ပေ ၇ လက်မ
(ဦးရာလူစနစ်)
လူဦးရေအကန့်အသတ်ရှိပါသည်။
(ကျောင်းချိန်ပြင်ပ၌သာ)

**ရည်စားအဖြစ်မှရာသက်ပန်စွန့်လွှတ်ခြင်း**

အင်္ဂလိပ်စာမေဂျာ၌ ဒုတိယနှစ် တက်နေသူ ကျွန်မ၏ရည်းစား မြတ်မိုးအိမ်သည် ကျွန်မနှင့် ရည်းစားဖြစ်သည့် သက်တမ်းတစ်လျှောက်တွင် ကျွန်မတစ်ဦးတည်းကသာ အကုန်အကျခံ ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။

ယခုအခါ ကျွန်မ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အပြင် နောက်ကောင်မလေးတစ်ယောက်နှင့် ထပ်တွဲနေသဖြင့် ကြော်ငြာပါသည့်နေ့ရက်မှစ၍ ရည်းစားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သီးခံပါ။)

မသဥ်လွင်
(ဒုတိယနှစ်မြန်မာစာ)

မွေးနေ့ဆုတောင်း

မောင်,

ချစ်သဲရဲ့ အသက် ၂၂ နှစ်မြောက် မွေးနေ့မှာ မောင့်အိတ် မိန်းကလေးတွေဆီကပဲ လက်ဆောင်ရမှာမယ်လို့ ဆုတောင်းနေပါတယ်။

ချစ်သဲ
အေးလေး
ဒုတိယနှစ်ရူပဗေဒမိန်းကလေး

အေးလေးရေ . . .

ဒီနှစ်မွေးနေ့မှာလည်း အရင်နှစ်တွေကလိုပဲ တန်ဖိုးမဖြတ်နိုင်တဲ့ မောင့်အချစ်တွေအများကြီး လက်ဆောင်ပို့ပေးလိုက်ပါတယ်။ အေးလေးအတွက်ရည်ရွယ်ပြီး သဘ္ဘာတတိယနှစ်က မောင့်သူငယ်ချင်း မင်းဟန်ကိုလည်း ဇွန်ဟင်းခါးတစ်ပွဲ ပူဆီးကြော်နဲ့ဝယ်ကျွေးပြီး အေးလေးကိုအခြား မွေးနေ့အတွက် လုပ်လိုက်ပါတယ်။ အရင်နှစ်တွေလိုပဲ အေးလေးမောင့်ကို ပေးသင့်ပါစေ။

အေးလေးရဲ့ မောင်
သက်ပိုင်ဝင်းရွှေ
ဒုတိယနှစ် ပထဝီ

**အမည်ပြောင်း**

**အဖ ဦးမျိုးမြင့်မြတ်၏သား မောင်ပစ်ကြီး ပထမနှစ်(ရူပဗေဒ)အား မောင်မြတ်ထူးပိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။ ထိုသို့မခေါ်ပါက ပြန်လည်အရေးယူ ဖြေကြားမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။**

**မြတ်ထူးပိုင်**

**လူလတ်ပိုင်းစာရေးဆရာ**
**အိမ်ခြေ့ ၏**
**"တွေးခေါ်စဉ်းစားနည်း အဆင့်ဆင့်"**
**အညိုရောင်စာပေမှ ထွက်ရှိ။**
စာအုပ်ထွက်ရှိသည့်နေ့တွင်
စာရေးဆရာကိုယ်တိုင်မှ ပထမဆုံးဝယ်ယူသူ (၅)ဦးအား အင်္ဂလိပ်စာကင်တင်းတွင် ကော်ဖီမစ်ပလိန်းတစ်ခွက်စီတိုက်ပြီး အမှတ်တရလက်မှတ်ရေးထိုးပေးမည်။

**ကန့်ကွက်နိုင်ပါသည်။**

ကျွန်မ မတင်တင်အောင် (တတိယနှစ် ဘောဂဗေဒ) နှင့် မောင်ကြီးမောင်(ခ)အရှည်ကြီး (တတိယနှစ် သမိုင်း)တို့သည် ယနေ့မှစ၍ တရားဝင်သမီးရည်းစားဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများ ရှိပါက ကြော်ညာပါသည့်နေ့မှစ၍ တစ်ပါတ်အတွင်း သက်ဆိုင်ရာ အထောက်အထားအပြည့်အစုံနှင့် ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

မတင်တင်အောင်
(တတိယနှစ် ဘောဂဗေဒ)

**အမြန်ဆက်သွယ်ပါရန်**

ဖလော်မေဂျာမှ မေဂျာတူသူငယ်ချင်းဖြစ်သော မောင်မျိုးသူရ သိစေရန်-

ဖုန်းကဒ်ဖြည့်ရန်ဆိုပြီး သင်ချေးထားသော မြန်မာကျပ်ငွေ ၁၀၀၀ဝိ/- တိတိအား တစ်ပါတ်အတွင်း အတိုးနှင့်အရင်းပါ ပြန်ဆပ်ပါရန်။

မချိုချိုမာ

ယတြာနှင့်လိပ်ခေါင်းဆရာကြီး

သမီးရည်းစား အဆင်မပြေဖြစ်တဲ့ ကိစ္စ...
အစရောက်သာလာခဲ့...။
လိပ်ခေါင်းရောက်နှင့် ပတ်သက်၍...
ကျောင်းချိန်ပြင်ပ၌ အထူး...
(သားရေကွင်းတန်မိုးမယူပါ)
ဆရာကြီးသန့်ဇင်...
တတိယနှစ် ...

ကျေးဇူးဆပ်ပါမည်။

ကျွန်မ ...

ပါရန်။ ...
ကျေးဇူး ... ကျေးဇူးဆပ်ပါမည်။

**သံယောဇဉ် နေ့စဉ်စာစောင်သို့**

သတင်းပေးပို့လိုသူများ-
ကြော်ငြာထည့်သွင်းလိုသူများ-
ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပေးပို့...
သူများသည် ဦးကျော်ကြီး ကန်တင်း...
ဆက်သွယ် ပေးပို့နိုင်ပါသည်။
သံယောဇဉ် နေ့...
အယ်ဒီတာ...

"နိုးပါ"

"စိတ်ကူးတောင် မရှိဘူး"

သုံးယောက်စလုံး တက်ညီလက်ညီ ငြင်းလိုက်ကြသည်။ ချက်ကြီး တစ်ယောက် တက်တခေါက်ခေါက်နှင့် ဘယ်သူ့ကို ဒေါသထွက်ရမှန်းမသိ ဖြစ်နေပြီးမှ သတိရဟန်ဖြင့် ဆတ်ခနဲ ...

"ဟာ ... သွားပြီ"

"ဟေ ဟော့ကောင် ... ဘာသွားတာလဲ"

ချက်ကြီးက မျက်နှာအပျက်ပျက် အယွင်းယွင်းနှင့် ...

"ဘာဖြစ်ရမှာလဲ ... ဒီကိစ္စကိုသာ နွယ်နွယ်ဦးသိရင် အကြီးအကျယ် ကွိုင်တက်မှာကွ၊ ငါ့ဘက်က အရင်သွားရှင်းထားမှ ဖြစ်မယ်"

ပြောရင်း ချက်ကြီးတစ်ယောက် ကင်တင်းထဲမှ ဝရုန်းသုန်းကား ပြေးထွက်သွားလေသည်။

ချက်ကြီးအဖြစ်ကိုကြည့်ရင်း မိုးခက်တို့သုံးယောက်လည်း ဝါးလုံးကွဲ ရယ်ချလိုက်ကြလေ၏။

အင်း ... ချက်ကြီးတစ်ယောက် ဒီနေ့အဖို့တော့ ပြေးရင်းလွှားရင်း ချက်ထွီးဘဝသို့ တကယ်ပဲ ပြောင်းတော့မည်လား မသိချေ။

●

ထိုသို့ ...

ကျောင်းဝင်းအတွင်း ရေပန်းစားသော

'သံယောဇဉ်နှေ့စဉ်' စာစောင်အား

မြင်သာစေရန် အနည်းငယ်မျှ

ဖော်ပြရလျှင် ...

## အခန်း (၂)

နောက်နေ့ ကျောင်းရောက်တော့ ထင်ထားသည့်အတိုင်း ဖြစ်လာသည်။ ချက်ကြီးတစ်ယောက် မနေ့က အချိန်မီ သွားတောင်းပန်ခဲ့သော်လည်း သူ့ရည်းစားသစ် နွယ်နွယ်ဦးက ထိုအကြောင်းကို သူ့အား ဖုံးထားခဲ့သည်ဟူသော အကြောင်းပြချက်ဖြင့် ပါးတစ်ချက် ထပ်ရိုက်လိုက်သေးသည်။

ချက်ကြီး ကံကောင်းသွားသည့်တစ်ချက်က နွယ်နွယ်ဦးသည် ဘယ်သန်ဖြစ်သောကြောင့် မာမာဝေရိုက်ခဲ့သော ပါးတစ်ဖက်ခြမ်းနှင့် လွဲခဲ့ခြင်းဖြစ်၏။ မဟုတ်လျှင် အနာပေါ် တုတ်ထပ်ကျသည်ဟု ပြောရတော့မည်လားသေိ။

ယခုလည်း ချက်ကြီး၏အဖြစ်ဆိုးကို နိုင်ကြီးက စုတ်တသပ်သပ်နှင့် ...

"ဘာပဲဖြစ်ဖြစ် ... နွယ်နွယ်ဦးက မင်းကို အဆက်မဖြတ်လိုက်တာ တော်သေးတာပေါ့ကွာ"

အောင်ဒွေးကလည်း ...

"အေးလေ ... မင်းကလည်း မင်းမှာ ရည်းစားရှိခဲ့တယ်ဆိုတာ နွယ်နွယ်ဦးကို ကြိုမှအသိမပေးထားတာကိုး"

စကားသံတွေအဆုံးမှာ ချက်ကြီးက ...

"ဟုတ်ပါတယ် ... ငါ့အပြစ်လည်း ပါသင့်သလောက်တော့ ပါပါတယ်၊ ဒါပေမဲ့ကွာ ဘယ်သကောင့်သားကများ ငါ့ကိစ္စကို ကြော်ငြာထည့်ပြီး တစ်ကျောင်းလုံးသိအောင် ဖွတာလဲမသိဘူး၊ အဲဒီကောင်ကိုသာ သိရင်တော့ ငါ စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး ... တောက်"

ထိုသို့ ကမ္ဘာမကြေဟန်ဖြင့် ပြောလာသည်ကိုပင် မိုးခက်က သွေး အေးစွာ ...

"အတိတ်ဘဝက ဝဋ်ကြွေးလို့ပဲ သဘောထားလိုက်ပါ ချက်ကြီးရာ ဘာပဲဖြစ်ဖြစ် ခုဆို မင်း ငါတို့ကျောင်းမှာ စံချိန်သစ်တစ်ခု တင်ခဲ့နိုင်ပြီကွ"

"ဟင် ... ဘာစံချိန်များလဲ"

"ဩော် ... ဒီစာသင်နှစ်ထဲ မင်းလို တစ်ရက်တည်းမှာ မိန်း နှစ်ယောက်ဆီက ပါးရိုက်ခံရတဲ့လူ ဘယ်သူများရှိနိုင်မှာမို့လို့လဲ၊ ပြီးတော့ ပါးတစ်ဖက်တည်းကို နှစ်ချက်မဟုတ်ဘူးနော်၊ တစ်ဖက်တစ်ချက်စီကွ"

မိုးခက်စကားကြောင့် ချက်ကြီးက မျက်နှာကို ရှုံ့မဲ့လိုက်ရင်း ...

"တော်ပါ မိုးခက်ရာ ... အနာဟောင်းကို ပြန်ဆွမနေပါနဲ့ ... လေလောဆယ် အဲဒီကြော်ငြာထည့်တဲ့ လူကိုပဲ ငါသိချင်နေတာကွ"

"ကဲ ... ဒါဆိုလည်း ထ"

ရုတ်တရက် ပြောလိုက်သော မိုးခက်စကားကြောင့် အားလုံး ကြောင်တောင်တောင် ဖြစ်သွားကြသည်။ နိုင်ကြီးက အရင် ...

"ဟ ဘာလဲ ... ထပြီး ငါတို့က ဘာလုပ်ရမှာလဲကွ"

"ဩော် ... ဒီကောင်ချက်ကြီးက ကြော်ငြာထည့်တဲ့လက်သည်ကို သိချင်နေတယ်လေ၊ အဲဒါ သွားစုံစမ်းရအောင် ထကြလို့"

စကားအဆုံးမှာ အောင်ဒွေးကလည်း အူတူတူဖြင့် ...

"ထတာက ဟုတ်ပါပြီ ... ဘယ်ကိုသွားပြီး စုံစမ်းမှာလဲ"

"မင်းကလည်း နုံလိုက်တာ အောင်ဒွေးရာ ... အဲဒီစာစောင် ရောင်းတာက ဘယ်နေရာရှိလို့လဲ၊ ဦးကျော်ကြီးကင်တင်းမှာပဲ ရောင်းတာမဟုတ်လား။ အဲဒီကိုပဲ သွားစုံစမ်းရမှာပေါ့ကွ"

မိုးခက်စကားကို ဘယ်သူမှ စောဒကမတက်ကြတော့ဘဲ အားလုံး ထိုင်နေရာမှ ထလိုက်ကြသည်။ ပြီး လေးယောက်သား ဦးကျော်ကြီး ကင်တင်းဆီသို့ ထွက်လာခဲ့ကြ၏။ လမ်းမှာ ဖြတ်သွားဖြတ်လာတွေ့ရသော ကျောင်းသူတစ်စုကပင် ချက်ကြီးကိုတွေ့တော့ မကြားတကြားဖြင့် ...

"ဟဲ့ ... ဟိုမှာတွေ့လား ... အကျီအနီနဲ့လူလေ၊ မနေ့က တစ်ရက်တည်းနဲ့ ပါးနှစ်ချက်ရိုက်ခံရတဲ့ တင်အုံးဆိုတာ ဒင်းပေါ့ ... ခိ"

"ဖြစ်နိုင်ပါတယ်၊ ရုပ်ကိုက ကြည့်ပါလား ... ပြိတ်တီနဲ့ သွားခုန်လာရင်းတောင် လမ်းကြုံလို့ ပါးဝင်ရိုက်ချင်စရာကောင်းတဲ့ ရုပ်မျိုး"

ထိုစကားသံတွေကြောင့် ချက်ကြီးခမျာ သူ့ပါးနှစ်ဖက်ကို ယောင်ယမ်း စမ်းလိုက်မိသည်။ ကိုယ့်ဘာဝကိုယ်လည်း အတော်လေး ယူကျုံး

မရ ဖြစ်သွားပုံရ၏။ ဆို့နင့်ကြေကွဲသောလေသံကြီးနှင့်ပင် ...

"ငါ့အဖြစ်ကလည်း တစ်ကျောင်းလုံးတောင် ပွသွားပြီလားကွာ"

မိုးခက်ကတော့ သူငယ်ချင်းကောင်းပီသစွာ အားပေးရှာပါသည်။

"ဘာမှ ဝမ်းနည်းမနေနဲ့ ချက်ကြီး ... ဒါမျိုးက တမင်လုပ်ယူလို့ ရတာမဟုတ်ဘူးကွ၊ ကိုယ့်ကိုယ်ကိုယ် စလေဘရစ်တီ (Celebrity) လို့ သဘောထားလိုက်စမ်းပါကွာ"

ချက်ကြီးတစ်ယောက် "အေးပါကွာ"ဟုသာ ခပ်ယဲ့ယဲ့ပြန်ပြော နိုင်တော့သည်။ သို့နှင့် ဦးကျော်ကြီးကင်တင်းရောက်တော့ ကောင်တာမှာ ထိုင်နေသည့် ဆိုင်ပိုင်ရှင်ဦးကျော်ကြီးထံသို့ တန်းသွားလိုက်သည်။

သူတို့လေးယောက်ကို မြင်မြင်ချင်း ဦးကျော်ကြီးက ဘယ်လိုထင် သည်မသိ။ ပြောင်ကြီး မေးလာသည်။

"ကောင်လေးတွေ စာစောင်ဝယ်မလို့လား"

ဘယ်သူမှပြန်မပြောခင် မိုးခက်က ...

"ဝယ်မှာပါဗျ ... ဒါပေမဲ့ အဲဒီစာစောင်နဲ့ပတ်သက်တာလေး တစ်ခု လောက် မေးချင်လို့"

"ပြောကြည့်လေ"

ဦးကျော်ကြီးကလည်း အလာကြီးဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ပြော ကြည့်လေဆိုတော့လည်း ပြောကြည့်ရတော့သည်ပေါ့။

မိုးခက်ကပဲ ...

"ဒီလိုဗျာ ... မနေ့က စာစောင်မှာပါတဲ့ ကြော်ငြာတစ်ခုဟာ ကျွန်တော့်သူငယ်ချင်း ချက်ကြီးရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတယ်ဗျာ၊ အဲဒါ

ကြောင့် အဲဒီကြေငြာထည့်တဲ့လူ ဘယ်သူလဲဆိုတာ သိချင်လို့ပါ''

ဦးကျော်ကြီး တွေခနဲဖြစ်သွားပြီးမှ မျက်မှောင်ကြုတ်လျက် ...

''ချက်ကြီးဆိုတာက ဩော် ... တင်အုံးဆိုတာလား''

''ဟုတ်ပါတယ် ... ချက်ကြီး (ခေါ်) တင်အုံးဆိုတာ သူပါပဲ''

မိုးခက်ကပဲ ချက်ကြီး၏အကျီစကို ဆွဲကိုင်ကာပြလိုက်သည်။

ဦးကျော်ကြီးက ချက်ကြီး၏တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ကာ အကဲခတ်လိုက်သေးသည်။ ဒီကောင့်ပုံစံမျိုးနဲ့ ပါးနှစ်ချက်ရိုက်ခံရတာတောင် နည်းသေးတယ်ဟု စဉ်းစားနေသည်လားမသိ။

ပြီးမှ သက်ပြင်းကြမ်းကြမ်း ချလိုက်ကာ နီးစပ်ရာ စားပွဲတစ်ခုကို လက်ညှိုးညွှန်ပြလျက် ...

''မင်းတို့ အဲဒီမှာ ခဏထိုင်ကြဦး ... ကိုယ်လာခဲ့မယ်''

သူပြောသည့်အတိုင်း လေးယောက်သား သွားထိုင်နေလိုက်ကြ၏။ စိတ်ရှည်ရမည်လေ။ ငါးမိနစ်လောက်ကြာတော့ ဦးကျော်ကြီး ရောက်လာပါ သည်။ ရောက်ရောက်ချင်း ဘာမှမမှာဘူးလားဟုဆိုလာသောကြောင့် လက် ဖက်ရည်လေးခွက်ကို အောင့်သီးအောင့်သက်နှင့် မှာလိုက်ရသေး၏။ ထိုကျ သင့်ငွေကိုလည်း ကိုယ်တွေပဲ ရှင်းရမည်မှာ မလွဲကေန်ပင်။

လက်ဖက်ရည်ခွက်တွေ စားပွဲပေါ်ရောက်လာတော့မှ ဦးကျော်ကြီး က စိတ်ချသွားသောပုံစံဖြင့် ...

''စပြီးပြောရရင် ဒီစာစောင်ဟာ ကျောင်းထဲမှာပဲ အပျော်သဘော ထုတ်ဝေတယ်ဆိုတာ မင်းတို့သိပါတယ်နော်''

''ဟုတ် သိပါတယ်''

"အေး ... ဒီစာစောင်ထုတ်ဝေတဲ့လူတွေကိုလည်း ဘယ်သူမှ မသိကြဘူး၊ သူတို့ကလည်း အသိမခံကြဘူး၊ ဆိုလိုတာကကွာ ပြဿနာတစ်ခုခုဖြစ်လာရင် လူသိမခံဘဲ ဒီစာစောင်ကို ရပ်ပစ်လို့ရအောင်ပေါ့၊ သူတို့ရဲ့ရည်ရွယ်ချက်က ကျောင်းသားကျောင်းသူတွေကို ပျော်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ၊ ဒါကြောင့်လည်း အကျိုးအမြတ်ဆိုတာကို မတွက်ဘဲ အိတ်စိုက်ထုတ်နေတာပေါ့"

"ဟုတ်ကဲ့ ... အဲဒီလောက်တော့ ကျွန်တော်တို့ ရိပ်စားမိပါတယ်"

မိုးခက်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဦးကျော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်လျက် ...

"အင်း ... နောက်ထပ်ပြောချင်တာက ဒီစာစောင်အတွက် သတင်းဒါမှမဟုတ် ကြော်ငြာလာထည့်တဲ့လူတွေဟာ စာအိတ်ကိုပိတ်ပြီး လာပေးရတယ်၊ ကိုယ်ကလည်း အဲဒီစာအိတ်တွေကို ဒီအတိုင်း ထုတ်ဝေသူလက်ထဲထည့်ပေးလိုက်ရုံပဲ၊ ဘယ်သူက ဘာလာထည့်လဲဆိုတာ ပြောပြခွင့်မရှိဘူးလေ၊ ဒါပေမဲ့ တစ်ဖက်သားရဲ့ဂုဏ်သိက္ခာ အရမ်းထိခိုက်နစ်နာသွားမယ့်သတင်းကြော်ငြာမျိုးဆိုရင် သူတို့ကလည်း ထည့်မပေးကြပါဘူး၊ ဒါနဲ့ ဒီကတင်အုံးရဲ့ကြော်ငြာဟာ မမှန်တဲ့သတင်းမှား ဖြစ်နေလို့လား"

"အဲ ... မမှန်ဘူးလို့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့"

ချက်ကြီး၏စကားက မဆုံးလိုက်ချေ။ ဦးကျော်ကြီးက မိန့်မိန့်ကြီး ပြုံးလျက် ...

"မှန်ရင်လည်း ခံလိုက်ပေါ့ကွာ"

"ဗျာ"

''ဟုတ်တယ်လေ၊ ကိုယ့်ဘက်ကတော့ ဘယ်သူဘယ်ဝါ ဘယ်ကြော်ငြာ လာထည့်တယ်ဆိုတာ ပြောခွင့်မရှိလို့ပါ၊ မဟုတ်ရင် စာစောင်က ကိုယ့်ဆီကပဲ ဖြန့်တာဆိုတော့ ဘာမဟုတ်တဲ့ ဒီလိုပြဿနာတွေကို ကိုယ် နေ့တိုင်း ရှင်းနေရတော့မှာပေါ့ ... မဟုတ်ဘူးလား''

သူ့စကားနှင့်သူကတော့ ဟုတ်သလိုလို ရှိနေသည်။ စောဒကဘက်စရာပင် စကားလုံးက ရှာမရတော့။

အားလုံး တွေဝေနေကြချိန်မှာပဲ ဦးကျော်ကြီးက ထပ်လောင်းကာ ခံ့ခံ့ညားညားကြီးပြုံးလျက် ...

''ထပ်ပြောရင် ဒီနေ့စာစောင်မှာတောင် ချက်ကြီး (ခေါ်) တင်အုံးနဲ့ ပတ်သက်တဲ့ကြော်ငြာ ထပ်ပါလာသေးတယ်ကွ''

''ဗျာ''

''ဟင်''

ချက်ကြီးတစ်ယောက် မျက်ဖြူဆိုက်မတတ် ဖြစ်သွားရ၏။ ဒီနေ့တော့ ဘာကြော်ငြာပါလာပြန်ပြီလဲ။ ပါးရော ထပ်ရိုက်ခံရဦးမှာလား၊ တစ်ချက်လား နှစ်ချက်လား စသဖြင့် အတွေးတွေ ရှုပ်ယှက်ခတ်သွားပုံရ၏။ နောက်ကလည်း ချက်ကြီးကို ...

''ဘာပဲဖြစ်ဖြစ်ကွာ ... စာစောင်ထပ်ဝယ်လိုက်တော့ ချက်ကြီး''

ချက်ကြီးက ခပ်လေးလေး ခေါင်းညိတ်ပြကာ ...

''ဝယ်ရတော့မှာပေါ့ကွာ၊ ဦးကျော်ကြီး ... တစ်စောင်လောက် ချောင်းပါ''

ဦးကျော်ကြီးက အောင်နိုင်သူတစ်ယောက်၏အပြုံးဖြင့် ...

"အေး ... ရောင်းတာပေါ့။ ဪ ... ဒါနဲ့ ဒီလက်ဖက်ရည်ဖိုးတွေပါ ရှင်းသွားကြဦးနော်"

"ဟုတ်ကဲ့ပါ ... ဗျ"

နောက်ဆုံးတော့ ကိုယ်လာစုံစမ်းသည့်ကိစ္စကို ဘာတစ်ခုမှမသိရဘဲ စာစောင်ထပ်ဝယ်ကာ ပြန်ခဲ့ရသည်။ ဒါသည်ပင်မကဘဲ လက်ဖက်ရည်ဖိုးက အဆစ်ကုန်ခဲ့ရသေး၏။

ထိုင်နေကျကင်တင်းဆီသို့ လေးယောက်သား ပြန်ခဲ့ကြ၏။ လမ်းတစ်လျှောက် ချက်ကြီးခမျာ စာစောင်လေးကိုပင် ဖွင့်မကြည့်ရဲဘဲ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ တုန်လှုပ်နေပုံရသည်။

သနားစရာ မောင်ချက်ကြီးလေးပါတကား။

ကင်တင်းရောက်တော့ မိုးခက်ကပဲ မဝံ့မရဲဖြစ်နေသည့် ချက်ကြီးထံမှစာစောင်ကို ဆွဲယူလိုက်ရင်း ...

"ပေးစမ်းပါကွာ ... မင်းနဲ့ပတ်သက်တာ ဘာတွေပါလဲ ကြည့်ရအောင်"

ပြောရင်းပင် စာစောင်၏အတွင်းစာမျက်နှာကို လှန်ကြည့်လိုက်သည်။ မျက်စိဝေ့ကာ ရှာကြည့်လိုက်တော့ ချက်ကြီး (ခေါ်) တင်အုံးနှင့် ပတ်သက်သောကြော်ငြာကိုလည်း တွေ့လိုက်ရပါ၏။

မိုးခက်က ဖတ်ကြည့်ပြီးမှ ဟက်ခနဲ ရယ်လိုက်ရင်း ...

"ကဲ မောင်ချက်ကြီး ... ဒီနေ့တော့ စိတ်ချလက်ချသာ ဖတ်ပေတော့"

ပြောရင်း စာစောင်ကို ပြန်၍ပေးလိုက်လေသည်။

●

## မြန်မာစာမှ မာမာဝေ ထပ်လောင်းသိသာစေရန်

ယမန်နေ့က သင် ပါးရိုက်လိုက်သော ချက်ကြီး (ခေါ်) တင်အုံးသည် ကြော်ငြာပါကိစ္စနှင့် ပတ်သက်ပြီး ထိုနေ့မှာပင် သူ၏ရည်းစားအသစ် နွယ်နွယ်ဦးထံတွင် ထပ်ကာ ပါးရိုက်ခံလိုက်ရပါသည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မာမာဝေ ကျေနပ်နှစ်သိမ့်နိုင်သလို ချက်ကြီး (ခေါ်) တင်အုံးသည်လည်း နောင်ကျဉ်သွားပြီ ဖြစ်ကြောင်း သိစေလိုပါသည်။

ချက်ကြီး(ခေါ်)တင်အုံး၏
မညွှန်ကြားချက်ဖြင့်
အမည်မဖော်လိုသူ

စာဖတ်အပြီးမှာတော့ ချက်ကြီးတစ်ယောက် ကြီးစွာသောသက်ပြင်းကို တစ်ကျောင်းလုံးကြားအောင် ချလိုက်လေသည်။

နိုင်ကြီးက စဉ်းစားဟန်ပြုလျက် . . .

"တကယ်တော့ ဒီကြော်ငြာထည့်တဲ့လူဟာ မင်းကို သိးသန့် မကျေနပ်တာလား၊ ဒါမှမဟုတ် နွယ်နွယ်ဦးဘက်က တင်းလို့ မခံချင်လို့လား မသိဘူး"

"မင်းက ဘာဖြစ်လို့ အဲလိုပြောနိုင်တာလဲ"

အောင်ဒွေး၏အမေးကို နိုင်ကြီးကပဲ . . .

"ဩော် ဒီလိုလေ . . . ဒီကောင် မာမာဝေနဲ့ပြတ်ပြီး နွယ်နွယ်ဦးကို ချဉ်းကပ်တော့ ဒင်းက သူ့ဘဝမှာ တစ်ခါမှ ရှည်းစားမထားဖူးဘူး, ဘာညာ

နဲ့ ဖြီးဖြန်းပြီး လူပျိုစင်လေးလို ပြောခဲ့တာကိုး''

''မင်းပြောသလိုဆို ဒီကောင့်အထုပ်ကို အဲဒီလူက ဖြည်လိုက်တာပေါ့ . . . ဒီလိုလား''

''ဒါပဲပေါ့ကွ''

ဟုတ်သော်ရှိ မဟုတ်သော်ရှိ နှစ်ကောင်သား အတိုင်အဖောက်ညီနေကြသည်။ ချက်ကြီးမှာတော့ ပြန်လည်ပြင်ဆင်၍မရသော အပြစ်တစ်ခုလုပ်ခဲ့မိသူလို မျက်နှာငယ်လေးနှင့်။

မိုးခက်က မျက်နှာတည့်ကာ အတန်ကြာငြိမ်သက်နေပြီးမှ စာစောင်ကို ပြန်ယူ၍ဖတ်နေပြန်သည်။ ပြီး မျက်မှောင်ကြီးလည်း ကုတ်လာပြန်သဖြင့် နိုင်ကြီးက . . .

''ဟေ့ကောင် မိုးခက် . . . စာစောင်ထဲမှာ ဘာတွေ့လို့ ငြိမ်ပြီးစဉ်းစားနေတာလဲ''

ထိုအခါမှ မိုးခက်က စာစောင်ကိုပြန်လှန်ကာ ကြော်ငြာတစ်ခုအားသက်ညှိုးနှင့်ထောက်ပြလျက် . . .

''ဒီကြော်ငြာကို သေသေချာချာ ဖတ်ကြည့်စမ်းပါ . . . ထူးဆန်းနေတယ်လို့ မင်းတို့ မခံစားရဘူးလား''

အားလုံးပဲ မိုးခက်ပြသော ကြော်ငြာကို ဖတ်ကြည့်လိုက်ကြသည်။ အစ်ဆက်တည်း အံ့ဩသောမျက်နှာပေးတွေနှင့် မျက်ခုံးကိုယ်စီ ပင့်လိုက်မိကြသည်။

●

## အ လို ရှိ သည်

(ကျောင်းတွင်း၌သာ ခန့်ထားရန်)

- ကျောင်းသားဖြစ်ရမည်။
- ကျန်းမာသန်စွမ်းပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူ ဖြစ်ရမည်။
- လက်ရှိ ရည်းစားရှိသူ မဖြစ်စေရ။
- သင်စိတ်ဝင်စားသောအလုပ် ဖြစ်စေရမည်။
- စိတ်ဝင်စားသောသူသည် ကြော်ငြာပါ (၂၄) နာရီ အတွင်း ဦးကျော်ကြီးကာင်တင်း၌ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

''စိတ်တော့ဝင်စားစရာပဲကွ၊ စာစောင်မှာ ဒီလို အလုပ်ခေါ်တဲ့ ကြော်ငြာမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး''

နိုင်ကြီးစကားအဆုံးမှာ အောင်ဒွေးကလည်း ...

''ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့ ဒီကြော်ငြာက တမင်

စတာနဲ့ထွင်ပြီး ထည့်တဲ့ကြော်ငြာရော မဖြစ်နိုင်ဘူးလား''

မိုးခက်က ခေါင်းညိတ်ရင်း ...

''မင်းပြောတာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီလို ကျောင်းတက်မပျက်ဘဲ လုပ်လို့ရတဲ့အလုပ်ဆိုတော့ သွားလျှောက်ကြည့်ရင် ကောင်းမလားလို့''

''ဒါကတော့ မင်းသဘောပဲလေ၊ ဒီလိုကြော်ငြာလေးတစ်ခုကို မင်းစိတ်ဝင်စားသွားတယ်ဆိုတာတော့ ငါတို့အတွက် ထူးဆန်းနေတယ် မိုးခက်''

အောင်ဋ္ဌေးအပြောကြောင့် မိုးခက်က ဟက်ခနဲ ရယ်လိုက်ပြီး ...

''ထူးဆန်းမှာပေါ့ကွာ ... ဒီကြော်ငြာကိုက ထူးဆန်းနေတာကိုး၊ ပြီးတော့ ဒီကြော်ငြာမှာ ငါ့ကို ဆွဲဆောင်နိုင်စေတဲ့ အချက်တစ်ချက် ရှိသေးတယ်ကွ''

''ဟင် ... အဲဒီအချက်ဆိုတာက''

''ရှင်းနေတာပဲလေ ... လက်ရှိ ရည်းစားရှိသူ မဖြစ်စေရဆိုတဲ့အချက်ပဲ''

''ဩော် ... ဒီလိုလား''

''အေး ... ဒီလိုပဲ''

■

## အခန်း (၃)

ထိုသို့ဖြင့် ...

မိုးခက်ဦးဆောင်ကာ လေးယောက်သား ဦးကျော်ကြီးကင်တင်းသို့ နောက်တစ်ကြိမ် ထပ်မံရောက်ရှိသွားပြန်သည်။

သူတို့ကိုမြင်မြင်ချင်း ဦးကျော်ကြီးတစ်ယောက် အနည်းငယ်စိတ်ရှုပ် သွားသောပုံစံဖြင့် ...

"ဟာ ... မောင်ရင်တို့က နောက်တစ်ခေါက် ထပ်ရောက်လာကြ ပြန်ပြီလား။ ဆိုပါဦး ... ဒီနေ့စာစောင်မှာရော ဘာများ မကျေနပ်စရာ ထပ်ပါလာလို့လဲ"

ထိုစကားကြောင့် မိုးခက်က ခေါင်းအသာခါလိုက်ရင်း ...

"မကျေနပ်တာတွေ့လို့တော့ မဟုတ်ပါဘူး။ ဒီနေ့စာစောင်မှာ ပါတဲ့

ကြော်ငြာတစ်ခုကြောင့် လာတာပါ''

စကားဆုံးဆုံးချင်းမှာပဲ ဦးကျော်ကြီးက ရိပ်စားမိဟန်ဖြင့် ...

''ဪ ... သဘောပေါက်ပြီ၊ အလုပ်ခေါ်တဲ့ကြော်ငြာကို တွေ့လို့နဲ့တူတယ်''

''ဟုတ်ပါတယ် ... အဲဒီကြော်ငြာကြောင့် ပြန်လာခဲ့တာပါ၊ ကျွန်တော် အဲဒီအလုပ်ကို လျှောက်ချင်လို့''

ပြောလိုက်သောစကားကြောင့် ဦးကျော်ကြီးက မိုးခက်ကို အစုန်အဆန်ကြည့်ကာ ...

''ဘယ်လို ... မင်းက လျှောက်ချင်လို့ ... ဟုတ်လား''

မိုးခက်က ...

''ဟုတ်ပါတယ် ... အဲဒီအလုပ်အတွက် ဘာဆက်လုပ်ရမလဲ ဆိုတာကိုပဲ ပြောပါ''

ဦးကျော်ကြီးက ဘာမှထပ်ပြောမနေတော့ဘဲ ကောင်တာဆီသို့ ပြန်ထွက်သွားသည်။ ပြီး စာရွက်တစ်ရွက်ယူလာကာ မိုးခက်ကို လှမ်းပေးပြီး

''ရော့ ... အဲဒါ မင်းပြောတဲ့အလုပ်အတွက် လျှောက်လွှာပဲ၊ တကယ်လုပ်ချင်တယ်ဆိုရင်တော့ လျှောက်လွှာမှာဖြည့်ပြီး ကိုယ့်ဆီမှာ ပြန်တင်ထားခဲ့''

လက်ထဲရောက်လာသည့် လျှောက်လွှာကို မိုးခက် ကြည့်လိုက်သည်။ တစ်ဆက်တည်း စနစ်တကျလုပ်ထားပါလား ဆိုသည့်အတွေးဖြင့် ပြုံးလည်းပြုံးမိသွား၏။ ပြီး ထိုလျှောက်လွှာပါပုံစံအတိုင်း ဖြည့်စွက်လိုက်ပါသည်။

## ကိုယ်ရေးမှတ်တမ်းအကျဉ်း

| | | |
|---|---|---|
| အမည် | - | မောင်မိုးခက် |
| အဘအမည် | - | ဦးမိုးမောင် |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | ၁၁/သတန(နိုင်) ဝ၅၃၁၅၄ |
| မွေးသက္ကရာဇ် | - | ၁-၄-၁၉၉၃ |
| လူမျိုး | - | ဗမာ |
| ကိုးကွယ်သည့်ဘာသာ | - | ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | - | ဒုတိယနှစ် (သမိုင်း) |
| သွေးအုပ်စု | - | A |
| အလုပ်အကိုင် | - | ကျောင်းသား |
| ရည်းစားရှိ/မရှိ | - | မရှိ |
| ဝါသနာ | - | စာရေး၊ စာဖတ်၊ ကြက်တိုက်၊ ဖဲရိုက် |
| မျှော်မှန်းလစာ | - | (၁၀) သိန်း |
| ဆက်သွယ်ရန်လိပ်စာ (သို့) | - | |
| တက်ရောက်နေသည့်မေဂျာ | | |
| အတန်းနှင့် ခုံအမှတ် | - | ၂သ (၁၉၉)၊ ဒုတိယနှစ် (သမိုင်း) |

မိုးခက်

ထိုးမြဲလက်မှတ်

မိုးခက်ဖြည့်လိုက်သော လျှောက်လွှာကို သုံးယောက်စလုံး ဝိုင်းကာ ဖတ်လိုက်ကြသေးည်။ မျက်ခုံးအသီးသီးပင့်လိုက်မိကြသော်လည်း ဘာမှတော့ မပြောကြ။

လျှောက်လွှာဖြည့်ပြီးချိန်မှာတော့ မိုးခက်က တစ်ခေါက် ထပ်ကာ စစ်လိုက်ရင်း ဦးကျော်ကြီးထံသို့ ကမ်းပေးလိုက်သည်။

ဦးကျော်ကြီးက လျှောက်လွှာကို မျက်စိဝေ့ကာပင် ဖတ်မကြည့်ဘဲ သပ်သပ်ရပ်ရပ်ခေါက်ကာ စာအိတ်တစ်အိတ်ထဲသို့ထည့်၍ ကော်ဖြင့် အသေ ပိတ်ပစ်လိုက်သည်။

ပြီး မိုးခက်ကို ...

"ဒီနေ့ မင်းလိုလာလျှောက်တာတော့ ရှစ်ယောက်လောက် ရှိတယ်

အဲ . . . မင်းကို ခန့်မခန့်ဆိုတာကတော့ မနက်ဖြန် ဒီအချိန်လောက် လာ

စုံစမ်းကြည့်ပေါ့ . . . ဟုတ်ပြီလား''

မိုးခက် ခေါင်းအသာညိတ်ပြရင်း လှည့်ထွက်လာခဲ့သည်။ လမ်းမှာ

ချက်ကြီးက သိချင်လွန်းအားကြီးသည့်ပုံစံဖြင့် . . .

''မိုးခက် . . . မင်းလျှောက်လွှာမှာ ဘာ ဘာဖြစ်လို့ . . .''

ချက်ကြီးအမေးစကား မဆုံးခင်မှာဘဲ မိုးခက်က အားလုံးကို ကြည့်

ကာ ခပ်ပြတ်ပြတ် ပြန်ပြောလိုက်လေသည်။

''မင်းတို့ ဘာသိချင်နေကြတယ်ဆိုတာ ငါသိတယ်၊ ဒါပေမဲ့ အဲဒီ

မေးခွန်းကို ငါ အခုမဖြေနိုင်သေးဘူး . . . ဒါပဲ''

''ဟာ''

■

## အခန်း (၄)

နောက်နေ့မှာ မိုးခက် ကျောင်းနောက်ကျသည်။ အကြောင်းကိစ္စ ထွေထွေထူးထူး ရှိနေလို့မဟုတ်။ တမင်တကာ နောက်ကျခံခဲ့ခြင်း ဖြစ်သည်။ ကျောင်းတော်ကြီးနှင့် ဆရာ၊ ဆရာမများအား မလေးစား၍မဟုတ်ပါ။

တကယ်တော့ မနေ့ကကိစ္စနှင့်ပတ်သက်ပြီး ဟိုသုံးကောင် စောင့်နေလိမ့်မည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။ ယုံကြည်ထားသည့်အတိုင်း ထိုင်နေကျကင်တင်းရောက်တော့ စာသင်ခန်းဆီသို့ မသွားနိုင်ဘဲ မိမိကို စောင့်နေသည့် သကောင့်သားသုံးကောင်အား တွေ့လိုက်ရလေ၏။

မိုးခက်က လွယ်အိတ်ခနဲ့ပြုံး၍ ဒင်းတို့ဝိုင်းမှာပင် ဝင်ထိုင်လိုက်ကာ …

"မင်းတို့ကို ငါ ပြောစရာရှိတယ်ကွ"

စကားဆုံးဆုံးချင်းပင် ချက်ကြီးက စောင်းငမ်းငမ်း ပြန်ကြည့်လာပြီး

. . .

''အေး . . . ငါတို့လည်း မင်းပြောတာကို ကြားချင်လို့ အတန်း မတက်သေးဘဲ ထိုင်စောင့်နေကြတာ''

မိုးခက်က ခေါင်းတဆတ်ဆတ် အရင်ညိတ်လိုက်သေးသည်။

ပြီးမှ . . .

''ငါထင်ပါတယ် . . . မနေ့က လျှောက်လွှာမှာဖြည့်လိုက်တဲ့ အချက် တစ်ချက်ကို မေးမှာမဟုတ်လား''

''ဟုတ်တယ်လေ . . . မျှော်မှန်းလစာဆိုတဲ့ နေရာမှာ မင်းက ဘာ သဘောနဲ့ ဆယ်သိန်းလို့ ရေးခဲ့တာလဲ . . . ရှင်းစမ်းပါဦး''

မအောင့်နိုင်တော့သည့်ပုံစံဖြင့် နိုင်ကြီးက ဝင်မေးလိုက်ခြင်း ဖြစ် သည်။ မိုးခက်ကလည်း ခပ်တည်တည်ပင် ပြန်ပြောလိုက်၏။

''ရှင်းနေတာပဲလေကွာ . . . တကယ် ဆယ်သိန်းလိုချင်လို့ မျှော် မှန်းလစာ ဆယ်သိန်းလို့ ရေးလိုက်တာပါ''

''အေး . . . အဲဒါကိုပဲ ငါတို့က မရှင်းတာကွ၊ မင်းကွာ . . . အဲဒီ ကော်ပြောဟာ နောက်ပြီးထည့်တာမဟုတ်ဘဲ တကယ်ဆိုရင်တောင် လစာက ဆယ်သိန်းပေးမလားကွ''

''ဟုတ်တယ်လေ . . . တကယ်အလုပ်ခန့်ရင်တောင် ဒီကျောင်းထဲ မှာပဲ လုပ်ရမယ့်ဟာကို''

ချက်ကြီးနှင့်အောင်ဌေးက အတိုင်အဖောက်ညီညီ ဝေဖန်လာသည်။ နားသယ်စပ်ကို လက်ညှိုးလေးနှင့် ကုတ်ရင်း မိုးခက်က . . .

''ပေးတာ မပေးတာက သူ့ကိစ္စလေကွာ၊ ငါ့ဘက်ကတော့ ငါလို

ချင်တာကို ရေးရမှာပဲလေ၊ မင်းတို့ကလည်း ဘာမှ ရေရာမှုမရှိတဲ့ကိစ္စကိုမှ အရေးထားနေကြတယ်၊ သောက်စရာရှိတာ သောက်၊ ပြီးရင် အတန်းသွားတက်ရအောင်''

သုံးယောက်စလုံး ဘာမှ စောဒကမတက်ကြတော့ဘဲ စားသောက်ခြင်းအမှုကို လက်စသတ်လိုက်ကြသည်။ ပြီး လေးယောက်သား အတန်းတက်ရန် ခပ်သုတ်သုတ် ထွက်လာခဲ့ကြ၏။

နေ့လယ်ထမင်းစားချိန်အထိ အားရပါးရ စာသင်လိုက်ကြသည်။ ဆရာ၊ ဆရာမတွေကလည်း အသင်အပြ ကောင်းသည်ကိုး။

''မင်းတို့ ကင်တင်းမှာပဲ ရှိမှာမဟုတ်လား၊ ငါ နွယ်နွယ့်ဆီ လစ်လိုက်ဦးမယ်၊ စားပြီးမှပဲ မင်းတို့ဆီလာတော့မယ်ကွ''

''အေး အေး ... ချက်ကြီး ... ထမင်းပဲ စားခဲ့နော်''

နိုင်ကြီးက စလိုက်သဖြင့် ချက်ကြီး တွန့်ခနဲဖြစ်သွားရပြီး ...

''အောင်မာ ... ငါက ထမင်းမစားလို့ ဘာစားရမှာလဲ၊ မင်းတို့ကောင်တွေဟာလေ ရည်းစားမထားဖူးမှန်း သိပ်သိသာတာပဲ''

''ဟမ် ... ဘာဖြစ်လို့''

''ဘာဖြစ်ရမှာလဲ ... ငါ့ကို မနာလိုဖြစ်နေကြတာပေါ့''

ထိုသို့ အပေါ်စီးကပြောကာ ချက်ကြီးတစ်ယောက် ကော့လန်ကော့လန်နှင့် ထွက်သွားလေတော့၏။

မိုးခက်က လှမ်းကြည့်ရင်း ...

''ဒီကောင်ပြောတာလည်း ဟုတ်သလိုလိုပဲကွ၊ မင်းတို့မှ ရည်းစားထားဖူးတာကိုး၊ ခုပဲ ချက်ကြီးကိုကြည့် ... နာမည်ကသာ ချက်ကြီး

ဒီနှစ်ထဲမှာ ရည်းစားက နှစ်ယောက်တောင်ထားပြီးပြီ၊ ဘာပဲပြောပြော ကျောင်းမှာ စားရေးသောက်ရေးအတွက်တော့ ဒီကောင် အဆင်ပြေနေတာ မင်းတို့အမြင်ပဲ''

အောင်ဌေးက ဆတ်ခနဲကြည့်လာသည်။ ပြီး ...

''ငါတို့ကို လာပြောမနေနဲ့ မိုးခက်၊ မင်းကော ချက်ကြီးလို အဖြစ်မျိုး လို့လား''

''ဟော့ကောင် ... ငါက မထားချင်လို့ မထားတာကွ၊ မင်းတို့ကျ တော့ ကြိုက်မယ့်မိန်းကလေးကို မရှိတာ၊ ကွာခြားချက်ကတော့ အဲဒါပဲ''

နှစ်ကောင်စလုံး ပါးစပ်ပိတ်သွားကြ၏။ ဟုတ်သည်လေ၊ ကျောင်း မှာ မိုးခက်ကိုစိတ်ဝင်စားသော မေဂျာတူကောင်မလေး သုံးယောက်လောက် ရှိသည်။ ဒါသည်ကိုပင် မိုးခက်ဆိုသောငတိက ပြန်စိတ်မဝင်စား။ တစ်ပြန်ကြီး အင်တင်တင်လုပ်ခဲ့သည်။ နောက်တော့ ထိုကောင်မလေးတွေလည်း မိုးခက်ကိုစောင့်မနေဘဲ အချိန်ကိုတန်ဖိုးရှိအောင် အသုံးချပြီး ရည်းစားကိုယ် စီ ရသွားကြသည်။ ထိုသို့ထိုပုံ အဖြစ်အပျက်တွေရှိခဲ့သောကြောင့် ခုချိန်မှ မိုးခက်က တင်တင်စီးစီး ပြောလာခြင်းဖြစ်၏။

ခုလည်း ငြိမ်နေကြရင်း နိုင်ကြီးက အရင်သတိရဟန်ဖြင့်

''ဟာ ဟော့ကောင် ... မင်း ဦးကျော်ကြီးကင်တင်းကို မသွား ဘူးလား၊ ဟိုကိစ္စကို ဒီနေ့လာစုံစမ်းလို့ ပြောထားတာလေ''

စကားအဆုံးမှာ မိုးခက်က ဟက်ခနဲရယ်ရင်း ...

''မသွားတော့ပါဘူးကွာ၊ မင်းတို့ကို မနက်က ငါနောက်ပြီး ပြော နေတာကွ၊ တစ်ဖက်က နောက်တာမဟုတ်ဘဲ တကယ် အလုပ်ခေါ်တယ်

ခင်တောင် ငါ ရေးခဲ့တဲ့လျှောက်လွှာနဲ့က ဘယ်အဆင်ပြေပါ့မလဲ၊ အဲဒီကြော် ငြာက ထူးထူးဆန်းဆန်းမို့ ငါလည်း ထူးဆန်းတာလေး ပြန်လုပ်ခဲ့တာ ... ဒီလောက်ပဲ''

''မင်းကွာ ... ဘာကောင်မှန်းကို မသိဘူး''

အောင်ဌေးက စူပွပွ ရေရွတ်လိုက်၏။ ဟုတ်တော့လည်း ဟုတ်သည်။ တစ်ခါတလေ မိုးခက်ဆိုသောကောင်က ဘာကောင်မှန်းမသိ။ နိုင်ငံသားလက်မှတ်နှင့် ကျောင်းသားကတ်တို့ကို ပူးတွဲကိုင်ထားသော မြန်မာပြည်ဖွား တက္ကသိုလ်ကျောင်းသားမှန်းတော့ သိသည်။ မသိသည်က တစ်ခါတလေ ဒင်းလုပ်တတ်သော အူကြောင်ကြောင်၊ ပေါက်တတ်ကရ ညစ်ကျယ်ကျယ်လုပ်ရပ်များ ဖြစ်၏။

ခုလည်း ရပ်စကားပြောနေကြရင်း မိုးခက်ကပဲ ...

''ကင်တင်းသွားရအောင်လေကွာ၊ ရပ်ပြီး ဘာလုပ်နေကြတာလဲ''

''ဪ ... အေး အေး''

သုံးယောက်သား ထိုင်နေကျကင်တင်းဆီ ချီတက်လိုက်ကြသည်။ သို့သော် လမ်းမှာ ...

''ဟေ့ ဟေ့ မိုးခက် ... ခဏလေး''

ခေါ်သံကြောင့် ကြည့်လိုက်တော့ အတန်းထဲမှ အသိကျောင်းသားတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုကျောင်းသားကပဲ မိုးခက်ကို ...

''မိုးခက် ... မင်း ဦးကျော်ကြီးကင်တင်းကို မသွားဘူးလား''

မိုးခက် ကြောင်သွားရပြီး ...

"ဟင် ... ဘာဖြစ်လို့လဲ၊ ငါတို့က ထိုင်နေကျကင်တင်းမှာပဲ ထိုင်တာလေ"

စကားအဆုံးမှာ ထိုကျောင်းသားက လေပူမှုတ်ကာ ခေါင်းကုတ်လိုက်ရင်း ...

"ဟူး ... ဒါဆို မင်း စာစောင်မဖတ်ရသေးဘူးနဲ့တူတယ်၊ ရော့ ... ဖတ်ကြည့်လိုက်ဦး"

ပြောပြောဆိုဆိုပင် သံယောဇဉ်နေ့စဉ်စာစောင်ကို သူ့အိတ်ထဲမှ ထုတ်ပေးလာသည်။

မိုးခက် အူကြောင်ကြောင်နှင့် ဆွဲယူကာ လှန်လှောကြည့်တော့ ..

"ဟင်"

ငါးဆယ်ရာခိုင်နှုန်းလောက် အံ့ဩသွားရ၏။

■

**အမြန်ဆက်သွယ်ပါ**

**မိုးခက်၊ ၂၁၁ (၁၉၉၉)**

**အလုပ်ကိစ္စအတွက် ဦးကျော်ကြီးကင်တင်း**

**သို့ အမြန်ဆက်သွယ်ပါရန်။**

## အခန်း (၅)

"ရှေ့ မိုးခက် . . . ဒါက မင်းကို ကြော်ငြာရှင်ပေးထားတဲ့ စာအိတ်ပဲ"

ကင်တင်းထဲရောက်ရောက်ချင်း ဦးကျော်ကြီးက စာအိတ်ရှည်တစ် အိတ် လှမ်းပေးလာသည်။ မိုးခက်က လှမ်းယူရင်း . . .

"အထဲမှာ ဘာတွေရေးထားတာလဲဗျ"

ဦးကျော်ကြီးက မျက်မှောင်တွန့်ကာ ခေါင်းခါလိုက်ပြီး . . .

"ဟ . . . ငါ ဘယ်သိမလဲကွ၊ ကြော်ငြာရှင်က မင်းနာမည်တပ် ပြီး ပို့လိုက်တာလေ၊ စာအိတ်ကလည်း ပိတ်ထားတာ၊ အဲ . . . အပွင့်ဆို တောင် ငါ ဖတ်ကြည့်မှာမဟုတ်ဘူး"

တိကျပြတ်သားစွာ ရှင်းပြလာသည်။ မိုးခက်က ဘာမှမပြော

စာအိတ်ယူကာ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ ထို အမူအရာကြောင့် ဦးကျော်ကြီးက ချက်ချင်းပဲ ...

"ခဏလေးကွ ... မင်း အဲဒီစာကို ဒီမှာ ဖတ်မှဖြစ်လိမ့်မယ်"

"ဗျာ ... ဘာဖြစ်လို့လဲ"

"ဩော် ... ကိစ္စရှိသေးလို့ပေါ့ကွာ၊ ကိုယ်ပြောသလိုသာ လုပ်စမ်းပါ"

မိုးခက်က သက်ပြင်းချရင်း ချက်ကြီးတို့ကိုကြည့်လိုက်သည်။ ထို လူတွေကလည်း သူတို့ကိုယ်သူတို့ နိုင်ငံခြားဇာတ်ကားတွေထဲမှ ဇာတ်လိုက်တွေဟု ထင်နေလားမသိ။ ကိုယ်စီ ပခုံးတွန့်ပြလာသည်။

ထို့ကြောင့် ဘာမှထပ်မပြောမနေတော့ဘဲ နီးစပ်ရာခုံမှာ ဝင်ထိုင်ရင်း စာအိတ်ကိုဖွင့်ဖောက်ကာ ဖတ်ကြည့်လိုက်၏။

စာရွက်ဖြူဖြူပေါ်မှာ စာလုံးမည်းမည်းလေးတွေကို အရင်တွေ့လိုက်ရသည်။ စာဆိုမှ စာရွက်ပေါ်မှာ စာလုံးမတွေ့လို့ နင့်ကြီးတော် တွေ့ရမှာလားဟု မကောကြပါနှင့်။ ရှင်းပြပါမည်။ ဆိုလိုချင်တာက (A4) စာရွက်ပေါ်တွင် ကွန်ပျူတာဖြင့် စာစီထားသော (0.14) အရွယ်အစားရှိ စာလုံးမည်းမည်းတွေကို တွေ့လိုက်ရခြင်း ဖြစ်၏။ ပြောရတာလည်း လက်ညောင်းအဲ ... ရှုပ်သည်။

မိုးခက်က ထိုစာကို မျက်စိနှစ်လုံးဖြင့် ဖတ်လိုက်ပါပြီ။ ထိုသို့ဆို၍ မျက်လုံးနဲ့မဖတ်လို့ ခြေမျက်စိနဲ့ ဖတ်မှာလားဟု စာဒက မတက်ကြပါနှင့်။ လက်ညောင်း၍ မရှင်းချင်တော့ပါ။

ရေးထားသော အဲ ... ရိုက်ထားသောစာသားတွေကတော့ ...

သို့

မောင်မိုးခက်

မောင်မိုးခက်၏ မျှော်မှန်းလစာနှင့် ကျွန်ုပ်တို့အပ်မည့် အလုပ်က တန်ရာတန်ကြေးညီမျှသည်ဟု ယူဆမိသဖြင့် ယခုအလုပ်အတွက် မောင်မိုး ခက်ကို ခန့်လိုက်ပါသည်။

သို့သော် အလုပ်နှင့်ပတ်သက်သော စည်းကမ်းချက်များကိုလည်း မောင်မိုးခက်အား ကြို၍ အသိပေးထားချင်ပါသည်။

၁။ ဤအလုပ်သည် ကျောင်းချိန်အတွင်း၌သာ ဖြစ်သည်။

၂။ ဥပဒေနှင့်ငြိစွန်းသော၊ မသမာသောအလုပ် မဟုတ်ပါ။

၃။ အလုပ်တာဝန်သည် (၂) လတိတိဖြစ်ပြီး ပြီးဆုံးအောင် လုပ်ေ ရမည်။

၄။ အကယ်၍ ပြီးဆုံးအောင်မြင်အောင် မလုပ်နိုင်ပါက ကျွန်ုပ်တို့ တောင်းဆိုသော လျော်ကြေး (ငွေမဟုတ်ပါ) ကို ပြန်ပေးရမည်

၅။ ဤအလုပ်ကိစ္စ အပြင်သို့ ပေါက်ကြားပါကလည်း အထက်ပါ နံပါတ် (၄) အချက်အတိုင်း လက်ခံပေးရမည်။

၆။ ကျွန်ုပ်တို့ မည်သူမည်ဝါဆိုသည်ကို မစုံစမ်းရ။

အထက်ပါစည်းကမ်းချက်များအား သဘောတူလက်ခံပါက အလု ဖြစ်ပြီဟုယူဆပြီး ဤစာရွက်တွင် လက်မှတ်ထိုး၍ ဦးကျော်ကြီးကင်တင်းတွ ပြန်ထားခဲ့လိုက်ပါ။

*အကယ်၍ မလုပ်လိုပါကလည်း ယခုစာပါ အကြောင်းအရာတွေအား မေ့လိုက်၍ စာကို ပြန်ထားခဲ့ပေးပါ။*

*ဒီလောက်ပါပဲ။*

စာဖတ်အပြီး မိုးခက် မျက်ခုံးပင့်လိုက်မိသည်။ စာအောက်ဘက်မှာတော့ ပေးပို့သူ၏နာမည် (သို့) သင်္ကေတ တစ်ခုမှမပါချေ။ အလုပ်လက်ခံသူ လက်မှတ်ထိုးရမည့်နေရာဟု ရေးထားသည့် နေရာကွက်လပ်ကလေးသာ ပါသည်။ အကယ်၍ ဒီအလုပ်ကို လက်ခံပါက ထိုနေရာမှာ ကိုယ်ကပဲ လက်မှတ်ထိုးရမည့်သဘော ဖြစ်သည်။

ရုတ်တရက် မိုးခက် ဘာလုပ်ရမည်မှန်းမသိ။ အတော်ကြီးကို ခေါင်းစားသွားသည်။ အလုပ်ကတော့ အပ်နေပြီ။ ကိုယ်လက်မှတ် ထိုးလိုက်ရုံလေးနှင့်လည်း ပြီးပြီ။

သို့သော် စဉ်းစားရသေး၏။ တစ်ဖက်လူက ဤအလုပ်သည် လစာ (၁၀) သိန်းနှင့်တန်သည်ဟု ဆိုသည်။ ပြီး ဥပဒေနှင့်ငြိစွန်းသော၊ မသမာသော အလုပ်လည်း မဟုတ်တဲ့။ နောက် ကျောင်းချိန်အတွင်းမှာဟုလည်း ဆိုထားသေးသည်။ ထိုဘောင်တွေထဲမှာ (၁၀) သိန်းတန်သောအလုပ်သည် ဘာအလုပ်များဖြစ်နိုင်သနည်း။

ဘယ်လိုမှ စဉ်းစားမရတော့။ ကိစ္စက မထင်မှတ်ဘဲ ကြီးကျယ်လာလေပြီ။

ထိုစာကို သူနှင့်အတူ ဖတ်မိကြသော ချက်ကြီးတို့ကို ကြည့်ကာ ...ခက်က ...

"မင်းတို့ကော ဘယ်လိုထင်ကြလဲကွ . . . ဟေ"

ဘာမှ ပြန်မဖြေကြသေးဘဲ သကောင့်သားတွေက တစ်ယောက်မျက်နှာတစ်ယောက် မမြင်ဖူးကြသလို အရင်ကြည့်လိုက်ကြသေးသည်။ ပြီးမှ ချက်ကြီးက အရင် လေပူတစ်ချက်မှုတ်၍ . . .

"မပြောတတ်တော့ဘူး မိုးခက်ရာ . . . ဒီလိုဖြစ်လာဖို့ဆိုတာ ထင်မထားတော့"

ချက်ကြီးစကားဖြတ်လိုက်သဖြင့် မိုးခက်က နိုင်ကြီးနှင့် အောင်ဌေးကို ထပ်ကြည့်လိုက်၏။ နိုင်ကြီးကလည်း . . .

"ဟုတ်တယ်မိုးခက် . . . ငါလည်း ချက်ကြီးပြောသလိုပဲကွာ"

နောက်ဆုံးမှ ထွက်လာသော အောင်ဌေး၏စကားကလည်း အားရဖွယ်မရှိ။ အချည်းနှီးပင်။

"မင်းဟာမင်း ကြိုက်သလိုသာ ဆုံးဖြတ်တော့ မိုးခက်ရာ . . . ငါလည်း မပြောတတ်တော့ဘူး"

စကားတွေကတော့ အားရစရာကောင်းလှသည်။ မေးမိသောကိုယ့်ပါးစပ်ကိုယ် ရိုက်ချင်စိတ်ပေါက်သွားရ၏။

ထိုသောအတွေးနှင့် မိုးခက် အနည်းငယ်တင်းသွားကာ . . .

"နေကြစမ်းပါဦးကွ . . . မင်းတို့က ငါ့ကို အကြံပေးတာလည်း မဟုတ်၊ ကန့်ကွက်တာလည်း မဟုတ်၊ တိုက်တွန်းတာလည်း မဟုတ်ဘူးဆိုတော့ ဘာတွေလဲကွ . . . ဟေ"

ထိုသို့ ငေါက်ငမ်းလိုက်ပြန်တော့လည်း သုံးယောက်စလုံးက မျက်နှာလေးတွေ ငယ်ပြလာပြီး . . .

"ဒီလိုကွာ ... ငါတို့က တော်ရုံကိစ္စတွေမှာတောင် မင်းလောက် မတွေးတတ်တော့ ငါတို့ပေးလိုက်တဲ့အကြံဟာ မှားသွားမှာစိုးလို့ကွ"

အောင်ဒွေးစကားအဆုံးမှာ ချက်ကြီးကလည်း ...

"ဟုတ်တယ်မိုးခက် ... ငါတို့ရဲ့ တစ်ယောက်တစ်ပေါက် အကြံတွေ က မင်းစိတ်ကို ဝေဝါးသွားလိမ့်မယ်"

"အဲဒါကြောင့် မင်းဟာမင်းဆုံးဖြတ်လို့ ပြောတာ၊ အဲ ... ကောင်း တာပဲဖြစ်လာလာ, ဆိုးတာပဲဖြစ်လာလာ ငါတို့ မင်းနဲ့အတူ မျှဝေခံစားမယ် ကွာ၊ အဲဒါတော့ ကတိပေးတယ်"

"အေး ... ငါတို့လည်း အတူတူပဲ"

နောက်ဆုံးစကားကတော့ မိုးခက်ရင်ထဲထိ ရောက်သွားတာ အမှန်ပဲ ဖြစ်သည်။ ဒီကောင်တွေ ဆိုးတူကောင်းဖက်ရှိနေမှတော့ စွန့်စားကြည့်လိုက် ကာကောင်းမည်ဟု မိုးခက် တွက်လိုက်၏။

ထိုသောအတွေးနှင့် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲလင်းလင်း ချလိုက် ကာ ...

"အေး ... ဒီလိုဆိုရင်တော့ ငါလည်း လက်မှတ်ထိုးလိုက်ပြီကွာ"

ပြောရင်းပင် ထိုစာရွက်အောက်ဘက်ကနေရာမှာ လက်မှတ်ထိုးချ လိုက်၏။

ပြီး ထိုစာရွက်ကို ဦးကျော်ကြီးထံ ကမ်းပေးလိုက်သည်။ ဒီတစ်ခါ တော့ ဒင်းကြီးက စာရွက်ပေါ်က မိုးခက်၏လက်မှတ်ကို သေသေချာချာ ကြည့်ပြီး ခေါင်းကလေးညိတ်ကာညိတ်ကာ လုပ်လျက် ...

"ဩော် ... မင်းက ဒီအလုပ်ကို လက်ခံလိုက်ပြီပေါ့"

"ဟုတ်ပါတယ်"

"အေး ... အဲလိုဆိုရင်တော့ မင်းကို ဒီစာအိတ်ထပ်ပေးရလိမ့်မယ်၊ ရော့ ... ယူပြီးပြန်တော့။ အကြောင်းရှိရင် စာစောင်ထဲကနေ ဆက်သွယ်လိမ့်မယ်"

ပြောပြောဆိုဆို စာအိတ်တစ်အိတ် ထုတ်ပေးလာပြန်သည်။ ဒီတစ်ခါစာအိတ်ကတော့ အနည်းငယ်ကြီးသည့် အညိုရောင်စာအိတ်ဖြစ်၏။ ပြီး ပြန်တော့ဟု ပြောနေသည်မို့ ထိုစာအိတ်ကိုယူကာ သူတို့လည်း ထွက်လာခဲ့ကြသည်။

တိုင်ပင်စရာမလိုဘဲ ထိုင်နေကျကင်တင်းဆီသို့ ပြန်လာခဲ့ကြ၏။ ကင်တင်းရောက်တော့ မိုးခက်က ထိုစာအိတ်ကို စားပွဲပေါ် ပစ်တင်လိုက်သည်။

နိုင်ကြီးက ထိုစာအိတ်ကိုကြည့်ကာ ...

"အထဲမှာ ဘာတွေပါလဲတော့မသိဘူးနော်၊ မင်းကိစ္စကြီးက ထူးဆန်းနေတယ်"

ချက်ကြီးကလည်း ...

"အေးလေ ... တွေးကြည့်ရင်တောင် ကြောက်သလိုလို၊ ရင်ခုန်သလိုလိုနဲ့ ငါ့စိတ်ထဲ ချေးပါချင်သလိုလို၊ သေးပေါက်ချင်သလိုလိုတောင် ဖြစ်တယ်"

ဘာမှလည်း မဆိုင်ချေ။ သို့သော် ချက်ကြီးပါးစပ်က ချေးစကားထွက်သည်မှာလည်း ဘာမှမဆန်း။

မိုးခက်ကတော့ ခပ်တည်တည်ဟန်ဖြင့် ...

"ဘာပါပါပေါ့ကွာ ••• အလုပ်လက်ခံပြီးမှတော့ ဘာဖြစ်ဖြစ် လုပ်ရတော့မှာပေါ့"

ပြောရင်း စာအိတ်ကို ဆတ်ခနဲယူကာ ဗြဲခနဲဖြဲ၍ ဆွဲဖွင့်လိုက်လေသည်။ ပြီး အထဲမှာရှိသည့်အရာတွေကို စားပွဲပေါ် သွန်ချလိုက်၏။

"ဟင်"

"ဟာ"

"အို"

"အဲ"

ပါးစပ်အသီးသီးမှ မတူသော အာမေဍိတ်တွေ ထွက်သွားကြ၏။

စာအိတ်ထဲမှ ထွက်လာသော အရာတွေသည် •••

– ချက်လက်မှတ်တစ်စောင်

– မှောက်ခုံမှောက်နေသည့် ဓာတ်ပုံလေးတစ်ပုံ

– စာရွက်ခေါက်နှစ်ခု

ဒါတွေပဲဖြစ်သည်။ ဘယ်သူမှ မတို့မထိရဲသေးဘဲ ထိုအရာတွေကို ကြောင်ငေးကြည့်နေစဉ် မိုးခက်က စာရွက်ခေါက်တစ်ခုကို ဖြည့်ဖွင့်ကြည့်လိုက်၏။

*ငါးသိန်းတန်ချက်လက်မှတ်က အလုပ်အတွက် စရန်ပါ။ ဓာတ်ပုံထဲက ကောင်မလေးရဲ့နာမည်က မေဇွန်မိုး။ သူ့သူငယ်ချင်းတွေက ဇွန်ဇွန်လို့လည်း ခေါ်ပါတယ်။ နောက်စာရွက်ခေါက်တစ်ခုထဲမှာ သူနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ပါပါတယ်။ ဒီပထမလမှာ လုပ်ပေးရမှာက သင့်အနေနဲ့*

*မေဖွန်မိုးနဲ့ရင်းနှီးတဲ့ သူငယ်ချင်းဖြစ်အောင် ကြိုးစားဖို့ပါပဲ၊ တာဝန်ကျေမယ်လို့ ယုံကြည်ပါတယ်။*

စာကတော့ ဒီလောက်ပဲဖြစ်သည်။ မိုးခက်ပင် အူတူတူ ဖြစ်သွားရပြီး ထိုစာကို ချက်ကြီးတို့ဆီသို့ ကမ်းလိုက်၏။

သကောင့်သားတွေက ထိုစာကို အလုအယက် ဝိုင်းဖတ်ကြပြီး ချက်ကြီးကအရင် အံ့ဩသံနှင့် . . .

"ဟ . . . ဘာလဲကွာ၊ တစ်လအတွင်း ကောင်မလေးတစ်ယောက်ကို သူငယ်ချင်းဖြစ်အောင် ကြိုးစားဖို့အတွက် ငွေဆယ်သိန်းတောင် ပေးတယ်၊ အဲဒီလူ ရူးများရူးနေလား မသိဘူး"

"အေးလေကွာ"

ထိုစကားသံတွေကို ဂရုမစိုက်နိုင်အားဘဲ ရှေ့မှာ မှောက်ခုံ မှောက်နေသည့် ဓာတ်ပုံလေးကို ယူကာ ဖျတ်ခနဲ လှန်ကြည့်လိုက်မိသည်။

"ဟင်"

ကြည်စင်လှပသော ကောင်မလေးတစ်ယောက်၏ ကိုယ်တစ်ပိုင်းပြတ်ပုံလေး ဖြစ်သည်။ ဓာတ်ပုံထဲမှာ တစ်ပိုင်းပြတ်နေသော်လည်း အပြင်မှာတော့ တစ်ကိုယ်လုံးအပြည့်ရှိမည်ဆိုတာ သေချာလှ၏။

မည်သို့ပင်ဖြစ်စေ ထိုဓာတ်ပုံလေးကို ကြည့်ပြီး မိုးခက် ခဏတော့ မှင်တက်သွားရသည်။ ချက်ချင်းကြီး ဓာတ်ပုံပိုင်ရှင်၏အလှမှာ မျောကာ ရင်ခုန်စိတ်လှုပ်ရှားသွားတာမျိုး မဟုတ်ချေ။ မဆိုးပါဘူး လှသားပဲဟု တွေးလိုက်မိခြင်းသာ ဖြစ်၏။

"မိုးခက် ... ဓာတ်ပုံဆိုတာကို ပြစမ်းပါဦး"

ချက်ကြီးစကားကြောင့် ဓာတ်ပုံကို လှမ်းပေးကာ ထိုဓာတ်ပုံထဲက ကောင်မလေး (မေဖွန့်မိုး) ၏ အကြောင်းအရာတွေပါသော စာရွက်ခေါက်ကို ထပ်ကာယူကြည့်လိုက်၏။

စာထဲမှာပါသော အကြောင်းအရာတွေကတော့ သာမန် ခေတ်မိန်းကလေးတစ်ယောက်နှင့် သိပ်မခြားနားသည့်အကြောင်းအရာတွေပဲ ဖြစ်သည်။ အနီးစပ်ဆုံးပြောရလျှင် ကိုယ်ရေးရာဇဝင်အကျဉ်းဆိုတာမျိုးဖြစ်၏။

ထိုစာရွက်ကို ဖတ်ပြီးချိန်မှာတော့ မိုးခက် ပခုံး အသာတွန့်လိုက်မိသည်။ ခိုင်းသည့်လူကတော့ ဘာရည်ရွယ်ချက်ရှိသည်မသိ။ မေဖွန့်မိုး၏ အကြောင်းအရာတွေကိုတော့ အတော်များများ အသိပေးထားသည်။ ဒါသည်ကပင် သူ့အတွက် လွယ်ကူအောင်လားဟု မိုးခက် တွေးမိသေး၏။

*ဘေးမှ ဟိုကောင်တွေကလည်း မိုးခက်ဖတ်သမျှ အကုန်လိုက်*ဖတ်ပါသည်။ အားလုံးပြီးသွားချိန်မှာတော့ မိုးခက်က စာအိတ်ထဲမှ ထွက်လာသော အရာများကို စာအိတ်ထဲသို့ အကုန်ပြန်ထည့်လိုက်၏။

မိုးခက်၏အပြုအမူကိုကြည့်ကာ ချက်ကြီးက ...

"ဘယ်လိုလဲ မိုးခက် ... စာအိတ်ပြန်ပိတ်ပြီး ဦးကျော်ကြီးဆီပြန်သွားပေးမလို့လား"

မိုးခက်က စူးခနဲ ပြန်ကြည့်လိုက်သည်။ ပြီး ...

"ဘယ်ကလာ ... မင်းတို့သုံးယောက်ကို ဘယ်လိုတာဝန်ခွဲပြီး ဒီကောင်မလေးကို ... [illegible]င် ကောင်းမလဲလို့ စဉ်းစားနေတာကွ"

"ဟာ ... ဒီကောင်တော့"

"မဟာနဲ့ချက်ကြီး ... ဟာရင်လည်း တစ်ခုခုစားလိုက်လေ၊ မင်းတို့ အားရှိမှ အလုပ်လုပ်နိုင်မှာမဟုတ်လား"

"အေပေး မိုးခက်"

အားလုံးပဲ မိုးခက်ကို ဝိုင်းဆဲကြတော့၏။ မိုးခက်ကတော့ သူငယ်ချင်းတွေ၏ ပို့သသောမေတ္တာကို ခံယူကာ မနက်ဖြန် ဘယ်လိုလုပ်ငန်းစရင် ကောင်းမလဲဟု မျက်မှောင်ကြုတ်၊ အံကြိတ်ရင်း စဉ်းစားနေလိုက်သည်။

ဒါမှပဲ အကြံက ထွက်မည်လေ။

သူ့ပုံစံကိုကြည့်ကာ ချက်ကြီးပြောလိုက်သောစကားကြောင့် မိုးခက်တစ်ယောက် နင်သွားရသေးသည်။

"မိုးခက် ... မင်း ဗိုက်နာနေရင်လည်း ချေးသွားပါလေကွာ၊ မင်းမျက်နှာကြီးကြည့်ရတာ တင်ပါးက ကြွက်သားတွေကို အသားကုန် ကျုံ့ထားရတဲ့ပုံစံမျိုး ဖြစ်နေတယ်ကွ"

တောက် ... ချက်ကြီးကတော့ လုပ်ချလိုက်ပြန်လေပြီ။ ပြောပုံကိုက အကြံမထွက်ဘဲ ဟိုဟာထွက်ရတော့မည့်ပုံစံမျိုး။

■

# အခန်း (၆)

ဒီမနက် ကျောင်းဝင်းထဲခြေချပြီး ငါးမိနစ်လောက်အကြာမှာပဲ မေ
နှန်းမိုး စိတ်ရှုပ်ရတော့သည်။ ရုတ်တရက် ဖိနပ်က ပြတ်သွား၍မဟုတ်။
ညှိပြင် စကတ်လည်း နှစ်ထပ်မှားပြီး ဝတ်လာမိခဲ့၍ မဟုတ်ပါ။

အဖြစ်က ဒီလို ...။

ကျောင်းထဲရောက်ရောက်ချင်း ကိုယ့်အတွေးနှင့်ကိုယ် ဘေးဘီဝဲ
ယာကိုပင် မကြည့်ဘဲ မော်ဒယ်ကဲ့သို့ တည့်မတ်စွာ လျှောက်လာခဲ့ပါသည်။
စိတ်ထဲမှာလည်း မနက်က မေမေထပ်ဖွင့်လိုက်သော ဓာတ်ပြားဟောင်းကြီး
အကြောင်းလည်း ပါ၏။

ထိုသို့ စိတ်ရှုပ်စွာ ကိုယ့်အာရုံနှင့်ကိုယ် လျှောက်လာစဉ်မှာပဲ ...

"မမေဖွန်မိုး မမေဖွန်မိုး"

ကိုယ့်နာမည်ကို အတိအကျ တပ်ခေါ်လာသောကြောင့် မေဖွန်မိုး ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"မမေဖွန်မိုး ... ခဏ ခဏ"

အသံနှင့်အတူ သူမထံသို့ ခပ်သွက်သွက်လှမ်းလာသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ မေဖွန်မိုး မျက်ခုံးနှစ်ဖက် အကြောတင်းသွား၏။ ထိုဝက်ပေါင်ခြောက်နှင့်တူသော လူကို သူမ မသိချေ။

ထိုအချိန်မှာပဲ ထိုဝက်ပေါင်ခြောက်က သူမအနီးသို့ ရောက်လာကာ ...

"မမေဖွန်မိုး ... မိုးခက်တစ်ယောက်ရောဟင်"

မေဖွန်မိုး ကြောင်သွားရ၏။ သို့သော် ချက်ချင်းပဲ မျက်နှာထားကို ပြန်တင်းလိုက်ပြီး ...

"ရှင် ဘာတွေလာပြောနေတာလဲ ... ရှင့်ကို ကျွန်မ မသိဘူး"

"ဟုတ်ပါတယ် ... မသိပါဘူး၊ ကျွန်တော့်နာမည်က တင်အုံးပါ။ ဒါနဲ့ မိုးခက်တစ်ယောက် ဘယ်သွားလဲလို့"

"ဘာ ... မိုးခက် ... ဟုတ်လား၊ ဘယ်က မိုးခက်လဲ ... မသိဘူး"

တင်အုံးဆိုသူက ခေါင်းကုတ်တော့သည်။ ကုတ်ရင်းပင် စကားက ပြောနိုင်သေး၏။

"မိုးခက်ကတော့ ကျိုင်ပဲကွာ၊ ဒီလို မဖွန်မိုးရဲ့ ... ကျွန်တော့်သူငယ်ချင်းမိုးခက်က ဒီမနက် သူ့ကိုတွေ့ချင်ရင် မမေဖွန်မိုးဆီမှာ မေးလို့ မနေ့က မှာထားလို့"

"ဘယ်လို"

ဘာမှမသောက်ထားပါဘဲ မေဖွန်မိုး မူးနောက်နောက် ဖြစ်လာရတော့သည်။ တစ်ဆက်တည်း ခုလို အကြောင်းလာရိုက်သောဇာတ်လမ်းကို မြန်မြန်ဖြတ်မှဟု တွေးလိုက်ကာ ...

"ဒီမှာ ... ရှင် အူကြောင်ကြောင် လာမလုပ်နဲ့နော်၊ ရုံးခန်းရောက်သွားမယ်၊ ကျွန်မ ရှင့်ကိုလည်း မသိဘူး။ ရှင်ပြောတဲ့ မိုးခက်ဆိုတာကိုလည်း မသိဘူး၊ ကိုယ့်လမ်းကိုယ်သွားပါ ... ဒါပဲ"

ငေါက်ဆတ်ဆတ်ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ သို့သော် နောက်မှ ကပ်ပါလာသောအသံက ...

"ဒါနဲ့ မမေဖွန်မိုးက မိုးခက်ပြောတဲ့ ဒုတိယနှစ် စိတ်ပညာက အတန်းခုံနံပါတ် ၂၈(၁၇၂) မေဖွန်မိုး မဟုတ်ဘူးလားဗျ"

ခြေလှမ်းက တုံ့ခနဲ ရပ်သွားရသည်။ ဆတ်ခနဲ ပြန်လှည့်လိုက်ရင်း ...

"ဘယ်လို ဘယ်လို ... ခုံနံပါတ်ကို တစ်ချက်လောက် ပြန်ပြောစမ်းပါဦး"

ဝက်ပေါင်ခြောက်နှင့်တူသည့် တင်အုံးက ရှိရှိသေသေပင် နောက်တစ်ခေါက် ရွတ်ပြရှာပါသည်။

မေဖွန်မိုးက ...

"နေစမ်းပါဦး ... အဲဒီခုံနံပါတ်ကိုကော ရှင့်ကို ဘယ်သူပြောတာလဲ"

"ရော် ... ခက်တော့တာပဲ၊ မိုးခက်ပြောတာလေဗျာ၊ မနေ့ကပဲ

မိုးခက်က ဒီက မမေဖွန်မိုးကို လှမ်းပြတယ်၊ မနက်ဖြန် ငါ့ကိုတွေ့ချင်ရင် သူ့ကိုမေးလိုက်တဲ့၊ ကျွန်တော်က ငါမှ သူ့ကိုမသိတာ၊ တော်ကြာ ငါ့ကို လိုက်ကြောင်တယ်ဆိုပြီး ဘယ်ယုံမှာလဲလို့ ပြန်ပြောတော့ မိုးခက်ကပဲ မမေဖွန်မိုးရဲ့ ခုံနံပါတ်နဲ့ အဖေနာမည်ကိုတောင် ပြောပြသွားသေးတယ်''

''ဘာ ... ကျွန်မအဖေရဲ့နာမည် ... ဟုတ်လား''

''ဟုတ်တယ်လေ ... မမေဖွန်မိုးရဲ့အဖေနာမည်က ဦးဇော်မိုးအောင်တဲ့ ... ဟုတ်တယ်မဟုတ်လား''

''ရှင်''

မေဖွန်မိုး နှုတ်ခမ်းလေး ပိုင်းသွားရသည်။ စိတ်ထဲမှာပင် မလုံမလဲ ဖြစ်သွားရပြီး ...

''နေ နေစမ်းပါဦး ... ရှင် ခုနက ပြောတာက ဘယ်သူ''

''မိုးခက်ပါ''

''အဲဒီမိုးခက်က ဘာလဲ''

''ဩော် ... လူပေါ့ဗျာ''

''ဘာရှင့် ... လူမှန်းတော့ သိတာပေါ့၊ ကျွန်မရဲ့ တချို့အကြောင်းတွေကို သိရအောင် သူက ဘာလဲလို့မေးတာ''

ပထမတစ်ကြိမ် ခေါင်းကုတ်ပြီးသော တင်အုံးက ဒီတစ်ခါတော့ မေးစေ့ကို ခပ်ကြမ်းကြမ်း ပွတ်လိုက်ကာ ...

''ဟာဗျာ ... ကျွန်တော်က မိုးခက်ကိုတွေ့ချင်လို့ မမေဖွန်မိုးကို လာမေးတာ၊ ခုတော့ ခင်ဗျားကချည်းပဲ ပြန်မေးနေတယ် ... တော်ပြီ ပြန်တော့မယ်''

တစ်ပြန်ကြီးပြောရင်း တင်အုံးဆိုသောလူက လှည့်ထွက်သွားလေသည်။ မေဖွန်မိုးတစ်ယောက် အူတူတူလေးနှင့် ကျန်ခဲ့ရ၏။

ဘာလဲ ... ဘာတွေလဲပေါ့။

နဂို ရှုပ်နေသောစိတ်ထက် အနည်းငယ်ထပ်ရှုပ်သွားရပြီး ခေါင်းခါကာ ကိုယ့်လမ်းကိုယ်ပဲ ဆက်လျှောက်လာခဲ့သည်။

ထိုင်နေကျ ဖလော်ကင်တင်းရောက်သည်အထိ အနှောင့်အယှက်တစ်စုံတစ်ရာမှ ထပ်မတွေ့ရတော့။

သို့သော် ကင်တင်းထဲ လှမ်းဝင်ဝင်ချင်း စိတ်ပျက်သွားရပြန်သည်။ သူငယ်ချင်းတွေဖြစ်သော သက်ထားနှင့်ဖြူဖြူတို့ကို မတွေ့ရ၍ ဖြစ်၏။ ထိုင်စောင့်ရဦးမှာပဲဟု တွေးရင်း စားပွဲလွတ်တစ်ခုမှာ ဝင်ထိုင်နေလိုက်သည်။

ထိုင်နေတော့လည်း စားပွဲထိုးလေးက လာမေးသည်ပေါ့။ ဝင်လာသူကို ဒင်းတို့က မျက်စိဒေါက်ထောက်ကြည့်နေကြသည်လေ။ ရှမ်းခေါက်ဆွဲမှာလိုက်မည်ဟု စဉ်းစားလိုက်ပြီးမှ စိတ်ကူးပြောင်းကာ ကော်ဖီမစ်တစ်ခွက်ပဲ မှာလိုက်သည်။

ထိုကော်ဖီမစ်ရောက်လာ၍ သောက်သုံးရန် ပြင်ဆင်နေချိန်မှာပဲ ..

"ဒီက မမေဖွန်မိုး ဟုတ်ပါတယ်နော်"

"ရှင်"

လာပြန်ပြီ တစ်ယောက်။ ဒီတစ်ခါလည်း သူမ,မသိသော လူကာ ...ကော်ပျောသီးခြောက်ပုံစံနှင့် ဖြစ်သည်။

ထိုသူကပဲ သူမကို စေ့စေ့ကြည့်ကာ ...

"ဟုတ်ပါတယ် ... မမေဖွန်မိုးပါ၊ မနေ့က ဟိုကောင်လှမ်းပြတော့

ကျွန်တော် အသေအချာ မှတ်ထားပါတယ်၊ ဒါနဲ့ မိုးခက် တစ်ယောက် ဘယ်ထွက်သွားပြီလဲဟင်''

ဗုဒ္ဓေါဟု အသံတိတ် တလိုက်မိသည်။ ခက်တော့ခက်နေပါပြီဟု တွေးကာ မေဖွန်မိုး စိတ်ကသိကအောက် ဖြစ်သွားရပြီး ...

''ဒီမှာ ... ရှင်တို့ အုပ်စုဖွဲ့ပြီး ကျွန်မကို နှောင့်ယှက်နေတာလား''

''ဗျာ ... ဘာကိုပြောတာလဲ မသိဘူး''

အရိုးခံပုံစံနှင့်ပင် တစ်ပြန်ကြီးပြန်မေးနေသေးသည်။ မေဖွန်မိုးက မျက်နှာကို ကိုးဆယ့်ငါးရာခိုင်းနှုန်းလောက် တည်ပစ်လိုက်ရင်း ...

''ရှင့်ကို ရှင်းရှင်းပဲပြောမယ် ... ခုနကလည်း တင်အုံးဆိုတဲ့လူက ကျွန်မဆီလာပြီး မိုးခက်ဆိုတာကို မေးတယ်၊ ခုလည်း ရှင်က ...''

စကားပင် မဆုံးလိုက်။ ထိုလူက စားပွဲကို လက်နှင့် ဖျတ်ခနဲ ရိုက်လိုက်ပြီး ...

''ဟာ ... တင်အုံးကလည်း ကျွန်တော်တို့ ဘော်ဒါပဲလေ၊ ကျွန် တော်က နိုင်ကြီးပါ၊ ဒါဆို မိုးခက်ရှိတဲ့နေရာကို တင်အုံးကို ပြောပြလိုက်ပြီပေါ့ သူတို့ ဘယ်မှာရှိနိုင်လဲဟင်''

ခွက်ထဲမှ ကော်ဖီဖြင့် ထပက်ချင်စိတ် ပေါက်လာရတော့သည်။ စိတ်ကို အနိုင်နိုင်ထိန်းလိုက်ပြီး ...

''ရှင်တို့တော့ တရားလွန်နေပြီနဲ့တူတယ်၊ ရှင်းရှင်းပဲပြောမယ် ... ရှင်တို့ လာလာမေးနေတဲ့ မိုးခက်ဆိုတာကို ကျွန်မ လုံးဝမသိဘူး ... ဟုတ်ပြီလား''

စကားအဆုံးမှာ နိုင်ကြီးက ကျွတ်ခနဲ စုတ်သပ်လိုက်ရင်း ...

"မိုးခက်ကတော့ ကွိုင်ပဲကွာ၊ မနေ့ကတော့ သေသေချာချာ လုပ်ပြီးတော့၊ ကျွန်တော်လည်း မျက်စိကောင်းပါတယ်၊ လူမမှားလောက်ပါဘူး။ ဒါနဲ့ မမေဖွန်မိုးရဲ့ နိုင်ငံသားအမှတ်က ၁၀/သလန (နိုင်) ၂၉၇၅၃ ... ဟုတ်ပါတယ်နော်"

"ရှင်"

သူမ ကြောင်အမ်းနေစဉ်မှာပဲ နိုင်ကြီးဆိုသူက ဆက်၍ ...

"အကယ်၍ မမေဖွန်မိုး မယုံရင် နိုင်ငံသားအမှတ်ကိုပါ ရွတ်ပြလိုက်ပါဆိုပြီး မှာလိုက်သေးတာဗျ။ ဒီကောင် ကျွန်တော့်ကို စားတာလားမသိပါဘူးဗျာ၊ မမေဖွန်မိုး ဆောရီးနော် ... စိတ်မရှိပါနဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ရိုကျိုးစွာ နှုတ်ဆက်ရင်း ငှက်ပျောသီးခြောက်နိုင်ကြီးကတော့ လှည့်ပြန်သွားလေပြီ။ သူမဆိုသော မေဖွန်မိုးမှာသာ ပါးစပ်အဟောင်းသားလေးနှင့် ကျန်ခဲ့ရ၏။

ဘယ့်နှာတွေမှန်းလည်း မသိတော့ချေ။ ဒီတစ်မနက်လုံး မိုးခက်ဆိုသည့်လူကိုပဲ သူမထံ လာမေးနေကြသည်။ ပြီး ထိုမိုးခက်ဆိုသူ ပြောလိုက်သော သူမနှင့်ပတ်သက်သည့် အချက်အလက်တွေကလည်း အမှန်တွေချည်း ဖြစ်၏။

ပထမ စိတ်ရှုပ်၊ စိတ်ကသိကအောက်ဖြစ်ရာမှ မေဖွန်မိုး စိတ်တိုလာတော့သည်။ မိုးခက်ဆိုသောသတ္တဝါသည် ဘာကြောင့် သူမနှင့်ပတ်သက်သော အချက်အလက်တွေကို သိနေပြီး ခုလိုတွေ လာလုပ်သနည်း။

နဖူးကြောလေးများ တင်းနေအောင် စဉ်းစားကြည့်ပါသည်။ အဖြေ ... မျက်မှောင်ကြုတ် အံကြိတ်ကာ စဉ်းစားသော်လည်း မထူးခြား။

ဒူးထောင် ပေါင်ကားပြီး စဉ်းစားရအောင်လည်း မဖြစ်သေး။ ကိုယ်က မိန်းကလေးလေ။

မရနိုင်သောအဖြေကို စဉ်းစားမနေတော့ဘဲ သက်ပြင်းသာ အောင့်သီးအောင့်သက် ချလိုက်မိသည်။

ထိုသက်ပြင်းဆုံးသည်နှင့် စက္ကန့်မခြားဆိုသလို . . .

"ဟဲ့ . . . ဖွန်ဖွန်"

ရုတ်တရက် အနားကပ်ခေါ်လိုက်သောအသံကြောင့် မေဖွန့်မိုး လန့်ကာ ပလုတ်တုတ်ဟူ၍ပင် ယောင်ပြီး အော်လိုက်မိသေးသည်။ ကြည့်လိုက်တော့ သက်ထားနှင့်ဖြူဖြူ။ ချော်တောငေါ့မတွေ။ ဘယ်သဝေထိုးနေ၍ ခုမှ ရောက်လာကြသည်မသိ။

သူမကပဲ အရင် ဝေါက်ငမ်းကာ အပြစ်တင်လိုက်သည်။

"နေစမ်းပါဦး . . . ညည်းတို့က ဘယ်များသွားနေလို့ ခုမှ ရောက်လာတာလဲ၊ ဒီမှာ ငါတစ်ယောက်တည်း စိတ်တိုလို့သေတော့မယ်"

သူမစကားကို သက်ထားက ဘယ်လိုယူဆလိုက်သည်မသိ။ ဆိုင်အတွင်းဘက်သို့ပင် ဝေ့ကြည့်ကာ . . .

"ဘာလဲ . . . မှာထားတဲ့ ရှမ်းခေါက်ဆွဲက ကြာနေလို့လား။ ဒီဆိုင်က ဒီလိုပါပဲဟယ် . . . စိတ်နည်းနည်းလျှော့စမ်းပါ"

"ဟာ ဘာတွေလာပြောနေတာလဲ၊ ငါ စိတ်တိုတာက တခြားပါ"

"ဩော် . . . ဒါဆို ငါသိပြီ၊ နင် တွဲ့ချိုင့်လက်သွားချင်နေတာကို တစ်ယောက်တည်းဖြစ်နေလို့ စိတ်တိုနေတာမဟုတ်လား"

လဲ့သာသေလိုက်ချင်တော့သည်။ ထင်ကြေးပေးလာသော နှ

ယောက်မှာ တစ်ယောက်က အစား၊ နောက်တစ်ယောက်က ထုတ်ကုန်၊ စိတ်ကုန်ဖို့ ကောင်းလိုက်လေခြင်း။

နောက်ဆုံးတော့ သူမကပဲ တောင်းတောင်းပန်ပန်ပုံစံဖြင့် ...

"ကဲ မယ်မင်းကြီးမတွေ ... ခဏလောက်ထိုင်တော်မူကြပါဦး၊ ဘာကြောင့် စိတ်တိုနေတယ်ဆိုတာ ပြီးမှ သံတော်ဦးတင်ပါ့မယ်"

ထိုအခါမှ နှစ်ယောက်သား ဝင်ထိုင်ကြတော့သည်။ ပြီး ကိုယ့်ကို အရေးမစိုက်သလို မျိုဆို့ရန် စားသောက်ဖွယ်ရာများအား မှာယူလိုက်ကြသေး၏။ ထိုကိစ္စပြီးတော့မှ သက်ထားက ...

"ငါတို့လည်း ခါတိုင်းအချိန်ပဲ ကျောင်းကို ရောက်လာတာပါဟာ၊ ဒီမှာလေ ... မိဖြူက ဟို ... သံယောဇဉ်နေ့စဉ်စာစောင် ဝယ်ဦးမယ်ဆိုလို့ လိုက်သွားတာပါ"

"အေး ... နင်တို့ အဲဒါပဲ လုပ်နေကြ"

"ရယ်ရလို့ ဖတ်တာပါဟာ၊ ဒါနဲ့ ပြောစမ်းပါဦး ... နင် စိတ်တိုနေ တယ်ဆိုတာက"

ခုမှပဲ အရေးတယူ မေးဖော်ရတော့သည်။ မေဖွန်းမိုးက မျက်နှာ အားကို တည်လိုက်ရင်း ...

"ဒီမနက် ကျောင်းထဲကို ငါဝင်လာတော့ တင်အုံးဆိုတဲ့ လူတစ် ယောက်က ငါ့နာမည်ကို လှမ်းခေါ်တာဟ ... အဲဒီမှာ"

ထိုသို့ အစချီကာ ဝက်ပေါင်ခြောက်တင်အုံးနှင့် ငှက်ပျောသီး ခြောက်နိုင်ကြီးတို့ သယ်ဆောင်လာသည့် မိုးခက်ပြဿနာကို ရှင်းပြလိုက် သည်။

စကားအဆုံးမှာတော့ သက်ထားနှင့်ဖြူဖြူတို့ နှစ်ယောက်စလုံး မျက်လုံး တွေ ပြူးဝိုင်းကာ ရင်ဘတ်တွေပါ ဖိလိုက်ကြရင်း ...

"ဟင် ... ဒါဆို အဲဒီ မိုးခက်ဆိုတဲ့လူက နင့်နာမည်, နင့်အဖေ နာမည်, ကျောင်းခုံနံပါတ်, နိုင်ငံသားအမှတ် အဲဒါတွေ အကုန်သိနေတာပေါ့ ... ဟုတ်လား"

သက်ထားစကားသံအဆုံးမှာ ဖြူဖြူကလည်း ...

"ငါတော့ နားမလည်နိုင်တော့ဘူးဟာ၊ ဘာသဘောနဲ့များ နင့်ကို ခုလိုလုပ်ရတာလဲ မသိဘူး"

ငါက လှလို့ဖြစ်မှာပေါ့ဟု မေဇွန်မိုးက အရှက်မရှိစွာ မဖြေပါ။ သူမလည်း စဉ်းစားရကျပ်နေသောပုံစံဖြင့် ...

"အေး ... ငါလည်း အဲဒါကို မသိလို့ စိတ်တိုနေတာပေါ့၊ အရေးထဲ နင်တို့ကလည်း နောက်ကျနေသေးတယ်လေ"

"ထားပါတော့ဟာ ... ငါတို့ရှိနေလို့ရော ဘာများ သိနိုင်မှာမို့လို့လဲ"

"ဘာပဲဖြစ်ဖြစ်လေ ... သုံးယောက်ဆိုတော့ ငါ့မှာ တော်သေးတာ ပေါ့၊ ခုတော့ ဘလိုင်းကြီး အကြောင်းရိုက်ခံလိုက်ရသလို ဖြစ်နေတယ်"

ထောက်ခံသည့်သဘောနှင့် နှစ်ယောက်သား ခေါင်းညိတ်ပြကြ သည်။ မှာထားသောအစားအသောက်တွေ ရောက်လာ၍ စကား ခဏပြတ် သွား၏။ စားရင်းသောက်ရင်းပင် ဖြူဖြူက ...

"ဒီအတိုင်းဆိုရင် နင့်အကြောင်းကို သိနေပြီး ဘာမှန်းမသိတဲ့ ရည်ရွယ်ချက်ရှိနေတဲ့ လူတစ်ယောက်တော့ ရှိနေပြီ ဇွန်ဇွန်"

ထိုစကားကြောင့် နောက်ကျောမလုံ ဖြစ်ရသေးတော့၏။

ခုလို ကျောင်းတော်ကြီးမှာတော့ သူမကို ချောင်းမြောင်းလုပ်ကြံမည့်သူ မရှိနိုင်ပါ။ ဒါဆို တခြား ဘာရည်ရွယ်ချက်လဲ။ သူမကို ပိုးပန်းနေသူတွေထဲက တစ်ယောက်ယောက်ကများ စတန့်ထွင်တာလား ... တွေးကြည့်လိုက်သည်။

သူရစိုး ...။ ဒင်းကတော့ ခပ်ထူထူအမျိုးအစားထဲကဖြစ်သည်။ "အန်းဂရီးဘတ် (Angry Bird)"ဆိုတာကိုပင် အချိုရည်လားဟု မေးသူ။ မဖြစ်နိုင်။

နောက် ... ဟန်မင်း။ ထိုငနဲကတော့ အမြဲရှုပ်ပျာပျာနှင့်။ ခုလိုလုပ်ဖို့ထက် သူမကိုတွေ့လျှင် နွားသိုးကြိုးပြတ် လိုက်ဖို့ကိုပဲ ထာဝရစဉ်းစားနေသည့်ငတိ။ ပို၍ မဖြစ်နိုင်ချေ။

နောက်ဆုံးတစ်ယောက်က ပိုင်သက်။ ထိုငတိကိုတော့ စာရင်းထဲပင်ထည့်စရာမလိုချေ။ အမြဲတစေ အသည်းကွဲသမားပုံစံဖြင့် သူမကို ရီဝေဝေလောက်ပဲ စိုက်ကြည့်တတ်သူ ဖြစ်၏။

အားလုံးကို စာရင်းကပယ်လိုက်တော့ ယခု မိုးခက်ဆိုသည့်မှာဘမင်ဖန်တီးထားသော နာမည်တစ်ခုမဟုတ်ဘဲ အပြင်မှာ လူအကောင်လိုက်ရှိလိမ့်မည်ဟု တွက်ဆလိုက်၏။

သူမ တွေးနေသည်ကိုကြည့်ကာ သက်ထားက ...

"ခေါင်းရှုပ်ခံပြီး ဘာမှစဉ်းစားမနေနဲ့ ဖွန်ဖွန်၊ အသာလေးပဲ စောင့်ကြည့်လိုက်ပါ၊ အဲဒီမိုးခက်ဆိုတဲ့လူမှာ ရည်ရွယ်ချက်တစ်ခုခုရှိရင် နင့်ရှေ့ကို သုံးဝရောက်လာပါလိမ့်မယ်"

သက်ထားစကားအဆုံးမှာပဲ အာလူးပုပ်မျက်နှာနှင့် လူတစ်ယောက်

က ဝိုင်းအနီးသို့ လှစ်ခနဲရောက်လာကာ ...

"ဒီမှာ ဒီမှာ ... ခုနက ခင်ဗျားတို့ မိုးခက်ဆိုတဲ့နာမည်ကိုများ ပြောလိုက်သလားလို့"

သုံးယောက်စလုံး ဝုန်းခနဲ လှည့်ကြည့်လိုက်မိသည်။ ထိုလူကပဲ သူမတို့သုံးယောက်ကို တစ်လှည့်စီ စေ့စေ့ကြည့်ပြီး မေဖွန့်မိုးထံ မျက်စိအရောက်မှာ ...

"ဩော် ... ဒီမှာ မမေဖွန့်မိုးလည်း ရှိနေတာကိုး၊ ဒါနဲ့ မိုးခက်တစ်ယောက်ကောဟင်၊ ဘယ်သွားမယ်ပြောသွားလဲဗျ"

မေဖွန့်မိုးက သက်ထားတို့ကို အရင်ကြည့်လိုက်သေးသည်။ ပြီးမှ အာလူးပုပ်မျက်နှာနှင့်လူကို စူးစူးရဲရဲကြည့်လျက် ...

"ရှင်ကလည်း မိုးခက်ဆိုတာကို လာမေးတာလား"

"ဟုတ်တယ်လေ ... မနေ့ကပဲ မိုးခက်က သူ့ကိုတွေ့ချင်ရင် ခင်ဗျားဆီမှာ မေးဆိုပြီး ခင်ဗျားကို လှမ်းပြခဲ့တာကိုး"

မေဖွန့်မိုးက စိတ်ကို မနည်းထိန်းချုပ်လိုက်ကာ ...

"ထားပါတော့ ... ခုလို လာမေးရအောင် အဲဒီမိုးခက်နဲ့ ကျွန်မကို ဘာထင်နေလို့လဲ"

ထိုလူက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်ကာ ...

"သိဘူးလေဗျာ ... မိုးခက်က အရမ်းလှို့ဝှက်တာဗျ၊ ဒါနဲ့ ခင်ဗျားတို့က ဘယ်လိုမှ မပတ်သက်ကြဘူးလား"

"အဲဒါကိုမဖြေခင်မှာ ရှင်ပြောတဲ့ မိုးခက်ဆိုတာကို ကျွန်မ,တွေ့ချင်တယ်"

"ဟောဗျာ ... ကျွန်တော်က တွေ့ချင်လို့ ခင်ဗျားကို လာမေးတယ် ဆိုမှ ပြန်မေးနေပြန်ပြီ။ ကဲ ... ခင်ဗျားမသိရင်လည်း ကိုယ့်ဟာကိုယ်ပဲ လိုက်ရှာတော့မယ်ဗျာ၊ အဲ ... တွေ့ရင်တော့ ခင်ဗျားကလည်း တွေ့ချင်နေ ဘယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ့မယ်"

စကားကို အတွဲလိုက် အဆက်မပြတ်ပြောကာ ထိုလူ လှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပဲ မေဖွန်မိုးက သတိရ၍ ...

"ဒါနဲ့ ကျွန်မနဲ့ပတ်သက်ပြီး အဲဒီမိုးခက်က ဘာတွေများ ပြော လိုက်သေးလဲ၊ ကျွန်မနဲ့ ပတ်သက်တာတစ်ခုခုပေါ့"

စကားအဆုံးမှာ ထိုလူက ကိုယ်တစ်ခြမ်းလှည့်၍ ...

"ထွေထွေထူးထူးတော့ မပြောပါဘူး။ ခင်ဗျားက ဗမာ၊ ဗုဒ္ဓဘာသာ ဆိုတာရယ်၊ ရောခ်ဂီတကို နှစ်သက်တဲ့ အိုသွေးပိုင်ရှင်ဆိုတာလောက်ပဲ ပြောတာဗျ။ ကဲ ... သွားပြီဗျာ"

ထိုလူ တကယ်လှည့်ထွက်သွားချိန်မှာတော့ သုံးယောက်စလုံး ဆွံ့အမျှ ကြက်သေသေနေပြီး သက်ထားက အရင် သူမကိုကြည့်ကာ ...

"အကုန်သိနေပါလား ဖွန်ဖွန်ရယ်"

သက်ထားစကားအဆုံးမှာ ဖြူဖြူကလည်း မဆီမဆိုင် ... ဘုရား ဘုရားဟု ရေရွတ်လိုက်သေးသည်။

ကာယကံရှင် မေဖွန်မိုးမှာတော့ တို့ဆေးနှင့် အတို့ခံလိုက်ရသူလို ပကြောင်ကြောင်လေး ဖြစ်နေဆဲ။

■

## အခန်း (၇)

နောက်နေ့မှာတော့ ဘာတွေများ ထပ်ဖြစ်လာဦးမှာလဲဟု တွေးကာ မေဖွန့်မိုးတစ်ယောက် အထူးသတိထားနေရသည်။ ကိုယ့်ဘက်ကလည်း ဘာတစ်ခုမှပြန်လုပ်လို့မရ။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေသော နိုင်ငံထဲမှာ နေထိုင်ရင်းပင် လူ့အခွင့်အရေး ပျောက်ဆုံးနေသူလို ခံစားရသေးသည်။

ခုလောလောဆယ်မှာတော့ အိမ်မှ ကျောင်းရောက်သည့်အထိ ဘာ အနှောင့်အယှက် တစ်စုံတစ်ရာမှ မတွေ့ရချေ။ သို့နှင့် ထိုင်နေကျ ကင်တင်း ဆီသို့ပဲ ဦးတည်လိုက်၏။

ဒီနေ့တော့ ကံကောင်းသည်ဟု ဆိုရမည်။

ကင်တင်းထဲတွင် ဘယ်အချိန်ကပဲ ရောက်နေမှန်းမသိသော သက်

ထားနှင့်ဖြူဖြူကို တွေ့လိုက်ရ၍ ဖြစ်၏။

မေဖွန့်မိုးက ခုံတစ်ခုံ ဆွဲယူကာ ဝင်ထိုင်ရင်း ...

"မမတွေ ဒီနေ့တော့ စောလှချည်လား"

"တမင်စောလာတာပေါ့၊ တော်ကြာ နင် အနှောင့်အယှက် ထပ်ကြုံရင် ငါတို့မရှိရကောင်းလားဆိုပြီး အပြစ်တင်နေမှာစိုးလို့"

အီကြာကွေးကို ခွက်ထဲရှိ လက်ဖက်ရည်နှင့် တယုတယတို့ရင်း သက်ထားက ဆိုလာသည်။ ဖြူဖြူကလည်း ...

"ဖွန့်ဖွန့် ... ဒီနေ့တော့ လမ်းတစ်လျှောက်မှာလည်း အောကလီးယားပဲ မဟုတ်လား"

"အေး ... မွဲ့တစ်ပေါက် မစွန်းခဲ့ပါဘူး"

ပြောရင်း ရယ်ကြရသေးသည်။ ပြီး မေဖွန့်မိုးက ရှမ်းခေါက်ဆွဲတစ်ပွဲဟု လှမ်းမှာလိုက်၏။

စားသောက်နေရင်းပင် သက်ထားက ...

"ငါ့အထင်ပြောရရင် မနေ့ကကိစ္စက နင့်အကြောင်းသိနေတဲ့လူတစ်ယောက်ယောက်က နောက်တာနေမှာပါဟာ"

စကားအဆုံးမှာ မေဖွန့်မိုးက ပခုံးလေးတွန့်၍ ...

"မသိတော့ပါဘူးဟာ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ ထပ်မဖြစ်ရင် ပြီးတာပါပဲ မဟုတ်ရင် အာရုံနှောက်တယ်"

ဟုတ်တော့လည်း ဟုတ်ပါသည်။ မနေ့က ဘာမှန်းညာမှန်း မသိရဘဲ စိတ်ရှုပ်ခဲ့ရသည် မဟုတ်ပါလား။

စားသောက်ပြီးစီး၍ ပါးနားသပ်ကာ ကိုယ့်ပိုက်ဆံကိုယ် အမေရိကန်

စစ်စတန်နှင့် ရှင်းနေချိန်မှာပဲ မေဖွန်မိုးအကြည့်က ကင်တင်းထဲဝင်လာသော သူသုံးယောက်ဆီသို့ ရောက်သွားရ၏။ မိန်းကလေးတန်မဲ့ တမင်တကာ လိုက်ကြည့်ခြင်းတော့ မဟုတ်။ ဝေ့ကြည့်မိရာမှ သတိထားမိသွားခြင်း ဖြစ်သည်။

တခြားလူတွေဆိုလျှင်တောင် ထိုသို့ သတိထားမိမည်မဟုတ်ချေ။ ခုတော့ ကင်တင်းထဲသို့ တစ်ယောက်ပုံစံတစ်မျိုးနှင့် ဝင်လာသူတွေသည် ဝက်ပေါင်ခြောက်တင်အုံး၊ ငှက်ပျောသီးခြောက်နိုင်ကြီးနှင့် အမည်မသိ အာလူး ပုပ်တို့ကြောင့် ဖြစ်လေသည်။

ကြည့်နေရင်းပင် မေဖွန်မိုးမျက်နှာက တင်းသွားရပြီး သက်ထားတို့ ဘက်လှည့်၍ . . .

"ဟဲ့ . . . ဟိုမှာတွေ့လား။ အဲဒီသုံးကောင်ပေါ့ . . . ငါ့ကို မနေ့က နှောင့်ယှက်ကြတာ"

"ဟိုတစ်ကောင်ကိုတော့ မနေ့က မြင်ဖူးလိုက်ပါတယ်၊ အင်း . . . ကျန်တဲ့နှစ်ကောင်ကလည်း ချိုကျိုးနားရွက်ပဲ့တွေချည်းပဲ"

တင်အုံး (ခေါ်) ချက်ကြီးတို့အုပ်စုကတော့ မေဖွန်မိုးတို့ကို သတိထား မိဟန် မတူချေ။ တဟီးဟီးတဟားဟားနှင့် ပလီစိချောက်ချက်တွေပြောကာ စားစရာတွေ မှာယူနေကြသည်။

ထိုအချိန်မှာပဲ ဖြူဖြူက အကြံရဟန်ဖြင့် . . .

"ဟဲ့ ဖွန်ဖွန် . . . ဒီနေ့က ငါတို့လည်း သုံးယောက်ဆိုတော့ အင် အားမျှတယ်ဟ၊ အဲဒီကောင်တွေကို ပြန်ကျပ်ရအောင်"

သက်ထားကလည်း အားရပါးရ ထောက်ခံလာသည်။

"ဟုတ်တယ် ... မနေ့က နင် ဘုမသိဘမသိဘဲ ခံလိုက်ရတာ ခုလို ပြန်တွေ့တုန်း ငြိမ်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

သက်ထားတို့ပြောတာ သဘာဝကျသည်ဟု မေဖွန်မိုး ယူဆလိုက်သည်။ ဒါဆိုလည်း စီစဉ်လိုက်ကြတာပေါ့ဟုပြောကာ သုံးယောက်သား အရင်တိုင်ပင်လိုက်ကြ၏။

ထိုအချိန်တွင် ချက်ကြီးတို့အုပ်စုကလည်း ကြီးကျယ်ခမ်းနားသော ကိစ္စတစ်ခုကို အလေးအနက်တိုင်ပင်နေကြသည်။

စကားဝိုင်းကို ဦးဆောင်သူက ချက်ကြီး (ခေါ်) တင်အုံး (ခေါ်) ဘက်ပေါင်ခြောက်။

"မင်းတို့ကောင်တွေက ရည်းစားလက်မဲ့တွေဆိုတော့ မင်းတို့ကို ငါ မိန်းမပိုးနည်းလေးတွေ အရင်ရှင်းပြမယ်"

"ဆိုစမ်းပါဦး"

အောင့်သီးအောင့်သက်နှင့် စကားထောက်ပေးရသေးသည်။ ချက်ကြီးက တစ်ကျောင်းလုံးမှာ ရည်းစားအများဆုံး ထားခဲ့သည့်လူကဲ့သို့ ရင်ကော့ကာ ...

"ဒီဘက်ခေတ်မဟုတ်ဘဲ ငါတို့အဘိုးလောက်ခေတ်က စပြောမယ်ကွာ၊ အဲဒီတုန်းကဆိုရင် မိန်းမပိုးနည်းက ဒီဘက်ခေတ်လို သိပ်မကျယ်ပြန့်သေးဘူးကွ ... လေးငါးခြောက်မျိုးလောက်ပဲ ရှိတာ၊ ပြောရရင် ခုခေတ်မှာလည်း အဲဒီတုန်းကနည်းတွေကပဲ ဆင့်ပွားလာတာလို့ ပြောလို့ရတယ်"

"ဟုတ်ပါပြီ ... အရင်တုန်းကနည်းတွေကိုပဲ အရင်ပြောပြစမ်းပါဦး"

ချက်ကြီးက ...

"ဒီလိုကွ ... အဲဒီတုန်းက ခေတ်ဖန် ... အဲ ... မိန်းမပိုးနည်းတွေက"

တစ်ချက် စဉ်းစားဟန်ပြုလျက် ...

"အဲ ... အညှာခံပိုးနည်း၊ အထုမြှုပိုးနည်း၊ ခေါက်ပြန်သံပေး ခြေအေးဝမ်းရောင် လသာတုတ်ခြစ်ပိုးနည်း၊ ဘုန်းကြီးပိုး ပိုးနည်း။ နိုင်ငံရေး ပိုးနည်းနဲ့ အရင်းရှင်ပိုးနည်းဆိုတာတွေပဲ"

"အဓိပ္ပာယ်တွေကို ရှင်းစမ်းပါဦး"

နိုင်ကြီးက အရှုးဘုံမြှောက်လိုက်သည်။ ချက်ကြီးက မြှောက်နေမှန်းသိသော်လည်း ကွေးနေအောင် ဆက်က၏။

"အဓိပ္ပာယ်ကို ရှင်းပြရရင်ကွာ ... အညှာခံပိုးနည်းဆိုတာက မိန်းကလေးတွေကို သနားကြင်နာလာအောင် ပပ်ချွဲနပ်ချွဲပြောပြီး သိုးကလေးလို ပိုးတာပေါ့ကွာ၊ ဒါပေမဲ့ အဲဒီနည်းကို တချို့ယောကျ်ားတွေက သဘောမကျကြဘူးကွ ... အောက်တယ်ပေါ့ကွာ၊ အဲဒါကြောင့် တချို့က ယောကျ်ားပီပီ သသအမူအရာနဲ့ စကားပြောတဲ့အခါမှာလည်း ဘုကျကျ ဘောက်ဆတ်ဆတ်ပြောပြီး ပိုးတယ် ... အပြင်းစားပေါ့ကွာ၊ အဲဒါကိုတော့ အထုမြှုပိုးနည်းတဲ့၊ တစ်ခုရှိတာက အဲဒီပိုးနည်းကို မိန်းကလေးအများစုက သဘောမကျပြန်ဘူးကွ"

ပြောရတာမောသွားဟန်ဖြင့် ချက်ကြီးက ရေနွေးတစ်ငုံ ငုံလိုက်သည်။ ဘေးကနှစ်ကောင်ကိုလည်း စိတ်မှဝင်စားရဲ့လားဟု၍ အကဲခတ်လိုက်သေး၏။ ပြီးမှ ...

"ဆက်ရရင် ခေါက်ပြန်သံပေး ခြေအေးဝမ်းရောင် လသာ တုတ်

ခြစ် ပိုးနည်းဆိုတာက ကောင်မလေးအိမ်ရှေ့မှာ ဟိုဒီလျှောက်ပြီး တယော၊ ခယ်ဒလင်, ဒီဘက်ခေတ်ဆို ဂစ်တာပေါ့ကွာ၊ သီချင်းတွေ စောင်းမြောင်းဆို ပြီး ပိုးတာမျိုးပေါ့၊ ဘုန်းကြီးပိုးနည်းကတော့ ကောင်မလေးအိမ်က လူတွေနဲ့ ရင်းနှီးအောင်လုပ်ပြီး အိမ်ပေါ်တက် စကားပြောတဲ့နည်းပေါ့ကွာ၊ ရုပ်တည် နဲ့ပေါ့၊ နိုင်ငံရေးပိုးနည်းကတော့ ရှင်းပါတယ်၊ စာအုပ်ထူထူကြီးတွေကိုင်ပြီး ကမ္ဘာ့ရေးရာ, မြန်မာ့ရေးရာတွေကို ဖောင်ဖောင်ပြောပြီး သူတို့ကို အထင်ကြီး အောင် လုပ်တာပေါ့ကွာ၊ နောက်ဆုံး အရင်းရှင်ပိုးနည်းကတော့ မင်းတို့ရှင်း မှာပါ၊ ငွေကြေးသုံးပြီး လက်ဆောင်တွေပေး၊ ဟိုလိုက်ပို့, ဒီလိုက်ပို့၊ ဟိုဟာ ဝယ်ပေး, ဒီဟာဝယ်ပေးလုပ်ပြီး ပိုးတာပေါ့ကွာ၊ ရှေးခေတ်က ပိုးနည်းတွေ ကတော့ ဒါပါပဲ၊ မင်းတို့ ရှင်းပါတယ်နော်''

ပါးစပ်က မဖြေချင်၍ နိုင်ကြီးတို့နှစ်ယောက် ခေါင်းညိတ်ရန် ဟန် ပြင်လိုက်စဉ်မှာပဲ . . .

''ဒီမှာရှင့် . . . မရှင်းတာလေးတစ်ခုလောက်များ မေးလို့ရမလား မသိဘူး''

မိန်းကလေးသံကြောင့် ချက်ကြီးတို့သုံးယောက် ဆတ်ခနဲ ကြည့် ကြသည်။ အသံက တစ်သံတည်းဖြစ်သော်လည်း မြင်လိုက်ရသည်က . . . ကောင်မလေးသုံးယောက်။ ထပ်ပြောရလျှင် ထိုအထဲကမှ တစ်ယောက် သောသူက မိုးခက်၏ မေဖွန့်မိုး။

ချက်ကြီး ပျာပျာသလဲ ဖြစ်သွားရပြီး . . .

''ဟာ . . . ရပါတယ်ဗျ၊ ဩော် ဘယ်သူများလဲလို့ . . . မမေဖွန့်မိုးပါ သား''

မေဖွန်မိုးက နှုတ်ခမ်းလေးအသာမဲ့ရင်း ...

"ရှင်က မှတ်မိသားပဲ.. ကျွန်မမေးချင်တာကလေ ဟို... မိုးခက်တစ်ယောက်ကိုများ တွေ့မိလားလို့ပါ"

"ဗျာ"

ချက်ကြီး မျက်ကလူးဆန်ပျာဖြစ်ကာ ဘေးမှ နိုင်ကြီးနှင့် အောင်ဖွေတို့ကို ကြည့်လိုက်မိသည်။ ဟိုနှစ်ကောင်ကလည်း သူ့လိုပင် ခွေးအ, လှည်းနင်းခံရသလို တအစ်အစ်နှင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေကြ၏။

ထိုအချိန်မှာပဲ မေဖွန်မိုးက ဆက်၍ ...

"ရှင်တို့ ကျွန်မမေးတာ ကြားပါတယ်နော် ... ရှင်တို့သူငယ်ချင်း မိုးခက်ကို မေးနေတာလေ"

ပြောရင်း မေဖွန်မိုးကပဲ သက်ထားတို့ကို မျက်ရိပ်ပြလိုက်သည်။ တိုင်ပင်ထားသည့်အတိုင်း ချက်ကြီးတို့ဝိုင်းမှာ ပြိုင်တူ ဝင်ထိုင်လိုက်ကြ၏။

တစ်ခုခုပြန်ပြောမှ ရတော့မည်ကို ချက်ကြီးသိသည်။ ထို့ကြောင့် ...

"ဒါက ဒီလိုရှိတယ်ဗျ ... မနေ့တုန်းက ခင်ဗျားကို လာမေးပြီးတော့ ကျွန်တော်တို့သုံးယောက်စလုံး လိုက်ရှာကြသေးတယ်၊ ဒါပေမဲ့ အဲဒီကောင်ကို မတွေ့ပါဘူးဗျာ"

"ဩော် ... ဟုတ်လား"

ငေါ့သံလေးနှင့် မေဖွန်မိုးက ပြန်ပြောလိုက်သည်။ ချက်ကြီးက မသိကျိုးကျွန်ပြုကာ အလိုက်သင့်ပင် ...

"ဟုတ်တယ်ဗျ ... ဒီနေ့လည်း ခုချိန်ထိ အဲဒီကောင့်ကို မတွေ့ရ

သေးဘူး၊ အဲဒါကြောင့် လိုက်ရှာရင်းနဲ့ ဒီကင်တင်းမှာ တစ်ခုခု ဝင်စားတာ လေ''

စကားအဆုံးမှာ မေဖွန်မိုးက သတိရဟန်လေးလုပ်ကာ ...

''ခက်တော့တာပဲ၊ ကျွန်မကလည်း သူ့ကိုတွေ့ချင်နေတာ၊ မနေ့က ရှင်တို့ပြန်သွားတော့မှ သတိရတယ်၊ မိုးခက်ဆိုတာ ကျွန်မ ငယ်သူငယ်ချင်း လေ၊ ပြန်စဉ်းစားကြည့်မှ မှတ်မိသွားတာရှင့်''

''ဗျာ''

ချက်ကြီး၏ အံ့ဩသံအဆုံးမှာ မေဖွန်မိုးကပဲ ...

''ဟုတ်တယ်ရှင့် ... တိတိကျကျထပ်ပြောရရင် သူ့ရဲ့ငယ်နာမည် က တာတီးလို့ခေါ်တယ်၊ ရှင်တို့ကို တစ်ခါမှမပြောပြဘူးလား''

အားလုံး ကြောင်တောင်တောင် ဖြစ်သွားကြရင်း နိုင်ကြီးက ...

''ဟုတ်ရဲ့လားဗျာ''

''ဩော် ကဲ ... ရှင်တို့ကို ကျွန်မက ညာစရာလား၊ ဒါနဲ့ ခုချိန် လောက်ဆို တာတီး အဲ ... မိုးခက် ဘယ်မှာရှိနိုင်လောက်လဲ''

ငြိမ်နေသော အောင်ဒွေးက ဝင်၍ ...

''အင်း အဲ ... ခုချိန်ဆိုရင်တော့ ကျွန်တော်တို့ထိုင်နေကျ ကင်တင်း မှာ ရှိနိုင်လောက်တယ်ဗျ''

စကားအဆုံးမှာ သက်ထားက စဉ်းစားဟန်ပြုလျက် ...

''ဒါဆို ဒီလိုလုပ် ... ခု အဲဒီကင်တင်းကို ကျွန်မတို့အားလုံး သွားမယ်၊ ဟိုရောက်လို့ တကယ်လို့ မိုးခက်ကိုတွေ့ရင် ရှင်တို့ အရင် စကားသွားပြောလိုက်၊ ကျွန်မတို့က နောက်ကလိုက်ဝင်လာခဲ့မယ်''

တိုင်ပင်ထားသည့်အထဲမှာ ထိုအစီအစဉ်မပါ၍ မေဖွန့်မိုးက သက်ထားကို ခေါ်သော ဆိတ်လိုက်သည်။ သက်ထားက အသာနေစမ်းပါဆိုသော ပုံစံနှင့် မျက်ရိပ်ပြန်ပြ၏။

ထိုအချိန်မှာပဲ ချက်ကြီးက ...

"ဟိုလေ ... တကယ်လို့များ မိုးခက်ကိုမတွေ့ရင်ကော"

ထိုအမေးကို သက်ထားကလည်း ပြတ်သားစွာ ...

"ဩော် ... ဒါဆိုရင်လည်း ဒီနေ့တစ်ရက်လုံး ရှင်တို့နဲ့အတူ မိုးခက်ကို တွေ့အောင်လိုက်ရှာရုံပဲပေါ့"

ချက်ကြီးတို့သုံးယောက်စလုံး သက်ပြင်းကိုယ်စီ ကျိတ်ချလိုက်ကြသည်။ ဒီဟာမလေးတွေက ဘယ်လိုတိုင်ပင်ထားကြသည်မသိ ... ခုတော့ မိုးခက်စသည့်ဇာတ်လမ်းက သူတို့ကိုပါ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ပတ်သက်လာချေပြီ။

ထိုအချိန် မေဖွန့်မိုးတို့ကလည်း ဒီဟာထီးကြီးတွေ ဘယ်လိုများ ဆင်ကြံကြံဦးမလဲဟု ခပ်ချဉ်ချဉ် တွေးနေမိသည်။

နောက်ဆုံးတော့ ချက်ကြီးက မတတ်သာသောအသွင်ဖြင့် ခေါင်းညိတ်ကာ သဘောတူလိုက်ရင်း ...

"ကဲ ... ဒါဆိုလည်း ပြီးရောဗျာ၊ ကျွန်တော်တို့ထိုင်နေကျ ကင်တင်းကို သွားကြည့်ရအောင်"

ပြောရင်း ချက်ကြီးတို့ထလိုက်ကြတော့ သူမတို့လည်း မတ်တတ်ရပ်လိုက်ကြသည်။ ပြီး ဖြူဖြူက ...

"ရှင်တို့ ရှေ့ကသွား"

"ဟင် ... ဘာဖြစ်လို့လဲ"

အောင်ဌေးအမေးကြောင့် ဖြူဖြူကပဲ ...

"ကျွန်မတို့မှ လမ်းမသိတာ၊ စကားပုံအတိုင်းပေါ့၊ လမ်းမသိရင်"

စကားပင် မဆုံးလိုက်၊ နိုင်ကြီးက ပျာပျာသလဲ လက်ကာပြရင်း ...

"အိုကေ အိုကေ ... ရပြီ၊ ကျွန်တော်တို့ကပဲ ရှေ့လမ်းပြပါ့မယ်"

ထိုသို့ စကားကို ဖြတ်လိုက်ရသည်။ မဟုတ်လျှင် ကိုယ်တွေက ခွေးပင်ဖြစ်ရဦးမည်လေ။

ချက်ကြီးတို့နောက်မှ အသာလိုက်လာခဲ့ကြသည်။ ငါးမိနစ်လောက် လျှောက်၍ ကင်တင်းတစ်ခုရှေ့ရောက်တော့ ချက်ကြီးက အထဲကို ငေးကြည့် သိုက်ရင်း မေဖွန်မိုးဘက်လှည့်ကာ ...

"ဟိုကောင်တော့ ရှိတယ်ဗျ၊ ဟိုအလယ်ညာဘက်ဝိုင်းမှာ ကျော ပေးထိုင်နေတာ မိုးခက်ပဲ"

လှမ်းကြည့်လိုက်တော့ အေးအေးလူလူထိုင်နေသော လူတစ် ယောက်ကို ကျောပေးအနေအထားနှင့် တွေ့လိုက်ရသည်။

သက်ထားက ...

"ကဲ ... ပြောထားတဲ့အတိုင်း ရှင်တို့ အရင်သွားနှင့်၊ ကျွန်မတို့ နောက်က လိုက်ဝင်လာခဲ့မယ်၊ ဒါပေမဲ့ ကျွန်မတို့ပါလာတယ်ဆိုတာ ရှင်တို့ သူ့ကိုမပြောရဘူးနော်"

"ဟုတ်ပါပြီဗျာ"

"ကတိပေးလား"

"ပေးပါတယ်ဗျာ ... တကတဲမှပဲ"

"ဒါဆိုရင် ကျုပ် ... ပြောရင် နောက်ဘဝ ရှင်တို့အားလုံး ခွေးဖြစ်လို့"

"ဘာ"

သုံးယောက်စလုံး သက်ထားကိုကြည့်ကာ ညီညီညာညာ ခေါင်းကုတ်ကြတော့သည်။ ပြီး နိုင်ကြီးက မချိတင်ကဲလေသံဖြင့် ...

"ကျုပ်တယ်ဗျာ ... ပြောရင် နောင်ဘဝ ခွေးဖြစ် ... ဟုတ်ပြီလား"

"ဟုတ်ပြီလေ ... သွားတော့"

ခွင့်ပြုချက်ရသည်နှင့် ချက်ကြီးတို့လည်း ကင်တင်းထဲ ဝင်သွားလိုက်သည်။ ထိုအချိန်တွင် မိုးခက်ဆိုသော ငတိက သူ့ပိုက်ဆံနှင့်သူ ဘာတွေမှန်းမသိ မှာယူစားသောက်နေ၏။

သုံးယောက်သား ဝင်ထိုင်လိုက်ကြတော့ မိုးခက်က မော့ကြည့်ကာ ...

"မင်းတို့ကောင်တွေ တစ်မနက်လုံး ဘယ်ပျောက်နေကြတာလဲ၊ ငါ ဒီမှာထိုင်နေတာ တစ်နာရီလောက်ရှိပြီ"

အဖြစ်မှန်ကိုပြောပြချင်သော်လည်း နောင်ဘဝ ခွေးအဖြစ်မခံနိုင်၍ နိုင်ကြီးက ...

"ငါတို့ ကျောင်းရောက်တာ မင်းထက်တောင် စောသေးတယ်၊ မင်းကို ကင်တင်းမှာမတွေ့တာနဲ့ ဟိုနားဒီနား လျှောက်နေကြတာ"

"မနက်စာရော စားပြီးကြပြီလား"

မိုးခက်စကားကြောင့် ချက်ကြီးမျက်နှာက ဝင်းတက်သွားရင်း ...

"မစားရသေးဘူးဆိုရင် မင်းက ကျွေးမလို့လား"

"ထပ်သရီး ... မင်းမို့လို့ ဒီစကားပြောထွက်သေးတယ်၊ ကိုယ့်ကြက်ဆံနဲ့ ကိုယ်စားပေါ့ကွ၊ ပြီးရင်လည်း မင်းတို့ဖင်နဲ့မင်းတို့ ပါမှာပဲဟာကို၊ မင်းတို့နောက်နေ့အိမ်သာတက်မယ့်ကိစ္စကို ငါက မဆီမဆိုင် ဒီနေ့ 'မ'တည်ပေးရမှာလား"

မိုးခက်၏ ပြည့်ဝသောသူငယ်ချင်းစိတ်ဓာတ်ကြောင့် အားလုံးပဲငြိမ်သွားကြသည်။ အစားအသောက်အကြောင်းကို ထပ်မပြောရဲတော့။ ထိုစဉ်မှာပဲ နိုင်ကြီးက ...

"မိုးခက် ... မင်း မေဖွန့်မိုးအကြောင်း ဘယ်လောက် လေ့လာပြီးပြီလဲ"

မိုးခက်က ...

"အဟဲ ... တချို့အကြောင်းတွေက လေ့လာစရာမလိုဘဲ သိထားပြီးသားလေ၊ ဒါပေမဲ့ ဒီကြားထဲ ပိုသိအောင် ငါလေ့လာနေပါတယ်ကွ၊ ပြောရရင်ကွာ ... သူ့မိဘတွေက သူ့ကို ဘာကြောင့် မေဖွန့်မိုးလို့ နာမည်ပေးခဲ့တာလဲဆိုတာတောင် ငါသိထားပြီ"

"တယ်ဟုတ်ပါလား ... ပြောပြစမ်းပါဦး၊ ဘာကြောင့် မေဖွန့်မိုးလို့ နာမည်တွင်ခဲ့လဲဆိုတာကို"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ချက်ကြီးက ပင့်ပေးတော့၏။ ဟုတ်သော်ငြား မဟုတ်သော်ငြား မိုးခက်ကလည်း ဖြေပါသည်။

"ဒီလိုကွာ ... သူ့ကို သူ့အမေကိုယ်ဝန်ရှိတော့ ဗိုက်အပ်ထားတဲ့ဆရာဝန်က ဂျူးဒိတ်ပေးထားတယ်ကွ၊ အဲ ... မေလ ဘယ်နှရက်လောက်မှာ မွေးမယ်ပေါ့ကွာ၊ ဒါပေမဲ့ မေလသာကုန်သွားတယ် မမွေးသာ

ဘူး၊ ဒီလိုနဲ့ ဖွန်လရောက်တော့မှ မီးရှူးသန့်စင်တာကွ၊ အဲဒီနေ့က မိုးတွေ လည်း ရွာနေတယ်လေ၊ အဲဒါနဲ့ပဲ သူ့မိဘတွေက မွေးမယ်ဆိုပြီး မမွေးတဲ့ မေလရယ်, တကယ်မွေးတဲ့ ဖွန်လရယ်, ပြီးတော့ မွေးတဲ့အချိန်မှာ မိုးတွေ သည်းနေတာကြောင့် အားလုံးပေါင်းပြီး မေဖွန်မိုးလို့ နာမည်ပေးလိုက်တာ ... ရှင်းပြီလား''

သူ့အပြောနှင့်သူ ဟုတ်နေ၍ ချက်ကြီးတို့ပင် ယုံချင်ချင် ဖြစ်သွားရ သည်။ တကယ်ပဲ မေဖွန်မိုးနှင့် မိုးခက်က ငယ်သူငယ်ချင်းတွေလား။ ထိုသို့ပင် တွေးလိုက်မိကြသေး၏။

သို့သော် ချက်ကြီးတို့၏ တွေးမိတွေးရာတွေးသော အတွေးအဆုံး မှာပဲ ...

''ဒီမှာ ... မိုးခက်ဆိုတာ ရှင်လား''

မျက်နှာချင်းဆိုင်တည့်တည့်သို့ အလိုအလျောက် ရောက်ရှိလာ သော ကောင်မလေးသုံးယောက်အနက် အလယ်တစ်ယောက်က မေးလိုက် ခြင်းဖြစ်သည်။

မိုးခက်က ယောင်နနနှင့် မော့ကြည့်လိုက်ပြီး ...

''ဟင် ... မေဖွန်မိုး''

ထိုသို့ အံ့ဩမှင်သက်စွာ ရေရွတ်လိုက်ချိန်မှာပဲ မေဖွန်မိုးက စူးစူးရဲရဲ ကြည့်လာပြီး ...

''ဟုတ်တယ် ... ကျွန်မ မေဖွန်မိုးပဲ၊ ရှင်နဲ့စာရင်းရှင်းချင်လို့ လာခဲ့ တာ''

''ဟာ ... မဟုတ်''

စကားမဆုံးမီမှာပဲ မေဖွန့်မိုးတို့သုံးယောက်စလုံးက မိုးခက်တို့ဝိုင်းမှာ အသီးသီး နေရာယူလိုက်ကြလေပြီ။

ပြီး မေဖွန့်မိုးကပဲ မိုးခက်ကို မျက်လုံးချင်းဆိုင်ကြည့်လျက် . . .

"ကဲ . . . စမေးမယ်၊ ခုနက ကျွန်မနာမည်နဲ့ပတ်သက်ပြီး ရှင် ဘာပေါက်ကရတွေ ပြောနေတာလဲ"

မိုးခက် ဟီးခနဲရယ်လျက် . . .

"ဒါက ဒီလိုပါ . . . ဒီ့ကောင်တွေမေးတာကို ကျွန်တော်လည်း ဖြေချင်နေတာနဲ့"

"ပေါက်ကရတွေ ဖြီးလိုက်တာပေါ့ . . . ဟုတ်လား"

"အဟဲ . . . ဖြစ်နိုင်တာကို ပြောကြည့်တာပါ . . . အဲလို မဟုတ်ဘူး လားဟင်"

မေဖွန့်မိုးက နှုတ်ခမ်းအသာမဲ့ရင်း . . .

"တော်စမ်းပါ . . . အဲဒါကို ထားလိုက်တော့၊ မနေ့က ဒီလူတွေကို လွှတ်ပြီး ဘာဖြစ်လို့ ကျွန်မကို အကြောင်းရိုက်တာလဲ၊ ပြီးတော့ ကျွန်မရဲ့ အကြောင်းတွေကို ရှင် ဘယ်လိုသိနေတာလဲ . . . အဲဒါကို ရှင်း"

ဒေါသကြောင့် ဖူးဖူးလေးတင်းမာနေသော မေဖွန့်မိုး၏မျက်နှာ လေးကို မိုးခက် စိုက်ကြည့်လိုက်သည်။

ပြီး လေသံအေးအေးဖြင့် . . .

"ဒီလောက်လည်း စိတ်မတိုပါနဲ့ဗျာ . . . သိချင်ရင် ပြောပြပါ့မယ်၊ ဒါပေမဲ့ အဲဒီကိစ္စကို တခြားလူတွေတော့ မသိစေချင်ဘူး၊ ဒါကြောင့် မေဖွန့် မိုးနဲ့ကျွန်တော် နှစ်ယောက်တည်း ပြောချင်တယ်"

"ဘာရှင့်"

"ဩော် ... ကျွန်တော်က ရိုးရိုးသားသား ပြောမှာပါ"

"အောင်မာ ... ရှင်ပြောပုံက ကျွန်မကပဲ မရိုးမသား ဖြစ်နေတဲ့ ပုံစံနဲ့"

"ဒါဆိုလည်း နှစ်ယောက်တည်းပြောမှာကို လက်ခံလိုက်ပေါ့ဗျာ"

မေဖွန်မိုး ဘာပြောရမည်မှန်းမသိ ဖြစ်သွားရ၏။ သက်ထားကို အကူအညီတောင်းသလို ကြည့်လိုက်တော့ သက်ထားက မေးဆတ်ပြလာ လုပ်လိုက်ပေါ့လေ။

ထို့ကြောင့် တွေခနဲ ခဏစဉ်းစားလိုက်ပြီး ...

"ဟုတ်ပြီလေ ... ရှင်က အဲလိုမှ ပြောမယ်ဆိုတော့လည်း လက်ခံရ တော့မှာပေါ့"

ပြောရင်း သက်ထားတို့ဘက် လှည့်လိုက်ကာ ...

"သက်ထား ... နင်တို့က"

"ငါတို့ ဟိုဘက်ဝိုင်းမှာ ထိုင်နေမယ်"

သက်ထား၏စကားအဆုံးမှာ မိုးခက်ကလည်း ချက်ကြီးတို့ကို ကြည့် ၍ ...

"ဟေ့ကောင်တွေ ... မင်းတို့လည်း တခြားဝိုင်းမှာ သွားထိုင်ကြ လိုက်"

ခဏကြာသည့်အချိန်မှာတော့ စားပွဲဝိုင်းမှာ မိုးခက်နှင့်မေဖွန်မိုး နှစ်ဦးသာ ကျန်ခဲ့သည်။

မိုးခက်ကအရင် ...

"ကဲ ... ခေတ်လူငယ်တွေဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့၊ ကဲ ... မေဖွန်မိုးက ဘာကိုသိချင်တာလဲ"

"ခုနက ပြောပြီးပြီလေ ... ဘာအကြောင်းကြောင့် လုပ်နေတာလဲ"

စိတ်တိုဟန်လေးဖြင့် ခပ်ဆတ်ဆတ် အော်လိုက်သည်။ မိုးခက်က ခပ်ဟဟရယ်ရင်း ...

"စိတ်ကလည်း တိုတတ်လိုက်တာဗျာ ... ပြောပါ့မယ်၊ မေဖွန်မိုးရဲ့ တချို့အကြောင်းတွေ သိနေရတာက ကျွန်တော် ဒါလေး ကောက်ရလို့ဗျ"

ပြောရင်း သူ့ဆီမှာရှိသော မေဖွန်မိုး၏ ကိုယ်ရေးရာဇဝင်အကျဉ်း စာရွက်လေးအား ထုတ်ပေးလိုက်သည်။

မေဖွန်မိုးက ကြည့်ကာ အံ့ဩသွားသောမျက်နှာထားလေးနှင့် ...

"ဒီ ဒီအထဲမှာပါတဲ့ ကျွန်မနဲ့ပတ်သက်တဲ့ အချက်အလက်တွေကတော့ မှန်တယ်၊ ဒါပေမဲ့ ဒီစာရွက်ဟာ ကျွန်မ,ကျပျောက်တာ မဟုတ်ဘူး"

မဟုတ်တာသိသားပဲဟု မိုးခက်စိတ်ထဲက တွေးလိုက်သည်။ ပါးစပ်ကတော့ ...

"အဲဒီတော့ ကျွန်တော်လည်း မသိဘူးလေဗျာ၊ ကျွန်တော် ဒီစာရွက်လေးကို ကောက်ရတော့ စိတ်ဝင်စားသွားတယ်၊ ရိုးရိုးသားသား ပြောတာနော်"

ရိုးရိုးသားသားဟု ပြောခါမှပဲ မေဖွန်မိုးမျက်နှာလေးက ပန်းရောင်ပြေးသွားရသေးသည်။ မိုးခက်က ဆက်၍ ...

"အဲဒါနဲ့ပဲ ဒါ ဘယ်ကျောင်းသူလဲဆိုပြီး လိုက်စုံစမ်းကြည့်တယ်၊ အပြင်မှာ မေဖွန်မိုးကိုတွေ့လိုက်ရတော့ ကျွန်တော့်စိတ်ထဲ ခင်ချင်သွားတယ်ဗျ

ဒါပေမဲ့ မေဖွန့်မိုးနဲ့သူငယ်ချင်းဖြစ်ဖို့ ဘယ်လိုလုပ်ရမှန်း ကျွန်တော်မသိဘူး။ ဆိုလိုချင်တာကဗျာ မေဖွန့်မိုးနဲ့ကျွန်တော် တစ်နေရာရာမှာ တိုက်တိုက်ဆိုင်ဆိုင်တွေ့ပြီး ခင်ကြဖို့ဆိုတာက မလွယ်ဘူးလေ၊ မိတ်ဆက်ပေးမယ့်သူလည်းမရှိဘူး။ ဒါကြောင့် ဟိုကောင်တွေကို လွှတ်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်လိုက်တာဗျ ... ဒါပါပဲ''

မိုးခက်၏အပြောနှင့် သူ့လုပ်ရပ်ကတော့ဟုတ်သလိုလို ရှိနေသည်။ သို့သော် လတ်တလောမှာတော့ မေဖွန့်မိုး ဘာပြန်ပြောရမည်ကို စဉ်းစားမရသေး။

ငြိမ်နေမိသောကြောင့် မိုးခက်ကပဲ ...

''ဘယ်လိုလဲ မေဖွန့်မိုး ... ကျွန်တော်ပြောတာကို လက်ခံနိုင်ရဲ့လား၊ လက်ခံရင်တော့ ကျွန်တော် မေဖွန့်မိုးနဲ့ သူငယ်ချင်းဖြစ်ချင်တယ်''

ပြောင်ကြီးပင် ပြောချလာသည်။ ဒီတစ်ခါတော့ ငြိမ်နေ၍ မဖြစ်မှန်းသဘောပေါက်သည်မို့ မျက်နှာစည်တည်နှင့် ...

''ဒါကတော့ ရှင့်အပြောလေ၊ ကျွန်မဘက်ကတော့ ရှင်းပါတယ်၊ အကြောင်းမသိတဲ့လူတစ်ယောက်ကို သူငယ်ချင်းအဖြစ် လက်ခံဖို့ဆိုတာ တစ်ခါမှတောင် စိတ်မကူးဖူးဘူး၊ ထပ်ပြောရရင် ရှင့်လုပ်ရပ်ဟာ ရူးကြောင်ကြောင်နိုင်တာမဟုတ်ရင် တော်တော်ပေါတဲ့လုပ်ရပ်ပဲ မိုးခက်''

ပြောရင်း မေဖွန့်မိုး ဆတ်ခနဲ ထထွက်လာခဲ့သည်။ မိုးခက်မှာ ပါးစပ်အဟောင်းသားလေးနှင့် ကျန်ခဲ့ရ၏။

ခဏကြာသည့်အချိန်မှာတော့ မေဖွန့်မိုးတစ်ယောက် သူ့သူငယ်ချင်းတွေနှင့်အတူ ကင်တင်းထဲမှ ထွက်သွားလေတော့သည်။

တစ်ယောက်တည်းကျန်နေခဲ့သော မိုးခက်အနားသို့ ချက်ကြီး တို့သုံးယောက် ဝုန်းခနဲ ရောက်ချလာကြ၏။

"ဘယ်လိုလဲ မိုးခက် ... အဆင်ပြေရဲ့လား၊ အခြေအနေကောင်း ရဲ့လား"

မိုးခက်က အမှတ်မရှိဟန်ဖြင့် ခပ်တည်တည်ပဲ ...

"ပြေပါတယ် ... ငါ့ကိုလည်း သတ်မှတ်ချက်ပေးသွားတယ်"

"ဟင် ... ဘာတဲ့လဲ"

"ငါ့လုပ်ရပ်ဟာ ရှုးကြောင်ကြောင်နိုင်တာ မဟုတ်ရင် ဇတ်တော် ပေါ်ရဲတဲ့လုပ်ရပ်ပဲတဲ့"

"ဟာ"

ချက်ကြီး၏ ရေရွတ်သံအဆုံးမှာ နိုင်ကြီးကလည်း ...

"ဒါဆိုရင် သွားပြီပေါ့ကွ မိုးခက်ရ"

"အေးလေ ... ခုနက သူတို့ထွက်သွားတာ မင်းအမြင်ပဲမဟုတ် လား"

"အာ ... မဟုတ်ဘူးလေ၊ မင်း ရှေ့ဆက်လုပ်ရမယ့်အလုပ်က တော့ သွားပြီ၊ ရေစုန်မျောပြီလို့ ပြောတာကွ"

စကားအဆုံးမှာ မိုးခက်က တဟားဟားရယ်သည်။ အေးဆေးပါ ကွာဟူသော ရယ်သံမျိုးလည်း ဖြစ်၏။

ပြီး ပြောလာသောစကားကလည်း ...

"မသွားပါဘူးကွာ ... သူ ငါ့ကို ခုလို သတ်မှတ်သွားတာကိုက ငါ့အတွက် လမ်းကြောင်းတစ်ခု ထပ်ပွင့်သွားတာကွ"

"ဟော . . . ဘယ်လို . . . အဲဒီလမ်းကြောင်းဆိုတာက"

"စောင့်ကြည့်ကြပေါ့ကွာ၊ မိုးခါးပါကွ . . . ဟဲ ဟဲ"

"အေးပါ . . . ငါတို့ကလည်း မင်း ဘယ်လောက်ပေါ်ပြူမလဲ ဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

"အင်"

■

## အခန်း (၈)

မိုးခက်နှင့်ပတ်သက်သောကိစ္စသည် ယခုလို မိုးတွင်းကြီးမှာ မခက်ဘဲ လွယ်လွယ်နှင့် တစ်ခန်းရပ်သွားပြီဟု ထင်ထားခဲ့သည်။ ထိုအကြောင်းကို ပြန်ပြောမိတိုင်း သူမတို့ ရယ်ဖြစ်ကြသည်မှာပင် အကြိမ်ကြိမ်။

"ပထမတစ်နေ့တုန်းကတော့ ငါ့စိတ်ထဲမှာလည်း ဘာလဲပေါ့ဟာ၊ ဘာဖြစ်လို့ ငါ့အကြောင်းတွေ သိနေတာလဲဆိုပြီး လန့်နေတာ"

"အေးလေ ... သူလုပ်တဲ့ပုံစံကလည်း ထူးဆန်းနေတာကိုး"

ဖြူဖြူစကားအဆုံးမှာ မေဇွန်မိုးက ...

"ထူးဆန်းတာမဟုတ်ဘူးဟေ့ ... ရူးနှမ်းတာ, ပေါ်တာ"

ပြောရင်း ရယ်ဖြစ်ကြသေးသည်။

သက်ထားက မျက်မှောင်လေးတွန့်၍ ...

"ဒါပေမဲ့ နှင့်ရဲ့အချက်အလက်တွေကို ရေးထားတဲ့စာရွက်က ဘယ်က ဘယ်လို ကျောင်းထဲမှာ ရောက်နေတာလဲ မသိဘူးနော် ဖွန်ဖွန်"

မေဖွန့်မိုး ခေါင်းညိတ်၍ . . .

"ငါစဉ်းစားမရတာလည်း အဲဒီအချက်ပဲဟ၊ မိုးခက်ပြောတုန်းကတော့ ကောက်ရတာလို့ ပြောတာပဲ"

"သူ့စကားကို နင်က ယုံလို့လား"

"ယုံတယ်, မယုံဘူးဆိုတာထက် တခြားဖြစ်နိုင်တာကိုမှ စဉ်းစားလို့မရတာလေ"

"အင်း . . . ထားပါတော့၊ တစ်ခုရှိတာက ဒီကိစ္စဟာ မိုးခက်ဘက်က နင့်ကိုခင်ချင်လို့ ရိုးရိုးသားသားဖန်တီးတာဆိုရင် နင် ပြန်ပြောခဲ့တာက နည်းနည်းမများဘူးလား ဖွန်ဖွန်"

သက်ထားစကားကြောင့် မေဖွန့်မိုးက နှုတ်ခမ်းလေး အသာမဲ့လိုက်ကာ . . .

"ဘာလဲ . . . နင်က သူ့ကို အားနာနေလို့လား"

"နင့်အတွက်ပါ"

"အောင်မာ . . . ဘာငါ့အတွက်လဲ၊ တော်ပါ သက်ထားရယ် . . . ငါ ဒီလောက်ပြောခဲ့တာတောင် အဲဒီမိုးခက်က နာမှာမဟုတ်ဘူးဟ၊ ရုပ်ကိုက ပြီတီတီနဲ့"

"ချောတော့ချောပါတယ်ဟယ်၊ နင် လုံးဝ စိတ်မဝင်စားဘူးလား"

ထိုစကားကြောင့် မိုးခက်မျက်နှာ ပြေးမြင်ကာ မေဖွန့်မိုး ရှက်သွားရပြီး သက်ထားကို မျက်စောင်းထိုးလျက် . . .

"ကောင်မ ... ရှုမနေနဲ့၊ ဇာတ်လမ်းက တစ်ခန်းရပ်သွားပြီ လာ ... ကင်တင်းမြန်မြန်သွားရအောင်"

စာသင်ခန်းမှထွက်ကာ ကင်တင်းသို့ သွားနေစဉ် ထိုစကားများကို ပြောဖြစ်ကြခြင်းဖြစ်သည်။ ကင်တင်းရောက်တော့လည်း စားစရာတွေ မှာယူစားသောက်ရင်း ထိုအကြောင်းအရာကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားရ၏။

စားသောက်ပြီးစီး၍ ကော်ဖီတစ်ခွက်စီမှာကာ သုံးဆောက်သား အရသာခံသောက်နေစဉ်မှာပဲ ဖြူဖြူ သတိရဟန်ဖြင့် ...

"ဟယ် ... မေ့နေလိုက်တာ၊ မနက်က သံယောဇဉ်နေ့စဉ်စာစောင် ဝယ်ထားပြီး ခုထိ မကြည့်ရသေးဘူးဟ"

ပြောရင်းပင် ဖြူဖြူက သူ့လွယ်အိတ်ထဲမှစာစောင်ကို ထုတ်လိုက်သည်။

"အေး ... လုပ်စမ်းဟာ၊ ရယ်စရာ ဘာတွေပါလဲ ကြည့်ရအောင်"

သက်ထားကလည်း ခေါင်းယိမ်းကာ လိုက်ဖတ်နေသည်။ ထိုနှစ်ယောက်ကို မေဇွန်မိုးက မျက်စောင်းထိုးလျက် ...

"နင်တို့မှာလည်း အားအားရှိ ဒါပဲ ဝယ်ဖတ်နေတယ်"

"ဩော် ... နင်မှ ဖတ်မကြည့်တာကိုး၊ အဲ ... ဒီကြော်ငြာလေးကို ဖတ်ကြည့်၊ ပြုံးသွားစေရမယ်"

ဖြူဖြူက လက်ညှိုးထောက်ကာ ပြနေသဖြင့် မေဇွန်မိုး စိတ်မပါ့ တပါနှင့် ဖတ်ကြည့်လိုက်သည်။ ပြုံးလည်းပြုံးမိပါ၏။ ထပ်ပြောရလျှင် အတော်ပေါရဲသောကြော်ငြာလည်း ဖြစ်သည်။

## ကျောင်းသူများသိသာစေရန်

ဖူး (Zoo) မေဂျာ၊ တတိယနှစ်ကို ယခု တက်ရောက်နေသော ကျွန်တော် မောင်စန်းမွန် သည် ပထမနှစ်နှင့် ဒုတိယနှစ်အတွင်း ရည်းစား ခြောက်ယောက် ထားခဲ့ပါသည်။ ယခုအခါ နောက်ဆုံးနှစ် (တတိယနှစ်) ကို ရောက်နေပြီ ဖြစ်သည့်အပြင် မိဘနှစ်ပါးကလည်း ယခုနှစ် ကျလျှင် နောင်နှစ် ကျောင်းထပ်မထားတော့ဟု အတိအလင်း ပြောကြားလာသောကြောင့် ကျွန် တော်သည် ယခုအချိန်မှစ၍ ဘယ်မိန်းကလေး ကိုမှ ရည်းစားတော်မည်မဟုတ်တော့ကြောင်း နှင့် မျှော်လင့်နေသူများရှိပါက ကျွန်တော့် ပညာ ရေးအတွက် ငဲ့ကွက်၍ နောက်ဆုတ်ပေးကြရန် ဤနေရာမှ အနူးအညွတ် အသိပေးလိုက်ရပါ သည်။

**မောင်စန်းမွန်**

ထိုကြော်ငြာကို ဖတ်အပြီးမှာ ဖြူဖြူက ...

"ဘယ်လိုလဲ ... ရယ်ရတယ်မဟုတ်လား"

မေဖွန်မိုး ဘာမှပြန်မပြောဘဲ ပြုံး၍သာ နေလိုက်သည်။ စဉ်းစားကြည့်လျှင်တော့ ဤစာစောင်လေးကြောင့် ကျောင်းသူကျောင်းသားများ အပျင်းပြေရသည်မှာ အမှန်ပင်။

သက်ထားနှင့်ဖြူဖြူတို့ကတော့ စာစောင်ပါ အကြောင်းအရာများကို ဖတ်ကာ တခွီးခွီးနှင့် ရယ်နေကြသည်။

သို့သော် တစ်နေရာအရောက်မှာ ဘာကို ဖတ်မိသည်မသိ ... သက်ထားပါးစပ်မှ ပေါက်တော့ဟု ရေရွတ်သံကြားလိုက်ရကာ တစ်ဆက်တည်းမှာပဲ ...

"ဟဲ့ ရွှန်ရွှန် ... ရှော့ ရှော့ ... ဒီကြော်ငြာကိုတော့ နင်မဖတ်လို့ မရတော့ဘူး"

ရှုတ်တရက်ကြီး ဘာဖြစ်ရတာလဲဟု တွေးကာ ပြလာသော ကြော်ငြာကို ယောင်နနနှင့် ဖတ်ကြည့်လိုက်မိသည်။

"ဟင်"

ဒီတစ်ခါတော့ မေရွှန်မိုးတစ်ယောက် မရယ်မပြုံးနိုင်တော့။ ကြော်ငြာက ကိုယ့်နှင့်တိုက်ရိုက်ပတ်သက်နေသည်လေ။

●

## မေငွနှမိုး - ၂၀ (၁၇၂) သိမေစရန်

ကျွန်တော် မောင်မိုးခက်သည် မေငွနှမိုးနှင့် သူငယ်ချင်းဖြစ်ေ[illegible]အတွက် လိုအပ်သောအချက်အလက်များအား အပူတပြင်း စုဆောင်းနေပြီဖြစ်ပါကြောင်း။

မောင်မိုးခက်

ထိုကြော်ငြာကြောင့် မေဖွန့်မိုး အနည်းငယ် စိတ်ရှုပ်သွားရသည်။ ယခုကဲ့သို့ သူမနာမည် စာစောင်မှာပါလာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ မိုးခက် ဘာကြောင့် ခုလိုလုပ်သည်ကို စဉ်းစား၍မရ။

သက်ထားက စပြောလာသည်။

"ဖွန့်ဖွန့် ... ဒီကြော်ငြာအတွက် နင် ဘယ်လိုလုပ်မလဲ၊ မိုးခက်ကို သွားကောမလား"

သူမ ဘာမှမပြောရသေးခင်မှာပဲ ဖြူဖြူက ဝင်၍ ...

"ကောင်းပါ့မလား သက်ထားရာ ... ပြောရရင် ဒီကြော်ငြာက ဖွန့်ဖွန့်ရဲ့ဂုဏ်သိက္ခာကို စော်ကားတဲ့သဘောမျိုးမှ မဟုတ်တာလေ၊ သူများတွေလည်း ဒီလိုပဲ ထည့်နေကြတဲ့ဥစ္စာ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ နာမည်တပ်ရေးထားသော် လည်း ဒီလောက်နှင့်တော့ သွားပြီး ရန်တွေ့ရန်မသင့်ဟု မေဖွန်မိုး စဉ်းစားမိ ၏။ ထိုသို့ ခွင့်လွှတ်စိတ်ကလေး မွေးနေစဉ်မှာပဲ ...

"မေဖွန်မိုး ... ကျွန်တော် ခဏထိုင်မယ်နော်"

အသံကြား၍ ကြည့်လိုက်တော့ မောင်မင်းကြီးသား မိုးခက် ဖြစ်နေ သည်။ ဒင်းက ပြောရင်းပင် ခုံတစ်လုံးဆွဲယူကာ ဖိုးဖိုးဆတ်ဆတ် ထိုင်ချ လိုက်ရင်း ဖြူဖြူ့လက်မှ စာစောင်ကို ကြည့်လျက် ...

"ဒါနဲ့ စာစောင်ထဲကကြော်ငြာကို မေဖွန်မိုး ဖတ်ပြီးပြီလားဟင်"

ထိုစကားကြောင့် မေဖွန်မိုးက မိုးခက်ကို ခပ်စူးစူးကြည့်လိုက်ကာ ...

"ဖတ်ပြီးပြီ နေစမ်းပါဦး မိုးခက် ... ရှင် ဘာတွေ လျှောက်လုပ်နေ တာလဲ၊ ရှင့်,မရှက်ပေမယ့် ကျွန်မ,ရှက်တယ်ရှင့်"

"မရှက်ပါနဲ့ မေဖွန်မိုးရယ် ... ဒါက သဘာဝပဲဟာကို"

"ဘာ ... ဘယ်လို ဘယ်လို"

"ဩော် ... သူများတွေလည်း ဒီလိုပဲ ကြော်ငြာထည့်ကြတာပဲလေ၊ ကျွန်တော်လည်း ကျွန်တော့်ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်လိုက်တာပါ"

"ပေါ်ရဲလိုက်တာ"

စိတ်ညစ်ညူးစွာ ရေရွတ်လိုက်သည်ကိုပင် မိုးခက်ကမလျှော့။

"အဟဲ ... ဒါကတော့ မေဖွန်မိုးရဲ့ တစ်ဖက်သတ် သတ်မှတ် ချက်ပါ၊ အဲ ... မပေါ်ဘူးဆိုတဲ့အကြောင်းကို ကြော်ငြာပါအတိုင်း သက်သေ ပြဖို့ ကျွန်တော်လာခဲ့တာပါ"

ပြောရင်းပင် မိုးခက်က သူ့ကျောပိုးအိတ်ထဲမှ ဖိုင်တစ်ဖိုင် ထုတ်ကာ မေဇွန်မိုးရှေ့သို့ တိုးပေးလျက် ...

"ရော့ ... ဖတ်ကြည့်ပါ မေဇွန်မိုး၊ အဲဒီဖိုင်တွေထဲမှာ ကျွန်တော့်ရဲ့ ကိုယ်ရေးအချက်အလက်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းက ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ ပြီးတော့ ဆေးစစ်ထားတဲ့ လက်မှတ်တွေရယ်၊ သွေးလှူထားတဲ့ ဂုဏ်ပြုမှတ်တမ်းတွေလည်း ပါပါတယ်"

"ဟင် ... ဒါတွေက ဘာလုပ်ဖို့လဲ"

"ဩော် ... မေဇွန်မိုးပဲ အကြောင်းမသိတဲ့လူနဲ့ သူငယ်ချင်း မဖြစ်ဘူးဆို၊ အဲဒါကြောင့် ကျွန်တော်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို စုစည်းတင်ပြတာပါ"

မေဇွန်မိုးတစ်ယောက ဘာလုပ်ရမည်မှန်းမသိဘဲ ခေါင်းသာကုတ်မိတော့သည်။ ဘေးမှ သက်ထားနှင့် ဖြူဖြူတို့ကလည်း ပြုံးစိစိလုပ်နေကြ၏။ ထိုမျှလောက်နှင့်ပင် မိုးခက်က မရပ်သေးချေ။ အိတ်ထဲမှ နောက်ပစ္စည်းတစ်ခုကိုပါ ထုတ်ယူလိုက်သေးသည်။ ထိုပစ္စည်းက သတင်းထောက်တွေကိုင်သော ရစ်ကော်ဒါ (အသံဖမ်းစက်) ကလေး ဖြစ်၏။

မိုးခက်က ...

"ဒီအထဲမှာလည်း ကျွန်တော် လက်လှမ်းမီသလောက် လူတွေကို ထောက်ခံခိုင်းထားပါတယ် ... နားထောင်ကြည့်ပါဦး"

ပြောရင်း ခလုတ်ကိုနှိပ်လိုက်သည်။ မိန်းကလေးတစ်ယောက်၏အသံ အရင်ထွက်လာ၏။

"မိုးခက်က ရွှတ်နောက်နောက်နေတတ်ပေမယ့် အရမ်းခင်ဖို့

ကောင်းပါတယ်၊ ထူးခြားတာကတော့ သူ့ရဲ့ကူညီတတ်တဲ့စိတ်ပါပဲ''

မိုးခက်က ပြုံးသည်။ နောက် ယောကျ်ားလေးအသံ ထပ်ထွက်လာ၏။

''ဒီကောင်မိုးခက်နဲ့တော့ သူငယ်ချင်းအဖြစ် စိတ်ချလက်ချသာပေါင်းပါ၊ ဒီကောင်က ကူညီတတ်တယ်ဆိုတော့ အနည်းဆုံး ခိုင်းစားလို့ရတယ်ဗျ''

''မိုးခက်က လူကောင်းကြီးမဟုတ်ပေမယ့် ဘယ်တော့မှ ယုတ်မာမယ့်လူစား မဟုတ်တာကိုတော့ အာမခံနိုင်ပါတယ်''

''ဒီကောင်မိုးခက်နဲ့သူငယ်ချင်းဖြစ်ရင် အနည်းဆုံး ရယ်ရမယ်၊ ခိုင်းစားလို့ရမယ်၊ အဲ ... ချွင်းချက်တစ်ခုကတော့ ဒီလဒက နည်းနည်းကျပ်တတ်တယ်ဗျ''

ရစ်ကော်ဒါထဲမှ စကားသံတွေက အဆက်မပြတ် ထွက်ပေါ်နေသည်။ နောက်ဆုံး မေဖွန့်မိုးပင် နားမထောင်နိုင်တော့ဘဲ ...

''ကဲ ... တော်ပါတော့၊ ရှင့်ရစ်ကော်ဒါကို ပိတ်လိုက်စမ်းပါ''

မိုးခက်က မပိတ်ချင်ပိတ်ချင် ပိတ်လိုက်ရင်း နှမြောသောလေသံနှင့်

''နောက်ထပ် အယောက်သုံးဆယ်လောက် ကျန်သေးတယ်ဗျ''

ထိုစကားကြောင့် မေဖွန့်မိုးက မျက်စောင်းထိုးလိုက်ရင်း ...

''ဒီလောက်ဆိုရင်ပဲ လုံလောက်ပါတယ်၊ ရှင် ကျွန်မနဲ့ သူငယ်ချင်းဖြစ်ဖို့အတွက် တော်တော် ကြိုးစားထားတာပဲနော်''

''ဟာ ... ဘယ်လိုပြောလိုက်ပါလိမ့် မေဖွန့်မိုးရယ်၊ ဒါဟာ လတ်ဘလော ကျွန်တော့်ရဲ့ ရည်မှန်းချက်ဗျ''

မေခွန်မိုးက နှုတ်ခမ်း အသာမဲ့လိုက်သည်။ မိုးခက် ခုလို လုပ်လာသောကိစ္စတွေကြောင့်လည်း စိတ်ထဲမှာ ရယ်ချင်နေမိ၏။ တစ်ဆက်တည်း တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ကာ . . .

"အင်း . . . ရှင့်ကို ထောက်ခံတဲ့စကားသံတွေထဲမှာ ကူညီတတ်တယ်ဆိုတဲ့စကားကို လူတိုင်းနီးပါး ပြောထားကြတယ်နော်"

"အမှန်ပါပဲ၊ ကိုယ်ရည်သွေးဟယ်ဖြစ်မှာစိုးလို့ ကျွန်တော်ကိုယ်တိုင် ထုတ်မပြောတာဗျ"

သြော် . . . ဟုတ်လားဟု ရေရွတ်လိုက်ပြီးမှ စိတ်ထဲ တွေ့ကြသေး တာပေါ့ဟု ကြုံးဝါးလိုက်ရင်း . . .

"ဒါဆိုရင်လည်း ရှင့်ကို အကူအညီတစ်ခုလောက် စမ်းတောင်း ကြည့်မယ်၊ ခက်ခက်ခဲခဲကြီးတော့ မဟုတ်ပါဘူး . . . ခုလောလောဆယ်မှာ ကျွန်မတို့စားချင်နေတာ တစ်ခုရှိတယ်၊ အဲဒါက ဝက်သားတုတ်ထိုးလေး အဲ . . . ကျောင်းဝင်းထဲမှာ မရောင်းတော့ ခက်နေတယ်၊ အဲဒါ ရှင်ဝယ်ပေး နိုင်မလား"

ဝက်သားတုတ်ထိုးဟု အသံတိတ်ရေရွတ်ရင်း ဦးနှောက်ကို မြ ကြက်လိုက်သည်။ အင်း . . . ကျောင်းဝင်းအပြင်ဘက်မှာတော့ တစ်ဆိုင် သည်။ ဒီအချိန် ထွက်,မထွက်တော့ မသိ။ ထိုဆိုင်မထွက်လျှင် နောက် အနီးဆုံးဆိုင်က ကျောင်းရှေ့မှတ်တိုင်နှင့် နှစ်မှတ်တိုင်ဝေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအချိန်မှာ ခရီးအနီးအဝေးကို တွက်မနေ တော့။ ဟုတ်ဟုတ်,မဟုတ်ဟုတ် ဒင်းကလေးက စားချင်သည်ဆိုပြီး တော ကျ အဲ . . . ဝယ်ခိုင်းနေပြီ။

ချက်ချင်းပင် ထရပ်လိုက်ပြီး ...

"ရတယ်လေ ... ကျွန်တော် သွားဝယ်ပေးပါ့မယ်၊ ရအောင်လည်း ဝယ်ခဲ့မယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ပြန်လာတဲ့အထိ စောင့်ပါ့မယ်လို့သာ ကတိပေး"

နိုင်ကျည်သောစကားကြောင့် မေဖွန်မိုးက မျက်ခုံးလေးပင့်လိုက်ကာ ...

"ပေးပါတယ် ပေးပါတယ် ... ရှင်သာ ရအောင်ဝယ်လာခဲ့"

စကားဆုံးသည်နှင့် မိုးခက်က လှစ်ခနဲ ပြေးထွက်သွားလေသည်။ ထိုအခါမှ အောင့်ထားသောစိတ်ကို လွှတ်ချကာ မေဖွန်မိုး တခစ်ခစ်ရယ်တော့၏။

သက်ထားက အမြင်ကတ်သလိုကြည့်ကာ ...

"ဖွန်ဖွန် ... နင် တော်တော်အားရနေတယ်ပေါ့ ... ဟုတ်လား"

အရယ်ကိုရပ်ရင်း မေဖွန်မိုးက ...

"အဲလိုလည်း မဟုတ်ပါဘူးဟာ၊ သူ့ပုံစံကို ကြည့်ပါလား ... ငါ ဘယ်လိုပဲဆက်ဆံ ဆက်ဆံ ငါနဲ့ သူငယ်ချင်းဖြစ်ဖို့ကိစ္စအတွက် သူ လျှောက်လုပ်နေမှာပဲ၊ အဲဒါကြောင့် မထူးတော့ဘူးဆိုပြီး လွှတ်ပေးလိုက်တာ"

"ဒါဆို နင်က မိုးခက်ကို သူငယ်ချင်းအဖြစ် လက်ခံတော့မယ်ပေါ့ ... ဟုတ်လား"

"စဉ်းစားဦးမယ်လေ"

"ဟဲ့ ... စဉ်းစားရအောင် မိုးခက်က နင့်ကို ရည်းစားစကားပြော ထားတာမှ မဟုတ်တာ"

ဖြူဖြူ့စကားကြောင့် မေဖွန့်မိုးမျက်နှာလေး ရဲတက်သွားရပြီး ...

"အာ ... ဘာတွေပြောနေတာလဲ၊ ငါက သူငယ်ချင်းအဖြစ် လက်ခံသင့်၊ လက်မခံသင့်ကို ပြောတာလေ"

"ဟုတ်ပါတယ် ... ငါကလည်း ကြုံလာနိုင်တာကို ပြောထားတာ"

"တော်တော့ ဖြူဖြူ ... အဲဒီအကြောင်းကို မပြောနဲ့၊ ငါ့မှာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောစရာစကား မရှိဘူးဆိုတာ နင်တို့လည်း သိနေတာပဲ"

ရုပ်တည်ဖြင့် ပြောလိုက်သောကြောင့် ဖြူဖြူလည်း သဘောပေါက်စွာ ငြိမ်နေလိုက်သည်။ နောက်တော့ သက်ထားကပဲ စကားလွှဲရင်း တခြားအကြောင်းအရာတွေပြောကာ မိုးခက်ကို စောင့်နေလိုက်ကြ၏။

မိုးခက်ဆိုသောကောင်ကလည်း ဘယ်ထိအောင် သွားဝယ်နေသည်မသိ။ မိနစ်လေးဆယ်လောက်ကြာမှ ပြန်ရောက်လာသည်။ နားသယ်စပ်မှာလည်း ချွေးစတွေသီးလျက်။

ရောက်ရောက်ချင်းပင် ကိုင်လာသော ဖော့ဘူးနှစ်ဘူးကို စားပွဲပေါ်တင်လျက် ...

"ရော့ ... ရပြီ ဒီမှာ ... ခင်ဗျားတို့စားချင်တဲ့ ဝက်သားတုတ်ထိုး အစုံတော့ ကြည့်ဝယ်ခဲ့တယ်"

သက်ထားက သွက်လက်စွာပဲ ဖော့ဘူးကိုဖွင့်ကာ စားသောက်ရန် ပြင်ဆင်လိုက်၏။

မေဖွန့်မိုးက မိုးခက်ကိုကြည့်လျက် ...

"ရှင်က ဘယ်ထိအောင် သွားဝယ်နေတာလဲ၊ ကျောင်းထိပ်မှာ မရဘူးလား"

စကားအဆုံးမှာ မိုးခက်က စာသံပေသံနှင့် ...

"ကျောင်းထိပ်လည်းမကာ၊ လမ်းဆုံလည်းမရောက် ကြား မှတ်တိုင်နားက ဝယ်ခဲ့တယ်"

"ဒါနဲ့ ... သန့်တော့ သန့်ပါတယ်နော်"

မိုးခက် အနည်းငယ်ကွဲပြီးတိုသွား၏။ သွားဝယ်ပေးသည့်လူကိုပင် အားမနာ။ သန့်ရဲ့လားတဲ့။ ထို့ကြောင့် မေဇွန်မိုးကို ရွဲ့ကာ စာသံပေသံနှင့်ပဲ ထပ်ဖြေလိုက်၏။

"သန့်သည် မသန့်သည်ကိုတော့ ငါမသိ၊ ရှင်မ စားလိုက စား၊ မစားလိုကလည်း ငါ အပြစ်မထား၊ ရှင်မ၏ တွေးဆဉာဏ်နှင့်သာ ဆင်ခြင်စားသုံးပေတော့ ... ဟုတ်ပြီလား"

မိုးခက်စကားကြောင့် အားလုံးပဲ ရယ်မိကြတော့သည်။ နောက်သလိုပြောတာ ဖြစ်သော်လည်း ရှင်မ,ဆိုသော အသုံးအနှုန်းကြောင့် မေဇွန်မိုးမှာ အနေခက်ရသေးတော့၏။

ထိုအချိန်မှာပဲ မိုးခက်က ထရပ်ကာ ရယ်ကျဲကျဲနှင့် ...

"ဣ အဆွေတော်တို့ ... သင်တို့ လွတ်လပ်စွာ သုံးဆောင်နိုင်ရန် ဒါသည်လည်း ကျောင်းသခ်မ်းသို့ ပြန်းလိုက်ချေဦးမည်"

စကားအဆုံးမှာ သက်ထားနှင့်ဖြူဖြူတို့ကလည်း အရယ်တစ်ဝက်ဖြင့် ...

"အကောင်းဆုံးအကြံမို့ မြန်မြန်သာ မြန်းတော်မူပါ"

မိုးခက်ထွက်သွားတော့မှ သက်ထားက ...

"ဒီလိုဆိုတော့လည်း မိုးခက်က အလိုက်သိသားပဲဟ ... နော်

ဖွန်ဖွန်''

"သိဘူးလေ"

မထုံတက်တေးပုံစံနှင့် မေဖွန်မိုးက ပြန်ပြောလာသည်။ ဖြူဖြူက မျက်စောင်းပစ်လိုက်ရင်း ...

"သိဘူးလေ လုပ်မနေနဲ့၊ မိုးခက်ထားခဲ့တဲ့ ဖိုင်ထဲက ဟာတွေကို ဒီည အသေအချာဖတ်၊ ပြီးရင် သူငယ်ချင်းအဖြစ် လက်ခံကြောင်း မနက်ဖြန် စာစောင်မှာ ကြော်ငြာထည့်လိုက်ပေတော့''

ထိုစကားကြောင့် မေဖွန်မိုးက ပခုံးလေး အသာတွန့်ရင်း ရယ်ကျဲကျဲပြန်ပြောလိုက်လေသည်။

"အင်း ... အဲဒါလည်း လုပ်သင့်ရင် လုပ်ရမှာပေါ့"

ဟူ၍။

■

## အခန်း (၉)

နောက်ဆုံးတော့ မိုးခက်၏ အူကြောင်ကြောင်လုပ်ကွက်များဖြင့် မိုးခက်နှင့်မေဖွန့်မိုးတို့ သူငယ်ချင်းအဖြစ် ရောက်ရှိခဲ့လေသည်။ တစ်ယောက်နှင့်တစ်ယောက် သူငယ်ချင်းဖြစ်တော့ တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း ဘော်ဒါတွေဖြစ်ကြပြီပေါ့။

ခုလည်း ကင်တင်းထဲမှာ နှစ်ဖွဲ့လုံးထိုင်ရင်း စကားကောင်းနေကြသည်။ စကားသာ ကောင်းသည်မဟုတ် ... လူတွေလည်း ကောင်းသင့်သလောက် ကောင်းကြပါသည်။

တောရောက်တောင်ရောက်ပြောနေရင်း သက်ထားက မိုးခက်တို့ဘက်ကိုကြည့်ကာ ...

"သတိရလို့ ပြောရဦးမယ် ... နင်တို့အဖွဲ့နဲ့ စဆုံတော့ နာမည်

တွေလည်း မသိသေးဘူးလေ၊ အဲဒါကြောင့် ဖွန့်ဖွန့်က ဦးဆောင်ပြီး နင်တို့ကိုပေးထားတဲ့နာမည်တွေ ရှိတယ် … သိလား''

စကားဆုံးဆုံးချင်းမှာပဲ ချက်ကြီးက …

"အေး … လုပ်မ[illegible]ပါဦး၊ အဲ … ငါ့ကိုတော့ ဂျိုဟိုလို့ ပေးထားတာ မဟုတ်လောက်ပါဘူးနော်''

'ဝေါ့'

ရင်ဘတ်ဖိ၍ အန်ချင်ဟန်လုပ်ပြလိုက်သောကြောင့် ချက်ကြီး နင်သွားရသည်။

သက်ထားကပဲ …

''မတန်မရာတွေ မပြောစမ်းပါနဲ့ဟာ၊ ဈေးစိမ်းပန်းနေပါဦးမယ်၊ ခု အဲဒီနာမည်တွေကို နင်တို့ရဲ့နာမည်ရင်းနဲ့ တွဲပြီးပြောပြမယ်''

''ပြောကြည့်လေ''

နိုင်ကြီးစကားကြောင့် ဖြူဖြူ မျက်နှာကိုမဲ့လိုက်ရင်း …

''ပြောမှာပါ၊ သက်ထား ငါ ပြောလိုက်မယ်၊ ချက်ကြီး … အဲ တင်အုံးရဲ့နာမည်က ဝက်ပေါင်ခြောက်တင်အုံး၊ နိုင်ကြီးက ငှက်ပျောသီးခြောက် နိုင်ကြီး၊ ဟိုတစ်ယောက်က အာလူးပုပ်အောင်ဌေးတဲ့''

သုံးယောက်စလုံးမျက်နှာတွေ မဲ့ခွက်ခွက်ဖြစ်သွားကြရင်း ချက်ကြီးက …

''နာမည်တွေကလည်း ပေးစရာရှားလို့ဟာ၊ ဒါနဲ့ … မိုးခက်ကျတော့ရော''

''အူကြောင်ကြောင်မိုးခက်တဲ့ … ခိ''

ထိုစကားကိုတော့ မေဖွန့်မိုးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ တစ်ဝိုင်းလုံး ရယ်လိုက်ကြသော်လည်း မိုးခက်က မကြား။ စားပွဲဝိုင်းအနီးသို့ ကပ်ကာ လာမျှော်နေသော ခွေးတစ်ကောင်ကို သဲကြီးမဲကြီး မောင်းထုတ်နေသည်။

"ဟဲ့ခွေး ... သွား၊ တောက် ... ဒီခွေးကွာ၊ စားနေသောက်နေတာကို လာမျှော်နေတယ်၊ ငါ ရေနွေးပူပူနဲ့ ကောက်ပက်လိုက်ရ"

ပြောရင်း ခွက်ထဲမှ ရေနွေးဖြင့် ဆတ်ခနဲလောင်းပက်လိုက်သည်။ ခွေးက လန့်ပြီး လေးငါးလှမ်း နောက်ဆုတ်သွား၏။

ထိုမြင်ကွင်းကို ကြည့်ပြီး မေဖွန့်မိုးက ...

"မိုးခက် ... နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ကိုယ့်လောက် အသိဉာဏ်မရှိတဲ့သတ္တဝါကို ရေနွေးပူနဲ့ပက်စရာလား၊ နည်းနည်းပါးပါး ခြောက်လွှတ်ရင် ရတာပဲဟာကို"

ဒေါသသံလေးပါလာသောကြောင့် မိုးခက်က ဆင်ခြေပေးလိုက်သည်။

"ငါပက်လိုက်တဲ့ရေနွေးက မပူတော့ပါဘူး ဖွန့်ဖွန့်ရာ ... အေးနေပါပြီ"

"တော်သေးတာပေါ့ ... ရေနွေးပူနေရင် ဘယ်လိုလုပ်မလဲ၊ အဲဒီလို မစာနာတဲ့အပြုအမူတွေ ငါမကြိုက်ပါဘူး"

ထိုစကားကြောင့် မိုးခက်က မျက်နှာချိုသွေးလိုက်ပြီး ...

"ဟုတ်ပါပြီဟာ ... နောက်ဆိုရင် ငါ နင်ပြောသလို ချိုချိုသာသာလေးနဲ့ ခြောက်လွှတ်ပါ့မယ်"

ထိုအခါမှ မချောက အနည်းငယ်ကျေနပ်သွားပုံပေါ်သည်။

ထိုအချိန်မှာပဲ ဖြူဖြူက ...

"တဲ့ သက်ထား ... ငါတို့ ကျောင်းပိတ်ရက်ကျရင် ဗေဒင်သွားမေးရအောင် သာကေတက ဆရာမရီရီခိုင်ဆိုတာ သိပ်မှန်တာတဲ့"

"ငါလည်း ကြားပါတယ် ... ဒါပေမဲ့ ဈေးကြီးတယ်ဆိုလို့"

သက်ထားစကားအဆုံးမှာ မိုးခက်က အမြင်ကတ်ဟန်ဖြင့် ...

"နင်တို့မိန်းကလေးတွေဟာလေ ... ထစ်ခနဲဆို ဗေဒင်မေးကြည့်ဖို့က အရင်၊ ပိုက်ဆံကုန်တယ် ... မသွားနဲ့၊ နည်းနည်းပါးပါးလောက်တော့ ငါလည်း ကြည့်တတ်ပါတယ်ဟ"

"ဟင် ... တကယ်"

"ဩော် ... ညာပါ့မလား၊ နင်တို့ မယုံဘူးဆိုရင် လောလောဆယ် ကျောင်းပြီးပြီးချင်း တစ်နှစ်အတွင်းမှာ နင်တို့သုံးယောက်ထဲက ဘယ်နှယောက် အိမ်ထောင်ကျမလဲဆိုတာ ငါ အကြားအမြင်နဲ့ ဟောပေးမယ်"

"မိုးခက် ... နင် မဖြီးနဲ့နော်"

ဖြူဖြူက မယုံသင်္ကာဟန်လေးဖြင့် ပြောလာသည်။ မေဇွန်မိုးက လည်း ...

"နင် ပေါက်ကရပြောရင်တော့ တစ်ဝိုင်းလုံးရှင်းရမှာနော်"

မိုးခက်က ခပ်တည်တည်ပဲ ...

"အေးပါ ... ငါ ဟောတာမှန်ရင် ဒီဝိုင်းကို နင်တို့သုံးယောက် ရှင်းမှာလား"

"ရှင်းမယ်"

ငါ သရဲကြီးနဲ့ တို့လိုက်မယ်၊ သွားမှာလား မသွားဘူးလား၊ တော်ကြာ ဘီလူးကြီး နင့်ကို လာကိုက်မှာနော်၊ နတ်ခမ်းမွေးနဲ့ကုလားကြီးရော နင် မကြောက်ဘူးလား၊ နင့်ကို ဗယာကြော်ကြော်တဲ့ ဆီအိုးထဲ ထည့်ကြော် လိမ့်မယ်၊ သွားတော့၊ လီမှာပါတယ် . . . သွားတော့နော်''

ကိုရွှေခွေးသူတောင်းစားက နေရာက တစ်ဖဝါးမျှပင် မရွှေ့ဘဲ မိုးခက်ကို ကြောင်၍ ပြန်ကြည့်နေသည်။ မိုးခက်အပြောကြောင့် တစ်ပိုင်းလုံး ဝါးခနဲ ရယ်ကြတော့၏။

သို့သော် ထိုအထဲတွင် မေဖွန့်မိုးတော့ မပါချေ။ မိုးခက်က သူ့ကို ခွဲသည်ဟု သတ်မှတ်ကာ စိတ်ဆိုးသောမျက်နှာပေးနှင့် ငေါက်ခနဲ ထသွား လေ၏။

''ဟဲ့ ဖွန့်ဖွန့် . . . ဒါက ဘယ်လဲ''

သက်ထားက လှမ်းမေးလိုက်သော်လည်း လှည့်၍ပင်မကြည့် သော့။ အနေအထားကို သဘောပေါက်လိုက်သောဖြူဖြူက . . .

''ဟဲ့ မိုးခက် . . . အဲဒါ သူ့ကိုရွဲ့တယ်ဆိုပြီး ဖွန့်ဖွန့်က နင့်ကိုတင်း သွားတာဟ''

''ဟာ . . . ဒါဆို ထိုင်မနေနဲ့လေ၊ မိုးခက် . . . သွား သွား၊ လိုက်ချော့ လိုက်''

သက်ထားစကားအဆုံးမှာ မိုးခက်က မဝံ့မရဲပုံစံလေးနှင့် ထရပ် လိုက်ရင်း . . .

''ငါ ချော့တော့ချော့ချင်တယ်ဟ၊ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်လဲ''

အကြားအမြင်က မှားသွားပြီ မိုးခက်''

မိုးခက်က ဒုတိယမ္ပိ ခေါင်းခါလိုက်ရင်း ...

''ဘယ်မှားမှာလဲ ဖွန့်ဖွန့်ရာ ... အဲဒီလိုဆိုရင် ငါပြောတဲ့ တစ်က တစ်ယောက်ပြီးမှ တစ်ယောက်ကျမယ်လို့ ဆိုလိုတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နင်တို့သုံးယောက်ပူးကြီး တစ်ရက်တည်းတော့ မင်္ဂလာမဆောင်လောက်ပါဘူး ... ဟုတ်တယ်မဟုတ်လား''

စကားအဆုံးမှာ မခံချိမခံသာပုံစံဖြင့် မေဖွန့်မိုးက မျက်စောင်းထိုးကာ ...

''နင် တော်တော်ညစ်စုတ်တာပဲ မိုးခက်၊ နင့်အကြားအမြင်ကြီးက လူလည်အကြားအမြင်ကြီးပဲဥစ္စာ''

''ဘာပဲဖြစ်ဖြစ် ... မှန်တယ်လေ၊ ပြောထားတဲ့အတိုင်း ဒီဝိုင်းကို နင်တို့ရှင်းတော့ ... အဟီး''

''မသာ မိုးခက်''

သုံးယောက်စလုံး အောင့်သီးအောင့်သက် ဖြစ်သွားကြသည်။ ထို အချိန်မှာပဲ ခုနက ဝိုင်းနားလာမျှော်သော ကိုရွှေခွေးသူတောင်းစားက ဝိုင်း နားသို့ ကပ်လာပြန်သည်။

မိုးခက်က ခွေးကိုတစ်ချက်ကြည့်ပြီးမှ မေဖွန့်မိုးကိုကြည့်လိုက် သည်။ ပြောရတာလည်း မကောင်းချေ။ ပြီးမှ အရင်တစ်ခါလို ရေနွေးကြမ်း လည်းမပက်၊ ငေါက်ငမ်းခြင်းလည်း မလုပ်တော့ဘဲ လာမျှော်နေသော [illegible] အား အသံချိုချိုလေးဖြင့် ...

''ဟဲ့ ခွေးလေး ... နင် ဒီနားကသွားတော့နော်၊ မသွားရင် နင့်ကို

သရဲကြီးနဲ့ တို့လိုက်မယ်၊ သွားမှာလား မသွားဘူးလား၊ တော်ကြာ သူကြီး နင့်ကို လာကိုက်မှာနော်၊ နှုတ်ခမ်းမွေးနဲ့ကုလားကြီးရော နင် ကြောက်ဘူးလား၊ နင့်ကို ဗယာကြော်ကြော်တဲ့ ဆီအိုးထဲ ထည့်ကြော် မှာမယ်၊ သွားတော့၊ လိမ္မာပါတယ် . . . သွားတော့နော်''

ကိုရွှေခွေးသူတောင်းစားက နေရာက တစ်ဖဝါးမျှပင် မရွေ့ဘဲ ခက်ကို ကြောင်၍ ပြန်ကြည့်နေသည်။ မိုးခက်အပြောကြောင့် တစ်ဝိုင်းလုံး ပါးခနဲ ရယ်ကြတော့၏။

သို့သော် ထိုအထဲတွင် မေဖွန်မိုးတော့ မပါချေ။ မိုးခက်က သူ့ကို သည်ဟု သတ်မှတ်ကာ စိတ်ဆိုးသောမျက်နှာပေးနှင့် ငေါက်ခနဲ ထသွား လေ၏။

''ဟဲ့ ဖွန်ဖွန် . . . ဒါက ဘယ်လဲ''

သက်ထားက လှမ်းမေးလိုက်သော်လည်း လှည့်၍ပင်မကြည့် တော့။ အနေအထားကို သဘောပေါက်လိုက်သောဖြူဖြူက . . .

''ဟဲ့ မိုးခက် . . . အဲဒါ သူ့ကိုရွဲ့တယ်ဆိုပြီး ဖွန်ဖွန်က နင့်ကိုတင်း သွားတာဟ''

''ဟာ . . . ဒါဆို ထိုင်မနေနဲ့လေ၊ မိုးခက် . . . သွား သွား၊ လိုက်ချော့ လိုက်''

သက်ထားစကားအဆုံးမှာ မိုးခက်က မဝံ့မရဲပုံစံလေးနှင့် ထရပ် လိုက်ရင်း . . .

''ငါ ချော့တော့ချော့ချင်တယ်ဟ၊ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်လဲ''

မိုးခက်က ဟီးခနဲ ရယ်လိုက်ကာ ...

"ငါလေ ... ခုလို လိုက်ချော့ရမှာကို တစ်မျိုးကြီးပဲဟာ၊ ရှက်နေတယ်"

"အောင်မာ"

■

## အခန်း (၁၀)

ဘယ်သူမပြု မိမိမှုဆိုသည့်စကားအတိုင်း မိုးခက်က လိုက်ချော့ပါသည်။

"ဖွန်ဖွန် ဖွန်ဖွန် ... ခဏလေးနေပါဦးဟာ ... နင်ကလည်း"

နောက်မှအပြေးလိုက်ကာ မိုးခက်က မေဖွန်မိုးအနားသို့ ကပ်လိုက်သည်။ မေဖွန်မိုးက ဆတ်ခနဲ ငဲ့ကြည့်ကာ အသံပြတ်ဖြင့် ...

"ဘာမှလာပြောမနေနဲ့တော့"

"ပြောရမှာပဲ ဖွန်ဖွန် ... ခုဆို ဆာဒမ်ဟူစိန်လည်း သေပြီ အိုစမာဘင်လာဒင်လည်း သေပြီ၊ လစ်ဗျားက ကဒါဖီနဲ့ မြောက်ကိုရီးယားက ကင်ဂျုံအီလည်း သေသွားပါပြီဟာ"

"အဲဒါ ဘာဖြစ်လဲ"

"ဩော် ... နင် ငါ့ကို စိတ်ဆိုးမနေပါနဲ့တော့လို့"

"ဘာမှ မဆိုင်ဘူး ... နင့်လမ်းနင်သွားစမ်းပါ မိုးခက်ရာ"

ဘောက်ဆတ်ဆတ်အပြောကြောင့် မိုးခက်က လေပြေကလေးနှင့်

...

"ခုလည်း ငါ့လမ်းငါသွားနေတာပဲ ဖွန်ဖွန်ရယ်၊ ဒါပေမဲ့ နင်နဲ့ငါက တစ်လှေတည်းစီး တစ်ခရီးတည်းသွားဆိုသလို လမ်းက တူနေတာကိုး။ အဲဒီလို တစ်နေရာတည်းကို သွားတဲ့လူအချင်းချင်း ဝိဝါဒမကွဲဖို့ လိုတယ်မဟုတ်လား။ ဒါမှ ခေတ်မီတိုးတက်တဲ့ ဒီမိုကရေစီစနစ် အဲ ... စကားတွေတောင် မှားကုန်ပြီ၊ စိတ်မဆိုးပါနဲ့တော့ ဖွန်ဖွန်ရယ် ... ငါက နင့်ကို ခင်လို့စတာပါဟ"

ဘောက်ဆတ် ဘောက်ဆတ် လျှောက်နေရာမှ မေဖွန်မိုး ရုတ်တရက် ရပ်လိုက်ပြီး ...

"မိုးခက် ... နင် ငါ့ကို ဒီလိုချော့လို့ ရမယ်များ ထင်နေလို့လား"

"အဲဒါတော့ မသိဘူးလေ ... ဟိုမှာလည်း ကျန်ခဲ့တဲ့လူတွေက နင့်ကိုစောင့်နေကြတာ ဖွန်ဖွန်ရဲ့"

ထိုစကားကြောင့် မေဖွန်မိုးက မဲ့ပြုံးလေးပြုံးလိုက်ရင်း မိုးခက်ကို မထီတရီကြည့်ကာ ...

"ဘာလဲ ... အဲဒီလူတွေက နင့်ဘက်က လိုက်ပြီး ငါ့ကို ဝိုင်းပြောပေးကြမယ်ပေါ့လေ ... ဒီလိုလား"

"နင်ကလည်း တလွဲတွေ ထင်နေပြန်ပြီ၊ မဟုတ်ပါဘူးဟာ ... ဟိုမှာ စားထားတာတွေရှင်းဖို့ကိစ္စမှာ သက်ထားနဲ့ဖြူဖြူက ပိုက်ဆံမလောက်

လို့တဲ့၊ အဲဒါကြောင့် နင့်ကိုစောင့်နေတယ်လို့ ပြောတာဟ''

မေဖွန်မိုး ရုတ်တရက် ကြောင်အမ်းသွားပြီးမှ ဟန်မဆောင်နိုင်ဘဲ ချယ်ချလိုက်ရင်း မိုးခက်ကျောကုန်းကို လွယ်အိတ်နှင့်ရိုက်တော့သည်။

''ကဲဟာ ... နောက်ဦး နောက်ဦး''

ရုတ်တရက် စိတ်ဆိုးပြေသွားသောကောင်မလေးတစ်ယောက်၏ မျက်နှာသည် ဘယ်လောက်ဆွဲဆောင်မှုရှိမှန်း ခုမှ မိုးခက်သိလိုက်ရလေသည်။

မေဖွန်မိုးမျက်နှာဖူးဖူးလေးကိုကြည့်ရင်း ဘယ်ဘက်ရင်အုံထဲမှာလည်း ထူးဆန်းစွာ နွေးခနဲ။

ပြောရလျှင် မိုးခက် ပိုးစိုးပက်စက် ရင်ခုန်နေလေသည်။

■

## အခန်း (၁၁)

"ငါတော့ ဖွန်ဖွန်ကို ချစ်မိနေပြီထင်တယ်ကွ"

ရုတ်တရက် ကောက်ကာငင်ကာ ပြောလိုက်သောစကားကြောင့် အားလုံးပဲ မိုးခက်ကို ပြူး၍ ကြည့်လာကြသည်။

မိုးခက် အိုးတိုးအမ်းတမ်း ဖြစ်သွားရပြီး ...

"ဟော့ကောင်တွေ ... ငါပြောတာမှာ ဘာအမှားပါသွားလို့လဲ"

စကားအဆုံးမှာ ချက်ကြီးက သောက်ညင်ကတ်ဟန်ဖြင့် ...

"မင်းကွာ ... မင်းက ကိုယ့်ကိုယ်ကိုယ် ခုမှ ထင်နေတဲ့အဆင့်ပဲ လား။ ငါတို့က မင်း ဖွန်ဖွန်ကို လုံးဝချစ်နေပြီလို့ တွက်ထားတာကွ"

"အေးလေ ... ဘာကောင်မှန်းကို မသိဘူး"

နိုင်ကြီးကလည်း ဝင်ပြောလာသည်။ ထိုအခါမှ မိုးခက်မှာ သတ်

ပြင်းကျရတော့၏။ ထိုသို့ အပြောခံရသည်ကပင် တစ်မျိုးတစ်ဖုံ ကြည်နူးစရာကောင်းလှသေးတော့သည်။ (ယောက်ျားတွေများ . . . ။)

ခုလည်း မိုးခက်က . . .

"အဟီး . . . ငါလည်း မင်းတို့ကို ဝန်ခံရမှာ ရှက်နေလို့ကွ"

"နားလည်ပါတယ်ကွာ . . . တကယ်ဆို မင်းက ရည်းစားမှ မထားဖူးတာကိုး"

မှင်သေသေပြောကာ ချက်ကြီးက မြောင်ကြီးပင် နှိပ်ကွပ်လာသည်။ တကယ်လည်း ဟုတ်သည်မို့ မိုးခက် ငြိမ်နေလိုက်၏။ ဘာပဲပြောပြော ဒီအချိန် အချိုသတ်ထားရမည်လေ။

ထိုသို့ စဉ်းစားနေချိန်မှာပဲ နိုင်ကြီးက . . .

"ကဲ မိုးခက် . . . ခုဆို မင်းဘက်က ဖွန်ဖွန်ကိုလည်း ချစ်မိနေပြီ၊ ဖွန်ဖွန်ကလည်း မိန်းကလေးတို့တပ်အပ်တဲ့ပညာနဲ့ နည်းနည်းတော့ ရိပ်မိနေမှာပဲ၊ ဒါနဲ့ ဟိုကိစ္စကို မင်း ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ"

"ဟင် . . . ဘယ်ကိစ္စတုန်းကွ"

မိုးခက် ပြန်အမေးကို နိုင်ကြီးကပဲ . . .

"ဘာကိစ္စရမှာလဲ. . . မင်းကို စာစောင်ထဲကနေ အလုပ်အပ်ထားတဲ့ကိစ္စလေ၊ အဲဒီကိစ္စကလည်း ဖွန်ဖွန်နဲ့ပတ်သက်နေသေးတယ် မဟုတ်လား"

မိုးခက် စဉ်းစားသွားသည်။ ဟုတ်သည်ပဲ . . . ထိုအလုပ်ကိစ္စကိုပင် မေ့မေ့လျော့လျော့ ဖြစ်နေမိသည်။ ပြီး တစ်ဖက်ကပေးခဲ့သော ငါးသိန်းတန် ချက်လက်မှတ်ကိုလည်း မသုံးဖြစ်။ ခုတော့ ကြီးကြီးကျယ်ကျယ်ပြောရလျှင်

အလုပ်တာဝန်နှင့် နှလုံးသားရေးရာတို့က ရောထွေးနေသလိုပင် ဖြစ်နေပြီ။

စဉ်းစားရင်းပင် မိုးခက်က ...

"အဲဒီအလုပ်ကြောင့် ဖွန်ဖွန်နဲ့ ငါဆုံခဲ့ရတာတော့ မှန်တယ်ကွ၊ ဒါပေမဲ့ နောက်ပိုင်းဖြစ်လာတာက ငါ့ရင်ထဲက တကယ့်ခံစားချက်တွေပါ။ နောက်တစ်ခေါက် ငါ့ဆီ ဆက်သွယ်လာရင်တော့ အဲဒီပိုက်ဆံကို ပြန်ပေးပြီး ဒီအလုပ်ကိစ္စကို ငြင်းပစ်လိုက်တော့မယ်"

စကားအဆုံးမှာ အောင်ဒွေးက ခေါင်းအသာညိတ်ရင်း ...

"အင်း ... ကောင်းပါတယ်၊ ဒါပေမဲ့ လွယ်ပါ့မလားမိုးခက်၊ ပြီးတော့ အဲဒီအလုပ်ဆိုတာက ဖွန်ဖွန်ကို ဒုက္ခပေးမယ့်ကိစ္စမျိုးဆို မင်း ဆက်ပြီးစောင့်ကြည့်သင့်[illegible]ကွ"

စဉ်းစားရမယ့်အချက်တစ်ခု ဖြစ်သည်။ တစ်ဖက်လူသည် ဘာရည်ရွယ်ချက်နှင့် ထိုအလုပ်ကို အပ်သည်တော့မသိ။ အစက ပေါ့ပေါ့တန်တန်ထား ခဲ့သော်လည်း ခုတော့ ကိုယ်ကိုယ်တိုင်က ဖွန်ဖွန်အပေါ် လေးနက်မိနေပြီမို့ ဒီကိစ္စအား လျစ်လျူရှုထား၍ မရတော့ချေ။

ထို့ကြောင့် ...

"ဒါဆိုလည်း နောက်တစ်ကြိမ် ဆက်သွယ်တော့မှ ဘာပြောလာမလဲ ဆိုတာကြည့်ပြီး အခြေအနေအရ တုံ့ပြန်ရတော့မှာပဲ"

"ကဲပါ မိုးခက်ရာ ... လောလောဆယ် ဖြစ်မလာသေးတဲ့ကိစ္စ ကို တွေးပူမနေပါနဲ့၊ လောလောဆယ် မင်းကိစ္စကိုပဲ မင်းလုပ်ပါ"

"ဟ ... ဘာကိစ္စတုံး"

အူတူတူ ပြန်မေးလိုက်တော့ ချက်ကြီးက ယောကျ်ားကြီးတစ်ယောက်မဲ့

မျက်စောင်းထိုးလိုက်ရင်း ...

"ဟာ ... ဒီလဒတော့ ဘာကိစ္စကရှိရမှာလဲ၊ မင်း ဖွန့်ဖွန့်ကို ချစ်နေတယ်ဆိုရင် နီးစပ်အောင်လုပ်ဖို့ကိစ္စပေါ့ကွ ... ငဒူရဲ့ ငအူရဲ့"

ထိုအခါမှ မိုးခက်လည်း ပျာပျာသလဲ ဖြစ်သွားရပြီး ...

"ဟုတ်သားပဲ၊ ကဲ ကဲ ... သွားရအောင်"

"ဟေ ... ဘယ်ကိုလဲ"

ချက်ကြီး၏ ပြန်အမေးကြောင့် မိုးခက်က မျက်စောင်းပြန်ထိုးလိုက်ရင်း ...

"ဘယ်ကိုဖြစ်ရမှာလဲ ... ဖွန့်ဖွန့်တို့ဆီကိုပေါ့၊ ဒါလေးတောင် မသိဘူးလား ... ငဒူရဲ့ ငအူရဲ့"

"အင်"

■

## အခန်း (၁၂)

နောက်ပိုင်းရက်တွေမှာတော့ မိုးခက်တစ်ယောက် မေဖွန့်မိုးတို့ဆီသို့ အသွားစိပ်လာသည်။ ပြောရလျှင် ချောင်းပေါက်မတတ်။ ပြီး စိတ်ထဲကလည်း မရိုးမသားဖြစ်နေပြီမို့ အကြည့်တွေကလည်း အရောင်ပါလာသည်။ ဒါကို မေဖွန့်မိုးက မသိသည်မဟုတ်၊ သိသည်။ သူမတင်မက သက်ထားတို့ကပါ ရိပ်မိလာကြပြီ။

ဒါကြောင့် သူတို့အချင်းချင်းဆုံလျှင်ပင် ...

"ငါတော့ ထင်သားပဲ ... မိုးခက်ဆိုတဲ့ကောင် တစ်ရက်ရက်တော့ စိတ်ဖောက်လာတော့မယ်ဆိုတာ"

သက်ထားစကားကို ဖြူဖြူက မရိပ်မိဟန်ပြုလျက် ...

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ စိတ်ဖောက်လာတယ်ဆိုတော့ မိုးခက်

ရောဂါများရှိနေလို့လား''

''အစက မရှိပါဘူး၊ ခုမှ ကောက်ခါငင်ခါ ထဖြစ်လာတာပါ၊ ရောဂါ ဖြစ်စေတဲ့ အကြောင်းအရင်းကလည်း ရှိနေတာကိုး''

နားထောင်နေရင်းပင် မေဖွန့်မိုးတစ်ယောက် စိတ်တိုလာရပြီး ...

''ဟဲ့ မိန်းမတွေ ... နင်တို့ ဘယ်အကြောင်းအရာကို ဦးတည်ပြီး ပြောနေတယ်ဆိုတာ ငါသိတယ်နော်''

စကားအဆုံးမှာ သက်ထားက လက်ဖျောက်တစ်ချက်တီးလိုက်ကာ ...

''အဲဒါပဲ ဖွန့်ဖွန့် ... ခုနက နင်ပြောလိုက်တဲ့စကားက မိုးခက်ဖြစ် နေတဲ့ ကိစ္စကို နင်သိနေတယ်ဆိုပြီး ဝန်ခံလိုက်တာပဲ''

''ဘာ''

ကိုယ့်စကားနှင့်ကိုယ် ရှက်ရသေးတော့သည်။ မျက်နှာမထားတတ် ဖြစ်နေချိန်မှာပဲ သက်ထားက ...

''ရှက်မနေပါနဲ့ ဖွန့်ဖွန့်ရယ်၊ တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာကို ငါ ကြိုမြင်ပါတယ်၊ ဒါနဲ့ နင် မိုးခက်ကို ဘယ်လိုသဘောထားလဲဟင်''

မေဖွန့်မိုးမျက်နှာလေးက ညှိုးကျသွားသည်။ ပြီး အချင်းချင်း နားလည်လောက်သောစကားကို ဆိုလာ၏။

''နင်တို့လည်း သိသားပဲဟာ ... သူ့အပေါ် သဘောထားဆိုတာ သက် ခု ငါတွေးနေမိတာက ငါ မိုးခက်ကို သူငယ်ချင်းအဖြစ် လက်မခံခဲ့ရင် ကောင်းမှာပဲလို့လေ''

သက်ထားနှင့်ဖြူဖြူတို့လည်း သက်ပြင်းကိုယ်စီ ချလိုက်မိကြ၏။

ပြီး သက်ထားက အရင် ...

"ဘာပဲဖြစ်ဖြစ် ဖွန့်ဖွန့်ရာ ... တစ်ခါတလေကျတော့လည်း အဲဒီ အကာအရံတွေကို ဖယ်ပြီး ကိုယ့်ခံစားချက်ကို လျစ်လျူမရှုပါနဲ့ဟာ၊ ကိုယ့်နှလုံးသား ကိုယ်မညာတာဟာ ပြစ်မှုကျူးလွန်တာမှ မဟုတ်ဘဲ၊ ပြီးတော့ ဒီကိစ္စမှာ နင့်စိတ်နဲ့ပဲဆိုင်တယ်၊ နင် ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် နင့်စိတ်ထဲမှာ ဒါဟာ လူမှုရေးကျင့်ဝတ်ဖောက်ဖျက်တာလို့ သဘောထားမနေနဲ့"

သက်ထားစကားကြောင့် အနည်းငယ်အသက်ရှူချောင်သွားသလို မေဖွန့်မိုး ခံစားလိုက်ရသည်။ မိုးခက်နှင့်မတွေ့ခင်အထိ ထိုကိစ္စကြီးက သူမ အပေါ် လေးလံဖိစီးနေခဲ့သည် မဟုတ်လား။

ထိုသို့တွေးရင်း လေပူသဲ့သဲ့ မှုတ်ထုတ်လိုက်စဉ်မှာပဲ ...

"အဟဲ ... ဒီက မမတွေက ဘာတွေများ အစည်းအဝေးထိုင်နေကြတာတုန်း"

ရုတ်တရက် မိုးခက်ရောက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။ တစ်ယောက်တည်းတော့မဟုတ် ချက်ကြီးတို့သုံးယောက်လည်းပါသေးသည်။

မေဖွန့်မိုး ဘာမှမပြောခင်မှာပဲ သက်ထားက ...

"အစည်းအဝေးဆိုတာထက် ဆုတောင်းပွဲလေး လုပ်နေတာပါ"

"ဟေ ... ဘာအတွက်လဲ၊ မောင်တောကဒုက္ခသည်တွေအတွက်လား"

"ဟာ ... မဟုတ်ပါဘူး။ မောင်တောကိစ္စအတွက်က ငါ ညတိုင်း ဆုတောင်းပါတယ်၊ ခု ဆုတောင်းတာက ဒီနေ့ ငါတို့ကို နေ့လယ်စာကျွေး မယ့်သူ လာပါစေလို့ ဆုတောင်းနေတာဟ"

သက်ထားစကားအဆုံးမှာ မိုးခက်က ဝင့်ခနဲပြုံးလိုက်ပြီး ...

"အဲဒါဆိုရင်တော့ နှင့်ဆုတောင်းပြည့်ပြီလို့သာ သဘောထားလိုက်တော့"

"ဟင် ... ဒါဆို နှင်ကျွေးမှာပေါ့ ... ဟုတ်လား"

မိုးခက်က ခေါင်းခါရင်း ...

"ဘယ်ကလာ ... ဒီကောင်ချက်ကြီး မနေ့ညက ဘောလုံးပွဲအောင်ထားတယ်ဟ၊ အဲဒါကြောင့် ဒီကောင် ဒါနပြုဖို့ လူလိုက်ရှာနေတာလေ"

တစ်ဝိုင်းလုံး ဟေးခနဲ အော်လိုက်ကြသည်။ ချက်ကြီးက မျက်နှာငယ်လေးဖြင့် ...

"ငါပြောမိလို့လား မိုးခက်ရာ"

မိုးခက်က မျက်နှာတည်တည်ဖြင့် ...

"အောင်မာ ... မင်းစိတ်ထဲက ပြောလိုက်တာကို ငါကြားတယ်ဟေ့ကောင်၊ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ငါ မင်းရဲ့ တစ်ရက်တည်းနှစ်ခါနာခဲ့ရတဲ့ကိစ္စကို အထုပ်ဖြည်လိုက်မှာနော်"

နည်းနည်းခြောက်လိုက်ရုံဖြင့် ချက်ကြီးမျက်နှာက သွေးမရှိသလိုဖြစ်သွားကာ ပျာပျာသလဲပဲ ...

"ဟာ မင်းကလည်း ... ငါက နောက်တာပါကွ၊ ဒီက သူငယ်ချင်းတွေကို မကျွေးလို့ ငါက ဘယ်သူ့ကိုကျွေးရမှာလဲ"

"အဲဒီလို သဘောပေါက်စမ်းပါ ချက်ကြီးရာ ...တဲ တဲ တဲ ... မှာကြ မှာကြ"

စကားအဆုံးမှာတော့ တစ်ဝိုင်းလုံး မှာချင်တာတွေ စွတ်မှာတော့

သည်။ ငြိမ်နေသော မေဖွန့်မိုးကို ကြည့်ကာ မိုးခက်က ...

"ဖွန့်ဖွန့် ... နင် ဘာစားမှာလဲ၊ ရှမ်းခေါက်ဆွဲအသုပ်လား၊ ဒါမှ မဟုတ် ဝက်သားတုတ်ထိုးသွားဝယ်ပေးရမလား"

မေဖွန့်မိုး ဘာမှမပြောခင်မှာပဲ သက်ထားက သူ့ဟာသူ ရွေးလိုက်သလို ...

"စေတနာတွေက ပိုရပြန်ပြီ"

မေဖွန့်မိုးမျက်နှာ အထားခက်သွားရင်း မိုးခက်ကိုမကြည့်ဘဲ ...

"ရှမ်းခေါက်ဆွဲပဲ မှာလိုက်ပါ"

ထို့နောက် ချက်ကြီး၏ မသထာရေစာကို အားလုံးပဲ မြိန်ရေရှက်ရေ စားသုံးလိုက်ကြသည်။

စားသောက်ပြီးစီးချိန်မှာတော့ သက်ထားက တင်းကားသွားသော မိုက်ကို ဖြေလျှော့ချင်စိတ်ဖြင့် ...

"ငါ တွိုင်းလက်ခဏသွားလိုက်ဦးမယ် ... လိုက်ဦးမလား"

"အေး ... ငါလိုက်ခဲ့မယ်"

ဖြူဖြူက ပြောပြီး သက်ထားနှင့်အတူ ထထွက်သွားလေသည်။ မေဖွန့်မိုးတစ်ယောက်တည်း ကျန်ခဲ့တော့မှ မိုးခက်က ခုံအောက်မှနေ၍ ချက်ကြီးခြေထောက်ကို လှမ်းကန်လိုက်သည်။

ချက်ကြီးကလည်း သဘောပေါက်စွာ ...

"ငါလည်း အိမ်သာသွားချင်လာပြီကွ၊ ဟော့ကောင်တွေ လာ ... သွားကြမယ်"

မျက်ရိပ်ပြကာ ခေါ်လိုက်သဖြင့် ချက်ကြီး၏ဦးဆောင်မှုနောက်မှာ

နိုင်ကြီးနှင့်အောင်ဒွေးတို့ လိုက်ပါသွားကြသည်။

နှစ်ယောက်တည်းကျန်ခဲ့တော့မှ မိုးခက်က မေဖွန့်မိုးကို စိုက်ကြည့်လိုက်သည်။ မျက်လုံးချင်းမဆုံအောင် မေဖွန့်မိုးက မျက်နှာလွှဲထားသော်လည်း မြင်နေရသော မိုးခက်မှာ ရင်တွေ တလှပ်လှပ်ခုန်ကာ အာခေါင်တွေခြောက်လာရ၏။ တံတွေးကို အနိုင်နိုင်မျိုချလိုက်ရင်း မိုးခက်က လေသံတိုးတိုးဖြင့် ...

"ဖွန့်ဖွန့်"

ခေါ်သံကြောင့် မျက်နှာလှည့်လာရင်း မေဖွန့်မိုးက ...

"ဟင် ... ဘာလဲ"

"ဟိုလေ"

ပြောမည်ဟု ကြံရွယ်ပြီးမှ ထိုစကားလုံးတွေက အသံအားဖြင့် မထွက်လာပြန်ချေ။ အတွေ့အကြုံပဲ မရှိလို့လား၊ ဒါမှမဟုတ် ရင်တွေပဲ ဘာအားခုန်နေလို့ လား မသိ။

သို့သော် 'စ' ထားပြီးပြီမို့ တစ်ခုခုတော့ ပြောမှဖြစ်မည်ဟု အားတင်းလိုက်ကာ ...

"ဟိုလေ ဖွန့်ဖွန့် ... မနက်ဖြန်ကျရင်လေ နင့်ကိုငါ အရေးတကြီး ပြောစရာရှိလို့ နေ့လယ် အတန်းအားချိန်ကျရင် လိုက်ဗရီနားကို လာခဲ့ပါလား ငါစောင့်နေမယ်"

အဓိပ္ပာယ်အမျိုးမျိုး ယှက်နွယ်နေသော မျက်ဝန်းဖြင့် မေဖွန့်မိုးက ကြည့်လာသည်။ ထိုအကြည့်ကြောင့် မိုးခက်စိတ်ထဲ မလုံမလဲ ဖြစ်သွားချေ ...

"ဒါ ဒါပေမဲ့ နင်လာချင်စိတ်မရှိရင်လည်း မလာပါနဲ့ . . . ရပါတယ်"

ဘာပြန်ပြောရမည်မှန်း မသိတော့။ မိုးခက်၏ စိတ်လှုပ်ရှားနေပုံကို ကြည့်ကာ မေဖွန်မိုး ရယ်ချင်သွားသည်။ ပြီး တခြားစိတ်တစ်ခုကလည်း သနားသွားပြန်၏။

မိုးခက် သူ့ရှေ့က ပျောက်ပြီးပြန်သွားချိန်အထိ ဘာကြောင့် ထိုစကားကို ပြောလိုက်မိမှန်း မေဖွန်မိုးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ဝေခွဲမရသေးချေ။

ထိုစကားကတော့ . . .

"အင်း . . . နင်စောင့်မယ်ဆိုရင်တော့ ငါလာခဲ့မှာပါ"

■

## အခန်း (၁၃)

ဒီနေ့ မိုးခက်တစ်ယောက် အတော်ကြီးကို အူမြူးနေသည်။ ဘေးမှာ ရှိနေသော ချက်ကြီးတို့ပင် ဒင်းကိုကြည့်မရ။ တဟီးဟီး တဟားဟားနှင့် မြောက်ကြွမြောက်ကြွဖြစ်နေသော မိုးခက်ကိုကြည့်ကာ သောက်ညင်ကတ် လာရ၏။ ချက်ကြီးက . . .

"ဟော့ကောင် . . . ချိန်းထားတဲ့နေရာကို ဖွန်ဖွန်လာမှာ သေချာ ပါတယ်နော်"

"သေချာပါတယ်ကွာ . . . မနေ့က မလာချင်လည်း ရတယ်လို့ ငါပြောလိုက်တာကိုတောင် ဖွန်ဖွန်က ငါစောင့်နေရင် လာမယ်လို့ အသေ အချာ ပြောသွားတာပဲဟာကို"

"ဟုတ်ပါပြီ . . . ငါတို့ကလည်း သေချာအောင်မေးတာပါ၊ ဆော်

ကြာ အမှားအယွင်းတစ်ခုခု ဖြစ်မှာစိုးလို့လေ''

စကားအဆုံးမှာ မိုးခက်က အင်္ကျီကော်လံကို ထောင်ပြလိုက်ရင်း ...

''ဘာမှ မှားစရာမရှိဘူး ဟောကောင် ... ဒီနေ့ ငါ့ပုံစံကိုကြည့်၊ ယုံကြည်မှုအပြည့်ရှိနေတယ်လို့ မမြင်မိဘူးလား''

ချက်ကြီး စိတ်လက်ကုန်ခန်းသွားရသည်။ နိုင်ကြီးကလည်း ဒီကောင် မရတော့ဘူးဆိုသည့်ပုံစံနှင့် ခေါင်းခါပြ၏။

မိုးခက်က ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရင်း ...

''ဒါနဲ့ ... ဟိုကောင် အောင်ဌေး မလာသေးဘူးလားကွ''

အောင်ဌေးကို မမြင်မိသဖြင့် မေးလိုက်ခြင်းဖြစ်သည်။ မိုးခက်ကပဲ ...

''ဒီကောင်ကွာ ... ငါ့ဘဝအတွက် အရေးကြီးတဲ့နေ့မှာမှ နောက်ကျနေတယ်''

ဘာမှလည်း မဆိုင်ချေ။ မိုးခက်က တစ်ယောက်တည်း စိတ်ရှိတိုင်းကြီးကျယ်ခမ်းနားနေတော့သည်။

ထိုစဉ်မှာပဲ နိုင်ကြီးက ကင်တင်းအပြင်ဘက် လှမ်းကြည့်ရင်း ...

''ဟိုမှာ လာပါပြီကွာ ... မင်းယောက်ဖ အောင်ဌေး''

ဟုတ်ပါသည်။ အောင်ဌေးတစ်ယောက် အူယားဖားယားပုံစံဖြင့် ကင်တင်းထဲသို့ အပြေးတစ်ပိုင်း လှမ်းဝင်လာ၏။ အနားသို့ ရောက်ရောက်ချင်း လက်ထဲမှာ ကိုင်လာသောစာစောင်ကို လှမ်းပေးကာ ...

''မိုးခက် ... ဒီနေ့ စာစောင်ထဲမှာ မင်းအတွက် ကြော်ငြာပါတယ်

ကွ . . . ရော့''

''ဟော''

အံ့ဩသံနှင့်ရေရွတ်ကာ စာစောင်ကို ယောင်နနနှင့် လှမ်းယူလိုက်သည်။ ဖွင့်ဖတ်လိုက်တော့ အလုပ်ကိစ္စအတွက် ဦးကျော်ကြီးနှင့် ဆက်သွယ်ပါရသည့် ကြော်ငြာကို တွေ့လိုက်ရသည်။

မိုးခက်က ခေါင်းတခြင်းခြင်း ကုတ်လိုက်ပြီး . . .

''ဟာကွာ . . . ဒီနေ့မှ အလုပ်က လာပေါ်လာသေးတယ်၊ အရေးကြီးတဲ့နေ့မှကွာ''

ညည်းသံအဆုံးမှာ ချက်ကြီးက . . .

''ခုမှ အစောကြီးပဲရှိပါသေးတယ်ကွာ၊ မင်း ဖွန်ဖွန်နဲ့ချိန်းထားတာ နေ့လယ်မှ မဟုတ်ဘူးလား။ ဦးကျော်ကြီးဆီ ခု သွားလို့ရသေးတာပဲဟာကို''

''ဒါဆိုလည်း သွားရအောင်ကွာ''

မိုးခက်က စိတ်မြန်လက်မြန်ပင် ထရပ်လိုက်လေသည်။

သို့နှင့် ဦးကျော်ကြီးကင်တင်းရောက်တော့ ကောင်တာဆီသို့ ဦးတည်ကာသွားလိုက်ပြီး . . .

''ဦးကျော်ကြီး . . . ဒီနေ့စာစောင်မှာ ကျွန်တော့်အတွက် ကြော်ငြာပါလို့လာတာ''

ဦးကျော်ကြီးက ခေါင်းတစ်ချက်ညိတ်ကာ မိုးခက်ကို မှတ်မိဟန်ဖြင့် . . .

''အေး . . . ငါလည်း မင်းကိုစောင့်နေတာပါ၊ အဲ . . . လက်ဖက်ရည်လေး ဘာလေး မသောက်ကြတော့ဘူးလားကွ''

အရေးထဲ လက်ဖက်ရည်က ဝင်ရောင်းနေသေးသည်။

မိုးခက်က ခေါင်းခါလျက် ...

"ကျွန်တော်တို့ ခုပဲ သောက်လာကြလို့ပါ၊ ဟို ... အလုပ်ကိစ္စ အတွက်"

စကားမဆုံးခင်မှာပဲ ဦးကျော်ကြီးက လက်အသာကာပြရင်း ...

"မလောပါနဲ့ ... လာမယ်လေ၊ ရော့ ... ဒီစာအိတ်က မင်းကို အလုပ်ရှင်က ပေးခိုင်းလိုက်တာပဲ"

ပထမစာအိတ်ကဲ့သို့ အညိုရောင်စာအိတ်တစ်အိတ် ထုတ်ပေးလာသည်။ မိုးခက်က လှမ်းယူရင်း လှည့်ထွက်လာခဲ့၏။ ထိုင်နေကျကင်တင်းဆီသို့ မရောက်ခင် လမ်းမှာပဲ ဖွင့်ဖောက်ကြည့်လိုက်သည်။

"ဟင်"

"ဟာ"

ပထမဆုံးစာအိတ်ထဲက ထွက်လာသည်က ချက်လက်မှတ် တစ်စောင်ဖြစ်သည်။ ထိုလက်မှတ်ထဲမှာ ရေးထားသည့်ငွေပမာဏက ဆယ်သိန်းတိတိ။ စာအိတ်ထဲ ထပ်နှိုက်လိုက်တော့ စာရွက်ခေါက်ကလေးတစ်ခု ထပ်ထွက်လာပြန်၏။ ဖတ်ကြည့်လိုက်တော့ ...

*ပိုက်ဆံဆယ်သိန်းမှာ ငါးသိန်းက ပထမလအလုပ်ကို အောင်အောင်မြင်မြင်နဲ့ တာဝန်ကျေအောင်လုပ်နိုင်ခဲ့လို့ ကျန်တဲ့လစာကိုပေးတာပါ၊ နောက်ထပ်ငါးသိန်းကတော့ ခု ဒုတိယလအတွက် စရန်ပဲ ဖြစ်ပါတယ်၊ ဒီတစ်ခါ လုပ်ရမှာကတော့ မေဖွန်မိုးကိုချဉ်းကပ်ပြီး သူ့အချစ်ကို ရအောင်ယူပေးဖို့ပါ*

မေဖွန့်မိုးအချစ်ကိုရရင် လုပ်ရမှာကို ဆက်ပြောပါ့မယ်၊ ဒီတစ်ခါလည်း တာဝန်ကျေမယ်လို့ ယုံကြည်ပါတယ်။

စာဖတ်အပြီးမှာ မိုးခက် ငိုင်တွေသွားရသည်။ တစ်ဖက်လူက ဘာရည်ရွယ်ချက်ရှိသည်တော့ မသိ။ မေဖွန့်မိုး၏အချစ်ကိုရအောင် ယူခိုင်းနေလေပြီ။ ဘာလုပ်ရမည်ကို မိုးခက်မသိတော့။

ချက်ကြီးတို့ဆီ စာလှမ်းပေးလိုက်သည်။ သုံးယောက်စလုံး ခေါင်းချင်းဆိုင်ဖတ်ပြီး သက်ပြင်းကိုယ်စီ ချလိုက်ကြ၏။

ပြီး ချက်ကြီးကအရင် ...

"ဘာတွေလဲကွာ ... ဒါဆိုရင် မင်းကို ပိုက်ဆံပေးပြီးခိုင်းနေတာနောက်ဆုံးတော့ ဖွန့်ဖွန့်ရဲ့အချစ်ကို ယူခိုင်းဖို့တဲ့လား"

စကားအဆုံးမှာ နိုင်ကြီးကလည်း ...

"အဲဒါတင်မကသေးဘူးကွ ... ဖွန့်ဖွန့်အချစ်ကို ဒီကောင်ရရင်ဆက်လုပ်ခိုင်းမယ်ဆိုတာ ပါသေးတယ်၊ အဲဒါကကော ဘာလဲ"

မိုးခက် ဘာမှပြန်မပြောနိုင်သေးဘဲ အတွေးတွေ ယောက်ယက်ခတ်သွားရသည်။ ပြီး စိတ်တည်ငြိမ်အောင်ကြိုးစားကာ တဖြည်းဖြည်း စဉ်းစားယူရ၏။ အမှန်တော့ ဒီနေ့သည် သူ မေဖွန့်မိုးကို ဖွင့်ပြောမည့်နေ့။ ထပ်ပြောရလျှင် ရင်ထဲမှလာသော မေတ္တာစစ်ဖြင့် ချစ်ခွင့်ပန်မည့်နေ့။ တကယ်လို့များဒီနေ့ ဖွင့်ပြောလိုက်လျှင် သူ့ကို စောင့်ကြည့်နေသူက သူခိုင်းသောအလုပ်အားလုပ်သည်ဟု ထင်လိမ့်မည်။ ထိုသို့တော့ မိုးခက် အဖြစ်မခံနိုင်ချေ။

ထို့ကြောင့် သက်ပြင်းကို လေးလေးပင်ပင် ချလိုက်ပြီး ...

"ဒီနေ့တော့ ငါ ဖွန်ဖွန်ကို ဖွင့်ပြောလို့ မဖြစ်တော့ဘူး ထင်တယ်"

ချက်ကြီးက နားလည်စွာ ...

"ဒါဆို မင်း ခုဘာလုပ်မှာလဲ၊ ဦးကျော်ကြီးဆီကတစ်ဆင့် ဟိုလူ့ စာရင်းပြန်ရှင်းလိုက်မလား"

မိုးခက်က ခပ်လေးလေး ခေါင်းညိတ်ရင်း ...

"ရှင်းတာတော့ ရှင်းရမှာပေါ့၊ ဒါပေမဲ့ ပထမပေးထားတဲ့ ငါးသိန်း ချက်က ဒီနေ့ ငါ့ဆီပါမလာဘူးကွ၊ နောက်နေ့မှ အကုန်လုံး ပြန်ပေးပြီး ဒီ အလုပ်ကို ငါမလုပ်တော့ဘူးလို့ ပြန်ပြောလိုက်တော့မယ်"

"လွယ်ပါ့မလား မိုးခက်ရာ"

"လွယ်လွယ်,မလွယ်လွယ် ဒီတစ်နည်းပဲ ရှိတော့တယ်ကွ၊ ငါ ဖွန်ဖွန့်အချစ်ကို ဒီပုံစံ, ဒီအနေအထားနဲ့ မယူချင်ဘူး၊ တစ်ချိန်ကျမှ ဒါတွေ ဖွန်ဖွန်သိသွားရင် သွားပြီ၊ ငါ ဖွန်ဖွန့်ကို ရင်ထဲက တကယ်ချစ်တာပါကွာ လောလောဆယ် အရောင်စွန်းနေတဲ့စိတ်နဲ့တော့ ငါ ဘယ်လိုမှ ချစ်တယ်လို့ ပြောထွက်မှာ မဟုတ်ဘူး"

စကားအဆုံးမှာ နိုင်ကြီးက ပခုံးကို အသာလာကိုင်ရင်း ...

"ဒါဆို ဒီနေ့ ချိန်းထားတဲ့နေရာကို မင်းမသွားတော့ဘူးပေါ့၊ ဖွန် ဖွန်က စောင့်နေမှာနော်၊ တော်ကြာ ရှက်ပြီး မင်းကို အထင်လွဲသွားဦးမယ် ငါတို့ သွားပြောပေးရမလား"

မိုးခက်က ခေါင်းခါသည်။ ပြီး လေသံအက်အက်နှင့် ...

"မင်းတို့အနေနဲ့ရော ဘယ်အကြောင်းအရာနဲ့ ဆင်ခြေပေးကြ မှာလဲကွာ ... မသွားပါနဲ့"

"ဒါဆို မင်း"

ချက်ကြီးစကားမဆုံးခင်မှာဘဲ မိုးခက်က ခပ်လေးလေး ခေါင်းညိတ်လိုက်ရင်း ကြေကြေကွဲကွဲ ပြောလိုက်ပါသည်။

"ငါလည်း ဒီနေ့မသွားတော့ဘူး။ ဒီဘက်က ငါ့ကိစ္စတွေ ရှင်းလို့မပြီးခင်အထိပေါ့"

"မိုးခက်ရာ"

■

## အခန်း (၁၄)

ဒေါသနှင့်ရှက်စိတ်တို့ ရောပြွမ်းကာ မေဖွန်မိုး မျက်နှာလေးက နီရဲတင်းမာနေသည်။ ထွက်လာသောစကားသံတွေကလည်း အေးစက်စူးရှစွာ။

"ဒါ ငါ့ကို သက်သက်အရှက်ခွဲတာ၊ ချိုးတာပဲ သက်ထား၊ ငါ သူ့အပေါ်မှာထားတဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်လိုက်တာ"

သက်ထားက ဖြောင်းဖြသောလေသံနှင့် ...

"မိုးခက်မှာလည်း အကြောင်းကိစ္စပေါ်လာလို့လားမှ မသိတာ ဖွန်ဖွန်ရယ်၊ သူ နင့်ကိုချစ်နေတာ ငါတို့လည်း သိတာပဲ၊ နင့်ကို ဒီနေ့ ဖွင့်ပြောမယ်ဆိုတာလည်း ..."

"တော်တော့ သက်ထား ... ငါ့မှာတော့ ဘစ်သက်နဲ့တစ်ကိုယ်

ငါ့နှလုံးသားကို အလိုလိုက်တော့မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာ၊ ခုတော့ ငါ ခွန့်စားရတာနဲ့ လုံးဝမတန်ဘူး''

ဖြူဖြူက ...

''အဲဒီလောက် ဒေါသမထွက်ပါနဲ့ဟာ၊ သက်ထားပြောသလို မိုးခက်မှာ အရေးကြီးတဲ့ကိစ္စရှိနေလို့လားမှ မသိတာ၊ ပြီးတော့''

စကားမဆုံးခင်မှာပဲ မေဇွန်မိုးက လုံးဝလက်မခံနိုင်သောပုံစံဖြင့် ..

''အေး ... ဘယ်လိုပဲဖြစ်ဖြစ်လေ သူချိန်းထားတဲ့ မိန်းကလေးဘစ်ယောက်ဆီကိုတော့ ခဏပဲဖြစ်ဖြစ် လာရမှာပေါ့၊ တကယ် သေရေးရှင်ရေးကိစ္စဆိုရင်တောင် သူ့သူငယ်ချင်းတွေကို လွှတ်ပြီးပြောခိုင်းလို့ ရတာပဲ၊ ခုတော့''

အသံတိမ်ဝင်သွားပြီးမှ မေဇွန်မိုးက ခံပြင်းသောလေသံဖြင့် ...

''တော်ပြီဟာ ... သူ့နာမည်လည်း မကြားချင်ဘူး၊ ငါ့ကို ဘာအကြောင်းမှလည်း မပြောကြနဲ့တော့၊ နင်တို့ တွေ့ရင်သာ ပြောလိုက်ပါ ... ငါ့ရှေ့ကို ရောက်မလာပါနဲ့လို့ ... ဒါပဲ''

ပြောရင်း ချာခနဲလှည့်ထွက်သွားလေသည်။ မေဇွန်မိုးပြောသွားသော စကားများသည် ဟန်ဆောင်မှုသား လုံးဝမပါမှန်း သက်ထားနှင့်ဖြူဖြူတို့ အတိအကျ သိလိုက်ပါ၏။

ထိုသို့ဖြင့် ...။

■

## အခန်း (၁၅)

"ဘာပြောတယ် မိုးခက် ... မင်း ဒီအလုပ်ကို မလုပ်နိုင်တော့ဘူး ... ဟုတ်လား"

ဦးကျော်ကြီးအသံက မဆိုစလောက်ကလေး တင်းမာနေသဖြင့် မိုးခက် သံသယဝင်သွားရသည်။

သို့သော် မသိကျိုးကျွန်ပြုရင်း စာရွက်စာတမ်းတွေနှင့် ချက်လက်မှတ်နှစ်စောင် ထည့်ထားသော စာအိတ်ကို လှမ်းပေးလိုက်ပြီး ...

"ဟုတ်တယ် ဦးကျော်ကြီး၊ ဒီစာအိတ်ထဲမှာ ပြန်ပေးရမယ့်ပစ္စည်းတွေ အကုန်ပါတယ်"

ဦးကျော်ကြီးက စာအိတ်ကို လှမ်းယူကာ မျက်ခုံးပင့်လျက် ...

"မင်းမလုပ်ချင်တဲ့ အကြောင်းပြချက်ကကော ဘာလဲမိုးခက် ...

ကိုယ် သိခွင့်ရှိမလား''

မိုးခက်က နှုတ်ခမ်းထောင့်စွန်းကိုတွန့်လိုက်ပြီး ...

''ဒီဂိမ်းကို ဆက်မကစားချင်တော့လို့ပေါ့ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ဆက်ကစားရင် ဒီဂိမ်းထဲမှာ ကျွန်တော့်နှလုံးသားက ဓားစာခံ ဖြစ်တော့မှာ မို့လို့ပဲ''

ပြောရင်း မိုးခက် ချာခနဲ လှည့်ထွက်လိုက်သည်။

''မိုးခက်''

ဦးကျော်ကြီးခေါ်သံကြောင့် ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်၏။

''မင်းဘက်က ဆက်မလုပ်တော့ဘူးဆိုပေမယ့် တစ်ဖက်က ဘာ ပြောဦးမလဲဆိုတာတော့ ကိုယ်မသိသေးဘူး။ ဒီတော့ ဒီစာအိတ်ကို ပြန်ပေးပြီး ကိုယ် အကျိုးအကြောင်းပြောပြလိုက်မယ်၊ အဲ ... တစ်ဖက်က ပြန်ပြောတာ ကိုလည်း မင်း နားထောင်သင့်တယ်လို့ ထင်တယ်လေ''

''ဒီတော့''

''မင်း မနက်ဖြန်တော့ ကိုယ့်ဆီကို ခဏတော့လာခဲ့ကွာ ... ဖြစ် တယ်မဟုတ်လား''

ခေါင်းအသာညိတ်ပြရင်း မိုးခက် လှည့်ထွက်လာခဲ့သည်။ စိတ်ထဲ မှာလည်း တစ်ဝက်လောက် ပေါ့ပါးသွားသည်မှာ အမှန်ပင်။

ကင်တင်းရောက်တော့ ချက်ကြီးတို့က ...

''ဘယ်လိုလဲ မိုးခက် ... အဆင်ပြေရဲ့လား''

ဦးကျော်ကြီးနှင့်ပြောဖြစ်ခဲ့သမျှကို ပြန်ပြောပြလိုက်သည်။ နား ထောင်အပြီးမှာ ချက်ကြီးက သက်ပြင်းချရင်း ...

"ဒါဆိုလည်း မနက်ဖြန် ခဏသွားလိုက်ပေါ့ကွာ၊ ဒါနဲ့ မနေ့က
နှံ့ဖွန်ဆီ သွားဖြစ်တဲ့ကိစ္စကို ဘယ်လိုလုပ်မလဲ"

မိုးခက်က လေပူကြီးကို အရင်မှုတ်ထုတ်လိုက်ကာ ...

"ဒီနေ့ သွားပြီး အကြောင်းတစ်ခုခု ပြုရတော့မှာပေါ့ကွာ၊ ဘာပဲ
ဖြစ်ဖြစ် ဒီနေ့ ညာရမှာကိုတော့ ငါ လိပ်ပြာလုံတယ်ကွ၊ ကဲ ... သွားရအောင်"

လေးယောက်သား မေဖွန်မိုးတို့ထိုင်တတ်သည့် ကင်တင်းဆီသို့
တည်လိုက်ကြသည်။ ကင်တင်းထဲရောက်တော့ ထိုင်နေကြသည့် သူတို့သုံး
သာက်ကိုလည်း မြင်ပါ၏။

သို့သော် သူ့ကိုမြင်သည်နှင့် မေဖွန်မိုးသည် စိမ်းစိမ်းမုန်းမုန်း တစ်
က်ကြည့်ကာ ဘာမှမပြောဘဲ ချာခနဲ ထထွက်သွားလေသည်။

မိုးခက်စိတ်ထဲ ဟာခနဲ ဖြစ်သွားရပြီး ...

"ဖွန်ဖွန်"

ခေါ်ရင်း ပြေးလိုက်ရန် ဟန်ပြင်လိုက်၏။ သို့သော်လည်း သက်
ားက အနားသို့ရောက်လာကာ ...

"လိုက်မသွားနဲ့ မိုးခက် ... အခြေအနေက ပိုဆိုးသွားလိမ့်မယ်"

မိုးခက်က ပူလောင်သောအသွင်ဖြင့် ...

"မဟုတ်သေးဘူးလေ သက်ထားရဲ့ ... ကျွန်တော် သူ့ကို ရှင်းပြ
ာလေးတော့ နားထောင်သင့်တာပေါ့"

သက်ထားက စိတ်မကောင်းဟန်ဖြင့် ခေါင်းခါကာ ...

"သူနားထောင်မှာ မဟုတ်တော့ဘူး၊ နောက်ပြီး နင့်ဆီက ဘာ
းကြောင်းပြချက်မဆို နားမထောင်ခဲ့ဖို့ ငါတို့ကိုလည်း မှာခဲ့တယ်၊ နင်ဟာ

သူ့သူငယ်ချင်းအဖြစ်နဲ့တောင် မတန်တော့ဘူးတဲ့၊ ကဲ ... ငါတို့လည်း သွားပြီဟာ၊ တော်ကြာ နင်နဲ့ အကြာကြီးရပ်စကားပြောနေလို့ ငါတို့ကိုပါ တင်းသွားဦးမယ်''

သက်ထားနှင့်ဖြူဖြူတို့က လှည့်ထွက်ကာ မေဇွန်မိုးနောက်သို့ အပြေးလိုက်သွားလေသည်။ သက်ထားဟု လှမ်းခေါ်လိုက်သည်ကိုပင် လှည့်မကြည့်တော့။

ဘာလုပ်ရမည်ကိုမသိတော့ဘဲ ရင်ထဲမှာ ဆို့နစ်လာရင်း မိုးခက် ခေါင်းငိုက်စိုက်ကျသွားလေသည်။

■

# အခန်း (၁၆)

အလုပ်ကိုပြီးဆုံးအောင်မလုပ်တော့တဲ့အတွက် ဝမ်းနည်းပါတယ် မိုးခက်။ ပြန်ပေးတဲ့ပိုက်ဆံနဲ့ စာရွက်တွေကို လက်ခံရရှိပါတယ်။ ဒါပေမဲ့ ခင်ဗျား လက်မှတ်ထိုးထားတဲ့ စည်းကမ်းချက်တွေအရ တောင်းတဲ့လျော်ကြေးကိုတော့ ပြန်ပေးရပါလိမ့်မယ်။ အဲဒါကတော့ သူငယ်ချင်းအဖြစ်နဲ့တောင် မေဖွန့်မိုးအနားမှာ ဘယ်တော့မှ ရှိမနေဖို့ပါပဲ။

တကယ်လို့ ဆက်ရှိနေခဲ့မယ်ဆိုရင်တော့ ခင်ဗျားရဲ့လက်မှတ်နဲ့ လုပ်ဆောင်ခဲ့တဲ့ စာရွက်စာတမ်းတွေဟာ မေဖွန့်မိုးလက်ထဲ ရောက်သွားပါလိမ့်မယ်။ ခင်ဗျားကို မုန်းမသွားတာနဲ့စာရင် သူငယ်ချင်းအဖြစ်က နောက်ဆုတ်လိုက်တာ ပိုကောင်းတယ်မဟုတ်လား။ အဲဒါကြောင့် အထက်က ပြောခဲ့သလိုပဲပေါ့။ မေဖွန့်မိုးအနားမှာ နောက်ထပ်မရှိနေပါနဲ့။ ယောကျ်ားဖြစ်တဲ့

အတွက် ပေးထားတဲ့ကတိကို တည်မယ်လို့ ယုံကြည်ပါတယ်။

စာက တိုတိုလေးဖြစ်သည်။ သို့သော် နှလုံးသားတစ်ခုလုံး လျှော်ကြေးပေးလိုက်ရသလို မိုးခက် ခံစားလိုက်ရ၏။

ငပါက်ကွဲဖို့ပင် အားမရှိတော့ဘဲ ကြေကြေကွဲကွဲ ပြောလိုက်မိသည်။

"ပြီးရောပေါ့ကွာ ... ဖွန်ဖွန်က သူငယ်ချင်းစာရင်း မျဉ်းပိတ်လိုက်သလို ဒီဘက်ကလည်း သူငယ်ချင်းအဖြစ်နဲ့တောင် မနေပါနဲ့တဲ့"

စကားအဆုံးမှာ ချက်ကြီးက ...

"အေးကွာ.. မင်းအဖြစ်ကိုလည်း ဘယ်လိုနားလည်ပြီး ဘယ်လိုနှစ်သိမ့်ရမှန်းတောင် မသိတော့ပါဘူး"

မိုးခက်က အံကြိတ်လိုက်ရင်း ...

"ငါ ယောကျ်ားပါ၊ ကတိလည်း တည်မှာပါ၊ ဒါပေမဲ့ အဲဒီလူဟာ ဘာကြောင့် ဒီကိစ္စကို ဖန်တီးခဲ့တယ်ဆိုတာ ငါသိချင်တယ်၊ ငါ့စိတ်ထဲ ငါဟာ ဒီဂိမ်းထဲမှာ စနစ်တကျ လှည့်စားအသုံးချခံလိုက်ရသလိုပဲကွ၊ ပြီးတော့ တစ်ဖက်ကလူနဲ့ ဦးကျော်ကြီးဟာ ဆက်စပ်မှုတစ်ခုခုတော့ ရှိကိုရှိလိမ့်မယ်"

"အဲဒီတော့ မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

နိုင်ကြီး၏အမေးကို မိုးခက်က ပြတ်သားစွာဖြေလိုက်သည်။

"အဲဒီလူ ဘယ်သူလဲ၊ ဘာရည်ရွယ်ချက်နဲ့လုပ်တာလဲဆိုတာ ငါ ...အောင်ရှာစမ်းမယ်"

■

## အခန်း (၁၇)

"ကောင်းကြသေးရဲ့လားကွာ ... အဲဒီဘဲကြီးနာမည်က ဦးဇော်ဇော်ဖြိုးတဲ့ ... ဘောစိ၊ ကျောင်းပြီးရင် ဖွန်ဖွန်နဲ့လက်ထပ်ဖို့ စေ့စပ်ထားတာတဲ့ကွ ... ဟား ဟား"

ပြောရင်း ခွက်ထဲမှအရက်ကို တစ်ခါတည်း မော့ချလိုက်ကာ မိုးခက်က တဟားဟားရယ်နေသေးသည်။

ဘေးမှာထိုင်နေသောချက်ကြီးက သက်ပြင်းလေးလေးချလျက် ...

"သောက်နေတာတော်ပါတော့ မိုးခက်ရာ၊ မင်း တစ်ရက် တစ်ရက် ကျောင်းမရောက်ဘဲ ဒီဆိုင်မှာပဲ အချိန်ကုန်နေတော့မှာလား"

မိုးခက်က ရီဝေ...ပြန်ကြည့်ရင်း အော့ခနဲ လေချဉ်တက်လိုက်ပြီးမှ ...

"ဟား ဟား . . . ရယ်ချင်လို့ပါကွာ၊ ဖွန့်ဖွန့်ကလည်း စေ့စပ်ထားဘဲ့လူရှိတာတောင် ငါ့အချစ်တွေကို နားလည်သလိုလို၊ အဲ . . . ပြီးတော့ သက်ခံတော့မလိုလို"

"မိန်းကလေးတစ်ယောက်ကို မင်း အဲဒီလိုတော့ မပြောနဲ့ မိုးခက်၊ ဟိုလူနဲ့က စေ့စပ်ထားတာပဲ ရှိတာလေကွာ၊ ချစ်သူတွေမှ မဟုတ်တာ၊ ပြီးတော့ မင်းအပေါ် ဖွန့်ဖွန့်ခံစားချက်ရှိခဲ့တာ အားလုံး သိတယ်"

နိုင်ကြီးအပြောကြောင့် မိုးခက်က . . .

"ဟုတ်လား နိုင်ကြီး၊ ဒါဆို ဦးဇော်ဇော်ဖြိုးက သူ့ကောင်မလေးနဲ့ ပတ်သက်ပြီး ငါ့ကို စမ်းသပ်ခဲ့တာပါ၊ နောက်ဆုံး ငါကပဲ ဘလိုင်းကြီး လျှော့လိုက်ရတာပေါ့ . . . ကောင်းတယ်ကွာ ကောင်းတယ်"

"ကောင်းတော့ မိုးခက်ရာ . . . မင်း မူးနေပြီ၊ မင်း ဒီလိုပဲ နေတော့မှာလား၊ ကျောင်းမတက်တော့ဘူးလား"

"အေး . . . မတက်တော့ဘူး"

"ဘာ . . . ဘယ်လို ဘယ်လို"

အံ့ဩပျာနိုဖြင့် မေးလာသောစကားအဆုံးမှာ မိုးခက်က လက်ညှိုးကို ထောင်ပြလိုက်ရင်း . . .

"ခဏ ခဏလေး . . . ငါ ကျောင်းမတက်တော့ဘူးဆိုတာက အဝေးသင်ပြောင်းမယ်လို့ ဆိုလိုတာပါ၊ ငါပေးထားတဲ့ကတိရယ်၊ ငါ့ကို မမြင်ချင်တဲ့လူရှေ့မှာ ငါ ဘယ်တော့မှ မျက်နှာပြောင်တိုက်ပြီး နေနေမှာ မဟုတ်ဘူးကွ၊ အဲဒါ မူးနေတဲ့မိုးခက်ရဲ့ သစ္စာပဲ"

ပြောရင်း အရက်တစ်ခွက် ထပ်ငှဲ့လိုက်သေးသည်၊ ပြီးမှ . . .

"မောင်ကောင်တွေ . . . ငါက ဒီကိစ္စအတွက်နဲ့ ပညာရေးကို စွန့်လွှတ်မယ်လို့ ထင်နေလို့လား။ သွားစမ်းပါကွာ . . . ငါ အရက်ကို သောက်ချင်သသောက်ခဲ့ သောက်မှာပါ၊ အဲဒါကလည်း မိန်းမတစ်ယောက်ကို ချစ်ခဲ့မိလို့ အထိုးပေးတာကွ၊ မသောက်ချင်တဲ့နေ့ကျရင် ဘယ်ကောင်လာတိုက်တိုက် ငါ မသောက်ဘူး၊ ခုတော့ သောက်တယ်ကွာ''

ခွက်ထဲကအရက်ကို တစ်ရှိန်ထိုး မော့လိုက်ပြန်သည်။ ပြီး မိုးခက်ခေါင်းက စားပွဲပေါ်သို့ ဝုန်းခနဲ ငိုက်စိုက်ကျသွားလေ၏။

မိုးခက်ကိုကြည့်ကာ အတန်ကြာငြိမ်သက်နေပြီးမှ ချက်ကြီးက . . .

''ဒီကောင်ကို အမူးပြေအောင် ဒီမှာခဏသိပ်ထားပြီး စောင့်နေလိုက်ကြကွာ၊ ငါ ခဏသွားလိုက်ဦးမယ်''

''ဟင် . . . ဘယ်လဲ''

ချက်ကြီးက နိုင်ကြီးနှင့်အောင်ဒွေးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီးမှ ခပ်လေးလေးပြောလိုက်လေသည်။

''ငါလား . . . ကျောင်းထဲကိုပေါ့ကွာ''

■

## အခန်း (၁၈)

မနက်စောစော ရှာသွန်းထားသည့် မိုးကြောင့် လမ်းဘေးဝဲယာတွင် ဘင်ကျန်နေသော ရေကွက်တချို့ကို တွေ့နေရသည်။ အပင်တို့၏ သစ်ရွက် အနားသတ်တွေမှာလည်း မိုးစက်များက ခိုသီးလျက် ရှိနေကြသေး၏။ မိုးရိပ် ဆင်နေသေးသော ကောင်းကင်သည်ပင် ကောင်းကောင်းမကြည်သေး။

ရေငွေ့ရိုက်သဖြင့် မှုန်ဝါးနေသည့်ဆိုင်အတွင်းဘက်မှ မှန်နံရံကို မေဖွန်မိုးက လက်ညှိုးလေးနှင့်တို့လိုက်ရင်း စကားစလိုက်သည်။

"ဦးဇော် ... ဦးဇော်နဲ့ကျွန်မဟာ တစ်ချိန် လက်ထပ်ရမယ်ဆိုပြီး လူကြီးတွေက စေ့စပ်ပေးထားတာနော်"

"အဲဒါ ဘာဖြစ်လို့လဲ မိုးရဲ့၊ ဒီနေ့မှ ဦးဇော်ကိုချိန်းပြီး ထူးထူးဆန်း ဆန်းတွေ လာပြောနေတယ်"

စကားအဆုံးမှာ မေဖွန်မိုးက ဖြည်းဖြည်းလေး ခေါင်းခါလိုက်ရင်း …

"မဟုတ်သေးဘူး ဦးဇော် … ဦးဇော်ကို ကျွန်မ,မေးချင်တာ ရှိသေးတယ်"

"မေးလေ"

"ဦးဇော်လက်ထပ်မယ့် မိန်းမတစ်ယောက်ကို ဦးဇော် ဘယ်လောက်တန်ဖိုးထားလဲ၊ အဲဒီမိန်းမရဲ့ သိက္ခာနဲ့ကိုယ်ကျင့်တရားကို ဘယ်လောက်ထိယုံကြည်လဲ၊ အဲဒါကိုသိချင်တာ"

ဦးဇော်ဇော်ဖြိုး ပခုံးအသာတွန့်လိုက်မိသည်။ ပြီး ဟက်ခနဲ ရယ်ရင်း …

"ဦးဇော် မိုးကို တန်ဖိုးထားပါတယ်၊ အဲ … ဦးဇော်နဲ့မိုးက အသက်ချင်းကွာတော့ စိုးရိမ်တာလေးတွေတော့ ရှိတာပေါ့၊ ဒါပေမဲ့ ခုတော့ အဲဒီစိုးရိမ်တာတွေလည်း မရှိတော့ပါဘူး"

"ဘာဖြစ်လို့လဲ ဦးဇော် … ဦးဇော် စမ်းသပ်လိုက်လို့လား"

"ဘယ်လို"

ဦးဇော်ဇော်ဖြိုး အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မေဖွန်မိုးက ခပ်တည်တည်မျက်နှာပေးလေးနှင့် ဆက်၍ …

"ပြော် … ဦးဇော် စမ်းသပ်ပြီးမှ ကျွန်မရဲ့ကိုယ်ကျင့်တရားကို ယုံလိုက်တာလားလို့ မေးတာ"

"မိုး ဘာတွေပြောနေတာလဲ၊ ဦးဇော်တော့ နားမလည်တော့ဘူး"

မေဖွန်မိုးက လှောင်ရယ်သံလေးနှင့် တဟားဟား ရယ်လိုက်သည်။

ပြီးမှ ...

"ဘာတွေကိုများ ဖုံးကွယ်နေတာလဲ ဦးဇော်၊ ဦးဇော် တန်ဖိုးထား တယ်ဆိုတဲ့ မိန်းမတစ်ယောက်ကိုတောင် ညာနေတာလား"

ရာသီဥတု အေးနေသည့်တိုင် စိမ့်ထွက်လာသော နဖူးမှချွေးကို ဦးဇော်ဇော်ဖြိုး ပဝါနှင့်အသာသုတ်လိုက်သည်။

ပြီးမှ လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း မပြောချင်ပြောချင်ပုံစံနှင့် ...

"အဲဒီကိစ္စက မိုးကိုမယုံလို့ မဟုတ်ပါဘူး။ ဦးဇော် အစိုးရိမ်လွန်မိ တာပါ၊ မိုးတို့ကျောင်းမှာက ဟိုသံယောဇဉ်နေ့စဉ်ဆိုတဲ့စာစောင်လည်း ရှိနေတော့လေ၊ ဦးဇော်အသိ ကျော်ကြီးနဲ့တိုင်ပင်ပြီး"

"ပိုက်ဆံဆယ့်ငါးသိန်း ပက်ခနဲရင်းပြီး ကျွန်မရဲ့ကိုယ်ကျင့်တရား ကို စမ်းသပ်လိုက်တာပေါ့ ... ဟုတ်လား"

ဦးဇော်ဇော်ဖြိုး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရပြီး ...

"အဲ အဲဒါက မိုးရယ် ... မိုးက တစ်ချိန် ကိုယ်နဲ့လက်ထပ်ရမယ့် သူဆိုတော့ ဘာရယ်မဟုတ် လုပ်လိုက်မိတာပါ၊ မိုး နား နားလည် ..."

စကားမဆုံးခင်မှာပဲ မေဇွန်မိုးက လက်ကာပြလိုက်ရင်း ...

"ခဏလေး ဦးဇော် ... ဦးဇော်ရဲ့ ဘာမဟုတ်တဲ့လုပ်ရပ်ဟာ ဒီ ဘက်က လူတွေရဲ့ စိတ်နှလုံးသားကို ရောထွေးသွားစေတာ အမှန်ပဲ၊ ဝန်ခံ ရရင် ကျွန်မလည်း မိုးခက်အပေါ် စိတ်ယိုင်ခဲ့မိပါတယ်၊ တကယ်တော့ ဦးဇော်စမ်းသပ်ခဲ့တာဟာ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး။ မိုးခက်ကိုပါ စမ်းသပ်ခဲ့တာ၊ အဲဒီ စမ်းသပ်မှုအတွက် ဦးဇော်ကို အထင်သေးမိသေမယ့်

မိုးခက်ရဲ့အချစ်ကိုတော့ ကျွန်မ ကောင်းကောင်းသိလိုက်ရတယ်''

ထိုစကားကြောင့် ဦးဇော်ဇော်ဖြိုး ပျာပျာသလဲ ဖြစ်သွားကာ ...

''ဘာတွေလဲ မိုးရယ် ... မိုးနဲ့ အဲဒီမိုးခက်ဇာတ်လမ်းက ပြီးသွားပြီပဲ ဥစ္စာ၊ မိုးခက်ကလည်း ပိုက်ဆံကြောင့် ဦးဇော်ခိုင်းတာကို လုပ်ခဲ့တာပဲလေ''

မေဖွန့်မိုးက သွေးအေးအေးပြုံးလိုက်ရင်း ...

''ဟုတ်မှာပါ ... ဒါပေမဲ့ ဦးဇော်ခိုင်းတဲ့အလုပ်ချိန်က ကျောင်းချိန်အတွင်းမှာပဲလေ၊ ကျောင်းချိန်ပြင်ပမှာတော့ ကျွန်မတို့နှစ်ယောက်''

စကားကို ဖြတ်ထားပြီးမှ မေဖွန့်မိုးက တစ်လုံးချင်း ပြောချလိုက်သည်။

''ကျွန်မတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီ ဦးဇော်''

စကားအဆုံးမှာတော့ ဦးဇော်ဇော်ဖြိုး ဝရုန်းသုန်းကား ခေါင်းခါလိုက်ပြီး ...

''ဟာ ... မဟုတ်သေးဘူး မိုးရာ၊ မိုးကို ဦးဇော်ချစ်တယ်၊ မိုးဘာတွေ ဘယ်လိုပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ... မိုးကို ဦးဇော်လက်ထပ်မယ်''

မေဖွန့်မိုးက လျော့ရဲရဲပြုံးလိုက်ပြီးမှ ...

''အစကတည်းကပဲ ဦးဇော်မှာ အဲဒီစိတ်ထားရှိခဲ့ရင် ကျွန်မရဲ့ ကိုယ်ကျင့်သိက္ခာလည်း ယိုင်နဲ့မှာမဟုတ်ဘူး ဦးဇော်၊ ခုတော့ အားလုံးပြီးဆုံးသွားပါပြီ၊ ဦးဇော် ကျွန်မကို သတ်မှတ်ချင်သလို သတ်မှတ်နိုင်ပါတယ်၊ ခုတော့ ဦးဇော်နဲ့ လက်မထပ်နိုင်တော့ဘူးလို့ပဲ ဝမ်းနည်းစွာ ပြောပါရစေ''

ပြောရင်း ထိုင်နေရာမှထရပ်လိုက်သည်။

ဦးဇော်ဇော်ဖြိုး ဘာလုပ်ရမှန်းမသိဘဲ သွေးရူးသွေးတန်းဖြင့် ထရပ်ကာ မေဖွန်မိုးလက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"မိုး"

တောင်းပန်သံကြီးဖြင့် ခေါ်လိုက်သော်လည်း မေဖွန်မိုးက သွေးအေးစွာ ...

"လက်ကိုလွှတ်လိုက်ပါ ဦးဇော်၊ ဒီကိစ္စဟာ ခုဖျက် ခုပြင်လို့ရအောင် ကလေးကစားနေတာ မဟုတ်ဘူး၊ ဦးဇော်ကို လူကြီးလူကောင်းဆန်စေချင်တယ်"

ဦးဇော်ဇော်ဖြိုးတစ်ယောက် မေဖွန်မိုး၏လက်ကို ဖြည်းညင်းစွာ လွှတ်လိုက်ရသည်။ တစ်ဆက်တည်း သိလိုက်ရသည်က ဒီနေရာမှ လှည့်ထွက်သွားသော မေဖွန်မိုးသည် သူ့ဘဝထဲကလည်း အပြီးပိုင်ထွက်သွားလေပြီဟူ၍။

■

## အခန်း (၁၉)

ဒီနေ့သည် ကျောင်းကိုနောက်ဆုံးလာသောနေ့ဟု တွေးလိုက်မိတိုင်း မိုးခက်ရင်ထဲမှာ စစ်ခနဲ နာကျဉ်သွားရ၏။ ဖြတ်သွားကြသော ကျောင်းသူ ကျောင်းသားတွေကိုလည်း အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။ အတန်ကြာ တော့ လက်ထဲမှာကိုင်ထားသည့် စာရွက်စာတမ်းတွေကို ငုံ့ကြည့်မိပြန်၏။ ထိုစာရွက်တွေကတော့ (Day) ကျောင်းသားဘဝမှ အဝေးသင်ပြောင်းရန် အတွက် လိုအပ်သော စာရွက်စာတမ်းတွေ ဖြစ်၏။

ဒီအချိန် ဖွန်ဖွန်တစ်ယောက် ဘာလုပ်နေမည်လဲ၊ ကိုယ့်အကြောင်း စဉ်းစားမိတိုင်း နာကြည်းမုန်းတီးနေမည်လား။ ဒါမှမဟုတ် လျောင်ရယ်နေ မည်လား။ အို ... ဘာမှမသိချင်တော့။ ကိုယ့်ဘက်ကတော့ ဖြူဖြူစင်စင် ချစ်ခဲ့ပြီးပြီ။ ဒါသည်ပင် တစ်ဘဝစာ မဟုတ်လား။

"မိုးခက်"

ခေါ်သံကြောင့် အတွေးစက ပြတ်သွားရသည်။ ကြည့်လိုက်တော့ ချက်ကြီး။

"မိုးခက် ... မင်း အဝေးသင်ပြောင်းဖို့ တကယ်ဆုံးဖြတ်ပြီးပြီလား။ ခုချိန် ဘာမဆို ပြင်လို့ရသေးတယ်နော်"

မိုးခက်က ခေါင်းခါရင်း ...

"မပြင်တော့ပါဘူးကွာ ... ငါ ကျောင်းမှာရှိနေရင် ဖွန်ဖွန် တွေ့နေပါဦးမယ်၊ ဒီလိုဆုံးဖြတ်လိုက်တာဟာ ငါ့အတွက်လည်း သူရဲ့ မုန်းတဲ့ အကြည့်တွေကို ရင်မဆိုင်ရတော့ဘူးပေါ့"

ချက်ကြီးက ခေါင်းအသာညိတ်ရင်း ...

"အေးလေ ... မင်း ဆုံးဖြတ်ပြီးရင်လည်း ပြီးတာပါပဲ၊ ကဲ ... ကျောင်းသားရေးရာကို သွားရအောင်"

မိုးခက်က လေးပင်စွာထလိုက်ပြီး ...

"ဒါနဲ့ ဟိုကောင်တွေကော"

"လိုက်လာခဲ့မယ်တဲ့ ... ဝင်စရာရှိလို့ ဆိုလား"

"အေး ... ဒါဆိုလည်း မင်းနဲ့ငါပဲ သွားကြတာပေါ့"

ချက်ကြီးနှင့် နှစ်ယောက်တည်း ကျောင်းသားရေးရာဌာနသို့ ထွက်လာခဲ့သည်။ ရောက်တော့ စာရေးမကို အကျိုးအကြောင်း အရင်ပြောတော့ စာရွက်စာတမ်းတွေကို ပေးလိုက်၏။

စာရေးမက မိုးခက်ကို သေသေချာချာ ကြည့်ပြီးမှ ...

"အဝေးသင်ပြောင်းမှာ သေချာတယ်နော်"

"အစ်မကလည်း ဒီကိစ္စက နောက်စရာမှမဟုတ်တာ"

"ပြီးရော ... သေချာအောင် ထပ်မေးတာ"

ပြောပြီး စာရေးမက စာရွက်စာတမ်းတွေကို အရင်စစ်ဆေးနေသည်။ ထိုစဉ် ...

"ဟာ မိုးခက် ... ခဏ ခဏနေဦး"

အော်ပြောရင်း ပြေးဝင်လာသော နိုင်ကြီးနှင့်အောင်ဌေးတို့၏ အမူအရာကြောင့် မိုးခက်က ...

"ဘာတွေဖြစ်လာကြတာလဲကွာ ... ရေးကြီးသုတ်ပျာနဲ့"

နိုင်ကြီးက အမောမပြေသေးသောလေသံနှင့် ...

"အရေးကြီးတယ် အရေးကြီးတယ် ... မင်း မင်း ကျောင်းပြောင်းပြီးပြီလား"

စာရေးမကို မေးငေ့ါပြရင်း မိုးခက်က ...

"ဒီမှာ လုပ်နေတုန်းလေ ... ဘာဖြစ်လို့လဲ"

ထိုအခါမှ သက်ပြင်းကျသွားသောလေသံဖြင့် နိုင်ကြီးက ...

"တော်သေးတာပေါ့ကွာ ... ဟော့ကောင် ဒီနေ့ စာစောင်ထဲက ဒီကြော်ငြာကို ကြည့်လိုက်ဦး"

အူတီးအူကြောင်နှင့် နိုင်ကြီးပြသောကြော်ငြာကို ကြည့်လိုက်မိသည်။

"ဟာ"

မျက်လုံးထဲ လင်းခနဲဖြစ်ကာ ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက်သွားသလို ခံစားလိုက်ရ၏။

ယပ်ကြည်နိုင်သေးသောအသွင်ဖြင့် ကြော်ငြာကို ထပ်ကာ ထပ်ကာ ဖတ်ကာ ...

"ဟော့ကောင်တွေ ... ဒါ ဒါဟာ တကယ်ပါနော်"

"ဟာကွာ ... ဒီကိစ္စမျိုးကိုတော့ မင်းကို စာစောင်ထဲမှာထည့်ပြီး နောက်မလားကွ ... ငအူရဲ့ ငဒူရဲ့ ငတုံးရဲ့"

စကားအဆုံးမှာ မိုးခက်က ခေါင်းကိုမော့လိုက်ပြီး မျက်စိစုံမှိတ် လျက် ...

"ဝမ်းသာလိုက်တာကွာ ... ဟား"

ထိုသို့ ကြည်နူးနေချိန်မှာပဲ ချက်ကြီးက လက်တို့၍ ...

"ဟော့ကောင် ... ဖီးလ်တွေ စွတ်တက်မနေနဲ့ ... ဟိုမှာ ဟိုမှာ"

စာရွက်စာတမ်းတွေ စစ်ဆေးပြီး၍ စာရင်းသွင်းရန်ပြင်နေသော စာရေးမကို မေးငေါ့ပြလိုက်သည်။

မိုးခက်လည်း ချက်ချင်း သတိဝင်သွားရပြီး စာရေးမရှေ့မှ စာရွက် စာတမ်းတွေကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

စာရေးမက ဆတ်ခနဲ မော့ကြည့်လာပြီး ...

"ဟဲ့ ... ဒါ ဘာလုပ်တာလဲ၊ ဒီမှာမပြီးသေးဘူး"

မိုးခက်က ဟီးခနဲရယ်ပြကာ မျက်နှာကို ရှူးသလိုပေါ်သလို လုပ်ရင်း ...

"အဟီး ... ဆောရီးနော်အစ်မ၊ ကျွန်တော် အဝေးသင်မပြောင်း တော့ဘူး။ ဒေး (Day) ပဲ ပြန်တက်တော့မယ် ... ရတယ်မဟုတ်လား"

စာရေးမမျက်နှာသည် ရုတ်ခြည်းဆိုသလို သုန်မှုန်ခြင်းများနှင့်

ပြည့်နှက်သွားကာ . . .

"ဟဲ့ အကောင် . . . နင့်ကို ခုနကမေးတော့ နောက်စရာမဟုတ်ဘူးဆို၊ ဘာလဲ . . . နင်က ငါ့ကို သိပ်အားတယ်များ ထင်နေလို့လား။ ဝတ္ထုရေးနှောင့်ယှက်မှုနဲ့ နင့်ကို မော်ကွန်းထိန်းနဲ့ သွား သွားတိုင် . . ."

မိုးခက်က ရှုးသလို ပေါ်သလို အမူအရာကို မလျှော့သေးဘဲ

"အစ်မကလည်း အဲဒီလို မလုပ်ရပါဘူးနော် . . . လိမ္မာပါတယ်၊ မောင်လေး နောက်သလိုဖြစ်သွားရင်တောင် ဘွာတေး ဘွာတေးလို့ . . . နော် အစ်မ"

ပြောပြီး ပြေးထွက်လာခဲ့၏။ စာရေးမ၏ စူပွပွ ငေါက်ငမ်းသံတွေက လေထဲမှာ လွင့်ကျန်ရစ်ခဲ့သည်။

"ဟာ ဟော့ကောင် မိုးခက် . . . နေပါဦးကွ၊ ဣန္ဒြေလေး ဘာလေး ဆယ်ပါဦး"

နောက်က ချက်ကြီး၏အော်သံကြားမှ ကိုယ်ရှိန်သတ်လိုက်ရသည်။ ပြီး လက်ထဲမှစာစောင်ကို ငုံ့ကြည့်ကာ ဟစ်ဘဝစာ ဖူလုံသွားစေမည့် ကြော်ငြာလေးကို ထပ်ဖတ်ကြည့်လိုက်သည်။

သံယောဇဉ်နေ့စဉ်စာစောင်ထဲရှိ တစ်ခုသောကြော်ငြာလေးက မိုးခက်ကို ပြုံးပြနေလေသည်။

■

## အမြန်အရောက်လာပါရန်

သင်ကျူးလွန်ခဲ့သော ပြစ်မှုများကို ကျေအေးခွင့်လွှတ်ပြီးပြီဖြစ်၍ ပြောရန်ကျန်နေသေးသော စကားအား ပြောရန် သက်သေများနှင့် တကွ အသင်မိုးခက် အမြန်လာရောက်ပါရန်။

မေငွေနှမိုး

လေးစားစွာ

မိုးစက်ခိုင်

၁၃၇၄ ခုနှစ်၊ နယုန်လဆုတ် ၈ ရက်

မနက် ၂ နာရီ ၃၅ မိနစ်